www.burmeseclassic.com

တက္ကသိုလ်

# နှောင်းဒေါင်

ဝမ်အင်း၏ ပိရွဲ့ကျန်တောဝင်း

## ရေခဲဓားနှင့်မီးလျှံဓား

ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ရေခဲဓားနှင့်မီးလျှံဓား

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

လွန်ခဲ့သော ဆယ်နှစ်ကာလဆီက ...

သိုင်းလောကတွင် ရေခဲဓားနှင့် မီးလျှံဓားဟူသော ဓားနှစ်လက် ထွက်ပေါ်လာခဲ့လေသည်။

ဤဓားနှစ်လက်ကို သိုင်းလောကထဲရောက်အောင် တီထွင်ပို့ဆောင်ပေးခဲ့သူမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ထိပ်သီးသိုင်းရာဇာကြီးတစ်ယောက်ဖြစ်သည့် ရေမီးဖိုမဇာတ် သိုင်းသမားကြီးကျန်းရိကျုံးပင် ဖြစ်သည်။

ရေခဲဓားနှင့် ဓားလျှံမီးတို့သည် သိုင်းထိပ်သီးများက အာရုံစိုက်လာရသည်အထိ အစွမ်းထက်မြက်ခဲ့လေသည်။

ထို့ကြောင့် ...

ကျန်းရိကျုံးအား သိုင်းလောကသားများက ပထမ လက်နက်ပါရဂူကြီးဟူ၍ တင်စားခေါ်ဝေါ်ကြ၏။

မိမိ၏အောင်မြင်မှုအတွက် ကျန်းရိကျုံးသည် ကြည်နူးဝမ်းသာ၍မဆုံးနိုင်အောင် ခံစားနေမိလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခြင်းဟူသည် လူသားတိုင်းက ရှုံးသွပ်စွာ မျှော်လင့်တောင့်တ လိုချင်တပ်မက်ကြသည့် ခံစားမှုတစ်ခုပင် မဟုတ်ပါလော။

သို့သော် အောင်မြင်ခြင်းနှင့် ဆုံးရှုံးခြင်းတို့သည် သီးခြားစီတည်ရှိနေကြသည်မဟုတ်ပါ။ အစဉ်အမြဲ ဒွန်တွဲလျက် ရှိနေကြသည်သာ။

သို့ဖြစ်ရာ မယုံကြည်နိုင်စရာ အံ့ဩတုန်လှုပ်ဖွယ်ကောင်းအောင် ချီးမွမ်းထောပနာပြုခံရသော အောင်မြင်ခြင်းမျိုးရရှိတိုင်း အခြားတစ်ဖက်တွင် အတိုင်းအဆမဲ့ ဆုံးရှုံးမှုရလဒ်သည် မထင်မှတ်နိုင်လောက်အောင် စောင့်ကြိုနေတတ်သည် မဟုတ်ပါလား။

ဆုံးရှုံးမှုကို မည်သူကမျှ လိုလားကြမည်မဟုတ်ပါ။

သို့သော် ရေမီးဗိုမတောတ်သိုင်းသမားကြီး ကျန်းရီကျုံးသည် နာကြည်းကြေကွဲဖွယ်ကောင်းအောင် ဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ရလေသည်။ .

အကြောင်းကား ...

သူတို့၏ မိသားစုအားလုံး အသတ်ခံရကာ 'ကျန်းဂေဟာ' တစ်ခုလုံး ပြာပုံတစ်ခုအဖြစ်သို့ ရောက်ရှိသွားခဲ့ရခြင်းကြောင့်ပင်။

လျှို့ဝှက်လူသတ်သမားများသည် သက်ဆိုင်ရာ အာဏာပိုင်များက သံသယဝင်နိုင်မည့်အခြေအနေနှင့်ပင် မရရှိအောင် သဲလွန်စ ဖျောက်ဖျက်ခဲ့ကြသည်။



လျှို့ဝှက်လူသတ်သမားများ၏ သဲလွန်စပျောက်ကွယ်သွားခြင်းနှင့်အတူ ရေခဲဓားနှင့် မီးလျှံဓားတို့မှာလည်း ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေသည်။

သို့ရာတွင် ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သော ဓားနှစ်လက်အနက် ရေခဲဓားသည် ယခုအခါ သိုင်းလောကထဲ၌ ပြန်လည်ထွက်ပေါ်လာခဲ့ချေပြီ။

ဤသို့ဆိုလျှင် ရေခဲဓားသည် မည်သို့သောနည်းဖြင့် ပြန်လည်ထွက်ပေါ်လာခဲ့ပါသနည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

### အပြိုင်ဆင်နွှဲ လေလံပွဲ

အန်တုမြို့ကလေးသည် စင်းကျန်နယ်နှင့် ဟန်ရယ်နယ်တို့၏ နယ်ခြားမြို့ကလေးတစ်မြို့ဖြစ်၏။

ထိုမြို့ကလေးတွင် နေထိုင်ကြသောလူများ လူမျိုးစုံလှ၏။ မြို့ကလေးမှာ ကျယ်ဝန်းလှသည်မရှိသော်လည်း အလွန်စည်ကားလှပေသည်။

နယ်ခြားမြို့ကလေးဖြစ်သည့်အလျောက် ကူးသန်းရောင်းဝယ်ရေးဖြစ်ထွန်းသဖြင့် မြို့ကလေးသေးငယ်သော်လည်း ဈေးတန်းကြီးက ကျယ်ဝန်းလှ၏။

ဆိုင်များကလည်း မျိုးစုံ၍ ပြည့်ကျပ်နေသည်။

အထူးသဖြင့် အန်တုမြို့သို့ရောက်လာကြသောလူများသည် အန်တုမြို့၏ ညဈေးတန်းကို စွဲမက်ကြမြဲဖြစ်လေသည်။

ညဈေးတန်းသည် လမ်းသွားလမ်းလာများ၊ ဈေးဝယ်ဈေး



သည်များ၊ စားသောက်ဆိုင်များ၊ လောင်ကစားအိမ်များ စသည်ဖြင့် ကြက်ပျံမကျ စည်ကားနေတတ်သည် မဟုတ်ပါလား။

ပစ္စည်းအသေးအမွှားမှစ၍ ပစ္စည်းကြီးကြီးမားမားများအထိ ရရှိနိုင်၏။

သို့ဖြစ်ရာ အန်တုမြို့သည် နေ့ဘက်ထက် ညဘက်အချိန်တွင် ပို၍ စည်ကားနေလေ့ရှိလေသည်။

ယနေ့ညအဖို့မူ ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေ၏။

ကြက်ပျံမကျ စည်ကားနေလေ့ရှိသော ညဈေးတန်းသည် ကြက်ပျောက်ငှက်ပျောက် ပျောက်နေသည်။

လမ်းသွားလမ်းလာလူများလည်းမရှိ၊ စားသောက်ဆိုင်များလည်းပိတ်ထားကြသည်။

ဤမျှမက အိမ်တိုင်းအိမ်တိုင်း တံခါးများပိတ်၍ မီးများပင် မှိတ်ထားကြသေး၏။

ထို့ကြောင့် ...

အန်တုမြို့ကလေးသည် ယနေ့ညတွင် ထိတ်လန့်ချောက်ချားဖွယ်ကောင်းအောင်ပင် မှောင်မည်းတိတ်ဆိတ်လျက်နေပေတော့သည်။

သို့ရာတွင် မြို့စွန်နားရှိ ကြီးမားကျယ်ဝန်းသော ခြံဝင်းကျယ်ကြီးတစ်ခု၌မူ မီးရောင်များဖြင့် ထိန်ထိန်လင်းလျက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုပါလျှင် ...

ဤခြံဝင်း၌ မည်သည့်ထူးခြားချက်များ ရှိနေပါသနည်း။

ဤခြံဝင်း၏ပိုင်ရှင်မှာ မည်သူဖြစ်ပါသနည်း။

✲



ခြံဝင်းသည် ကြီးမားကျယ်ဝန်းလှ၏။ ခြံဝင်းအလယ်တွင် တည်ဆောက်ထားသော အဆောက်အအုံမှာလည်း ကျယ်ဝန်းခန့်ညားလှပေသည်။

ထိန်ထိန်လင်းနေသော မီးရောင်များကြောင့် အဖိုးထိုက်တန်သော ပိုး၊ ဖဲကတ္တီပါဝတ်စုံတို့ကို ဝတ်ဆင်ထားကြသည့် လူမျိုးစုံတို့သည် အစောင့်အကြပ်ကင်းမဲ့စွာ ဖွင့်ထားသော ခြံဝင်းတံခါးမကြီးမှတစ်ဆင့် အဆောက်အအုံကြီးထဲသို့ လှမ်းဝင်နေကြသည်ကို တွေ့မြင်နေရ၏။

ထိုလူများ၏နောက်တွင် ကိုယ်ရံတော်များ၊ သေတ္တာများကို ကြိုးဖြင့်ဆိုင်းဆွဲထားသော ကြိုးအတွင်း ထမ်းပိုးများလျှို၍ လိုက်ပါလာကြသူများကို သူ့အစုနှင့်သူ တွေ့မြင်နေရလေသည်။

ဤသို့ဆိုပါလျှင် ထိုအဆောက်အအုံထဲ၌ ညွှန့်ခံပွဲတစ်ခု ကျင်းပနေပါသလော။

မဖြစ်နိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ဧည့်ခန်းတစ်ခုလုံး ဟာလာဟင်းလင်းဖြစ်နေပြီး စားပွဲကုလားထိုင်များ ချထားခြင်းမရှိသောကြောင့် ဖြစ်လေသည်။

အဖိုးထိုက်တန်သော အဝတ်အစားများကို ဝတ်ဆင်ထားကြသော လူများတို့သည် မိမိတို့အဖွဲ့နှင့်အတူ ဟိုတစ်စု သည်တစ်စုဖြင့် မတ်တတ်ရပ်လျက်ရှိနေကြ၏။

သူတို့သည် ဟိုတစ်စု သည်တစ်စု ပြန့်ကျဲသော မတ်တတ်ရပ်လျက်ရှိကြသော်လည်း စူးရှတောက်ပသည့် မျက်လုံးများကမူ ဧည့်ခန်းတံခါးဝသို့ တညီတညွတ်တည်း စုပြုံရောက်ရှိနေကြသည်။

ထိုမျက်လုံးများထဲတွင် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသည့်ဟန်မူရာများပေါ်လွင်နေလေ၏။

သူတို့သည် မည်သူ့အားစောင့်မျှော်နေကြပါသနည်း။

မည်သို့ဆိုစေ ဝန်းကျင်တစ်ခုလုံးမှာ ပကတိ တိတ်ဆိတ်ငြိမ်သက်နေလေတော့၏။

*



လေသည် တစ်ချက်တစ်ချက် ဖွေ့ယမ်းတိုက်ခတ်လာ၏။

လေနှင့်အတူ ဆီးနှင်းများကြွေလွင့်လာသဖြင့် အေးစိမ့်လာလေသည်။

သို့သော် အဆောက်အအုံထဲရှိလူများမှာ အေးစိမ့်မှုကို ခံစားရဟန် မတူပါချေ။

သူတို့သည် မလှုပ်မယှက်ရပ်ကာ ဧည့်ခန်းတံခါးဝဆီသို့ မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

အနီရောင်ပိုးအင်္ကျီကို ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ယောက်သည် စောင့်မျှော်နေရသည်ကို စိတ်မရှည်ဟန်ဖြင့် နံဘေးရှိ ကိုယ်ရံတော်ဘက်လှည့်ကာ

"လောက်ချင်း ... မင်းလူက ဟန်ပဲ့မလား"

လောက်ချင်းက တည်ကြည်သောမျက်နှာထားဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ သခင်ကြီး ... သူဟာ သတင်းရောင်းဝယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ အသက်မွေးလာတာ ကြာပါပြီ၊ သူ့ရဲ့သတင်းဟာ တစ်ကြိမ်တစ်ခါမှ လွဲချော်သွားတယ်လို့ မကြားဖူးပါဘူး”

သခင်ကြီးဆိုသူက မဲ့ပြုံးပြုံးလိုက်သည်။

“ဒါဆိုရင် ... အခု ကျုပ်တို့ သူ့အိမ်ကိုရောက်နေပြီ၊ ထွက်ပြီးချည့်ခံသင့်တာပေါ့၊ အနည်းဆုံး မအားမလပ်သေးလို့ ချည့်မခံနိုင်ဘူးဆိုရင်တောင်မှ ထိုင်စရာ ခုံကလေး၊ ဘာလေးတော့ ခင်းကျင်းထားသင့်တယ်”

မိမိသခင်ကြီး၏စကားမှာ သဘာဝကျသဖြင့် လောက်ချင်းသည် စောဒကမတက်ဝံ့တော့ချေ။

အခြားအဖွဲ့မှလူများကလည်း မကျေမနပ်တီးတိုးဝေဖန်ပြောဆိုကြရာ အသံဗလံများသည် တစ်စထက်တစ်စ ကျယ်လောင်လာလေတော့၏။

“ဟော့ ... ဝူးချီယန့်ဆိုတဲ့ကောင်က ရေခဲဓားလေလံတင်မယ်ဆိုတဲ့သတင်း လာရောင်းတယ်၊ တစ်ခါ ... လေလံတင်မယ့် နေရာဟာ သူ့အိမ်မှာလို့ပြောပြီး သတင်းပေးခ ထပ်တောင်းတယ်၊ အခုကျတော့ လိပ်လိုခေါင်းဖွက်ပြီး ပုန်းနေရသလား”

ရွှေရောင်ဝတ်စုံနှင့်လူက မကျေမနပ် အော်ဟစ်လိုက်၏။ ခရမ်းရောင်ဝတ်ဆင်ထားသော လူကလည်း

“ဟုတ်တယ် ... ကျုပ်တို့လည်း သူ့ကိုထိုက်ထိုက်တန်တန်



အခကြေးငွေပေးပြီး သတင်းယူခဲ့ရတာ၊ အခုတော့ ... သူ့အိမ်ရောက်တာ အချိန်မနည်းတော့ဘူး၊ သူ့ရဲ့အမြီးတောင် မတွေ့ရဘူး၊ တာဝန်မဲ့လွန်းအားကြီးတယ်”

အနီရဲရဲဝတ်ဆင်ထားသောလူကလည်း ဒေါသကြီးစွာဖြင့် အော်ဟစ်လိုက်လေ၏။

“ကျုပ်က ငွေကိုသိပ်ပြီး တန်ဖိုးထားတာမဟုတ်ဘူး၊ ထူးဆန်းပြီး အစွမ်းရှိတယ်ဆိုတဲ့ ရေခဲဓားကို ဒီနေရာမှာ လေလံတင်မယ်ဆိုလို့ မြောင်ဒေသကတောင်လာရတာ၊ သတင်းကိုလိမ်ရောင်းတာတော့ ခွင့်လွှတ်စရာအကြောင်းမရှိဘူး”

ပြောပြီး ဧည့်ခန်းထောင့်ဘက်တွင် အလှတင်ထားသော ကြွေပန်းအိုးကြီးတစ်လုံးကို လက်သီးဖြင့် ထိုးချလိုက်၏။

သို့သော် သူ၏လက်သီးသည် ကြွေပန်းအိုးကို မထိုးဖြစ်ခဲ့ပါချေ။

အကြောင်းကား ဧည့်ခန်းထဲသို့ လူတစ်ယောက်ဝင်ရောက်လာသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

ထိုလူကား တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုက်နက် ဒေါသတကြီးဆူညံစွာ အော်ဟစ်ပြောဆိုနေသော အသံများသည် မီးကိုရေနှင့်ဖျန်းလိုက်သည့်အလား ရုတ်ခြည်းငြိမ်သက်တိတ်ဆိတ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား အခြားလူ မဟုတ်ပါ။

အားလုံးသောလူများက မျှော်လင့်စောင့်စားနေကြသည့် သတင်းရောင်းသမား နတ်မျက်စိ ဂူးချီယန့်ပင် ဖြစ်လေသတည်း။

✲



ညှော်ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်သွား၏။

လေတိုက်သံနှင့် နှင်းမြူကျဆင်းသံတို့က ပို၍ကျယ်လာသယောင် ရှိသည်။

နတ်မျက်စိဂူးချီယန့်သည် အန်တုမြို့ကလေးတွင် အခြေစိုက်နေထိုင်ရင်း သတင်းရောင်းဝယ်ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းလာသူဖြစ်လေသည်။

ဤနေရာသည် လူမျိုးစုံရှိပြီး ကုန်သည်များ၊ သိုင်းလောကသားများ၊ အရောင်းအဝယ်သမားများဖြင့် စည်ကားရာဒေသဖြစ်သဖြင့် သူ၏လုပ်ငန်းနှင့်ကိုက်ညီလေသည်။

မကြာခဏဆိုသကဲ့သို့ ထူးဆန်းလျှို့ဝှက်သော သတင်းများရရှိနိုင်သဖြင့် သူ့အတွက် ရွှေမရှား၊ ငွေမရှားနေထိုင်ခဲ့ပြီး သူဌေးလေးဘွဲ့ကိုပင် ခံယူနိုင်ခဲ့လေသည်။

ယခုတစ်ကြိမ် သူသည် သတင်းရောင်းဝယ်ခြင်းအတွက် ငွေအဆမတန်ရလိုက်သည့်အပြင် ရေခဲဓားကိုယူဆောင်ရောင်းရမည့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်က လေလံရောင်းချမည့်အစုရှယ်ယာထဲမှ တစ်ဆယ်ရာခိုင်နှုန်းကို အပိုဆောင်းပေးဦးမည်ဟုဆိုထားသဖြင့် အတိုင်းမသိ ပျော်ရွှင်နေလေသည်။

ယင်းကြောင့် အစုရှယ်ယာများများရရှိနိုင်ရန် လျှို့ဝှက်ထူးဆန်းသော စွမ်းအင်ရှိသည့် ရေခဲဓားကို တန်ဖိုးကြီးကြီးရစေရန်အတွက် အစွမ်းကုန်ကြိုးစားမည်ဟု ဆုံးဖြတ်ထားလေသည်။

သူသည် ရေခဲဓားနှင့်ပတ်သက်၍ ရောက်ရှိလာကြသည့် သိုင်းထိပ်သီးများပို၍ အာရုံစိုက်လာကြစေရန် အချိန်ဆွဲထားပြီးမှ ယခုကဲ့သို့ ထွက်လာခဲ့ခြင်းဖြစ်၏။

သူကရောက်ရှိလာကြသော သိုင်းထိပ်သီးများကိုကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်မိလေသည်။

သူ၏မျက်လုံးထဲ၌ ထိပ်သီးသိုင်းသမားများကို မမြင်ပါ။ ငွေစက္ကူများကိုသာ မြင်ယောင်နေမိလေသည်။

ယခု ရောက်ရှိလာကြသော လူများနံဘေးရှိ သေတ္တာများထဲတွင် အနည်းဆုံးလျှံငွေဆယ်သိန်းထက်မနည်း ပါရှိလာလိမ့်မည်ဟု ယုံကြည်ထား၏။

ဤတစ်ကြိမ်တွင် မိုးနတ်မင်းက ကြီးမြတ်သော ကံတရားဖြင့် မိမိအား မျက်နှာသာပေးလိုက်သည်ဟုလည်း ယူဆနေမိလေသည်။



ဘဝတစ်ခုကို ပြောင်းလဲပေးနိုင်သော ဤအခွင့်အရေးကို သူ့အနေဖြင့် လက်လွှတ်မခံနိုင်ချေ။

ယင်းကြောင့် အလွန်ချမ်းသာကြွယ်ဝသော သိုင်းထိပ်သီးများကို ရေခဲဓား လေလံတင်မည်ဟု သတင်းရောင်းခဲ့ပြီး လာရောက်ကြည့်ရှုသူများမရှိစေရန် ယနေ့သ အန်တုမြို့သို့ သိုင်းထိပ်သီးများရောက်ရှိလာပါက ကြီးမားသောအန္တရာယ် ဖြစ်လာနိုင်ကြောင်း သတင်းဖြန့်လိုက်လေသည်။

နတ်မျက်စိဝူးချီပဇန့်၏သတင်းသည် တိကျမှန်ကန်ပြီး လွဲချော်မှုမရှိပါဟု အားလုံးသောလူများက ယူဆထားကြသည်။

ထို့ကြောင့်လည်း အန်တုမြို့သူမြို့သားတို့သည် မိမိတို့၏ အရောင်းအဝယ်ကိစ္စနှင့် သွားလာရေးကိစ္စများကိုပင် ဆောင်ရွက်ခြင်းမပြုတော့ဘဲ အိမ်တံခါးများပိတ်ကာ ထိတ်လန့်တုန်လှုပ်စွာဖြင့် ထူးခြားလာမည့်အခြေအနေကို တိတ်တဆိတ်နားစွင့်နေကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိဂူးချီယန့်သည် အားလုံးသောလူများကို မျက်လုံးဝေ့ကြည့်ကာ လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

“မင်္ဂလာရှိတဲ့ ညချမ်းပါခင်ဗျာ ... ဂုဏ်သရေရှိလူကြီးမင်းတို့အားလုံးရဲ့တန်ဖိုးရှိတဲ့အချိန်များအတွက် ကျုပ် ဂူးချီယန့်က တောင်းပန်ရင်း ဂါရဝပြုပါတယ်”

ခရမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားသောလူသည် မျက်နှာတစ်ချက်ရှုံ့မဲ့သွားကာ ...

“ဒီမှာ နတ်မျက်စိ ... ကျုပ်တို့က ရေခဲခေါးကြောင့် လာခဲ့ကြတာ၊ ဒါကြောင့် ရေခဲခေါးအကြောင်းပဲ ကြားချင်တယ်”

အနီရောင်ပိုးအင်္ကျီဝတ်ဆင်ထားသောသူကလည်း ...

“ဟုတ်တယ် ... ရေခဲခေါး ဘယ်မှာလဲ”

နတ်မျက်စိဂူးချီယန့်သည် ကျိတ်၍ပြုံးရင်း အခန်းဘက်သို့ မျက်နှာလှည့်ကာ လက်ခုပ်သုံးချက်တီးလိုက်လေသည်။

‘ဖြောင်း ဖြောင်း ဖြောင်း’



သူ၏လက်ခုပ်သံဆုံးသွားသည်နှင့် တစ်ပြိုင်နက် လူသန်ကြီးနှစ်ယောက်က အခန်းထဲမှထွက်လာကာ ဘေးတစ်ဖက်တစ်ချက်စီတွင် ရပ်တန့်လိုက်လေသည်။

နောက်ထပ် လူသန်ကြီးနှစ်ယောက်ကလည်း အခန်းထဲမှ ထပ်မံထွက်ပေါ်လာကာ နတ်မျက်စိဂူးချီယန့်၏နောက်တွင် ခြံရံ ကာ ရပ်တန့်လိုက်လေသည်။

နတ်မျက်စိဂူးချီယန့်က ကျေနပ်စွာပြုံး၍ လက်ခုပ်တစ်ချက်တီးလိုက်၏။

‘ဖြောင်း’

သူ၏လက်ခုပ်သံဆုံးသွားသည်နှင့်တစ်ပြိုင်နက် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်က အနီရောင်ကတ္တီပါဖြင့်ဖုံးအုပ်ထားသည့် သေတ္တာရှည်တစ်လုံးကို တစ်ဖက်တစ်ချက်စီမလျက် ထွက်လာကြလေသည်။

နတ်မျက်စိဂူးချီယန့်က ဧည့်ပရိသတ်များအား ဦးညွတ် ဂါရဝပြုရင်း မသိမသာမျက်လုံးဝေ့ကာ အကဲခတ်ကြည့်လိုက်သည်။

အားလုံးသောလူများ၏ မျက်လုံးအကြည့်က အနီရောင်ကတ္တီပါအုပ်ထားသော သေတ္တာလေးထံသို့ စုပြုံရောက်ရှိနေကြလေသည်။

ဂူးချီယန့် ကျေနပ်စွာပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေပုံကြီးသည် သူ၏ လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီ မဟုတ်ပါလား။

*



အားလုံးသောလူများသည် မျက်တောင်ခတ်ရန်ပင် မေ့လျော့နေကြသည့်အလား အနီရောင်ကတ္တီပါဖြင့် အုပ်ထားသော သေတ္တာရှည်အားစိုက်ကြည့်နေကြလေသည်။

နတ်မျက်စိဂူးချီယန်က နံဘေးတွင်ရပ်နေသော လူသန်ကြီးအား မျက်ရိပ်ပြလိုက်၏။

လူသန်ကြီးက တစ်ချက်ဦးညွတ်ကာ သေတ္တာရှည်လေးပေါ်မှ အနီရောင်ကတ္တီပါစကို ဖြည်းညင်းစွာဆွဲဖယ်လိုက်လေသည်။

ထိုအခါ ရွှေရောင်အနားသတ်များဖြင့် လှပတင့်တယ်သည့် သေတ္တာရှည်လေးတစ်လုံးကို တွေ့လိုက်ကြရလေသည်။

ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်က သေတ္တာအဖုံးကို ဖြည်းညင်းစွာပြိုင်တူဖွင့်လိုက်ကြလေသည်။

လူသန်ကြီးက အားလုံးသောလူများအား တစ်ချက်ဇွေကြည့်ကာ သေတ္တာထဲမှ ဓားတစ်လက်ကိုဆွဲထုတ်ပြီး လူအများမြင်သာအောင် ထောင်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးချီယန့်က ပြုံးချိုသောမျက်နှာထားဖြင့် အားလုံးသော လူများအား တစ်ချက်ဝေ့ကြည့်ကာ ...

"ဒီဓားကတော့ ရေမီးဖိုမဓာတ် သိုင်းရာဇာကျန်းရီကျုံး မူပိုင်တီထွင်ခဲ့တဲ့ ဓားတစ်လက်ပါ၊ ဒီဓားကြောင့် သိုင်းလောကသားအားလုံးက ကျန်းရီကျုံးကို လက်နက်ပါရဂူလို့ ဘွဲ့အပ်နှင်းခဲ့ကြတယ်၊ ယခုရောက်ရှိလာတဲ့ သိုင်းထိပ်သီးပုဂ္ဂိုလ်အားလုံး ကြားသိကြပြီးဖြစ်မှာပါ ခင်ဗျာ'

ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသောလူက ရှေ့သို့တိုးလာပြီး ရေခဲဓားအား စေ့စေ့ကြည့်လိုက်သည်။ ယင်းနောက် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အင်း ... ကျုပ်တို့ကြားဖူးခဲ့ပါတယ်၊ ရေခဲဓားဟာ အင်မတန် အစွမ်းထက်တယ်၊ ဒါပေမဲ့ ဒီဓားက မီးလျှံဓားနဲ့ပေါင်းစပ်ပြီး တိုက်ခိုက်ရသလိုပဲ၊ ကျုပ်က ဒီဓားရဲ့အစွမ်းကိုလေ့လာဖို့ ကြိုးစားတုန်းမှာပဲ ကျန်းရီကျုံးတို့မိသားစုသုံးယောက် ပြာပုံထဲရောက်သွားတယ်လို့ ကြားသိခဲ့ရတယ်လေ"

နတ်မျက်စိဂူးချီယန့်က ပြုံးလိုက်ပြီး ...

"တောင်ပိုင်းသိုင်းရာဇာကြီး ဟုန်လီ ခင်ဗျား ... ဆရာကြီးပြောတာ မှန်ပါတယ်၊ ရေခဲဓားနဲ့မီးလျှံဓားကို ပေါင်းစပ်လိုက်ရင် သိုင်းလောကမှာ ပြိုင်ဘက်မရှိအောင် အစွမ်းထက်တဲ့လက်နက်ဆန်း



ဖြစ်သွားမှာပါ၊ ဒါပေမဲ့ ရေခဲဓားတစ်လက်တည်းရဲ့ အစွမ်းကလည်း မသေးပါဘူး"

ဟုန်လီဆိုသူ မျက်မှောင်ကြုတ်သွားကာ ...

"ဆိုပါဦး ... ဘယ်လိုအစွမ်းထက်တာပါလိမ့်"

ထိုမေးခွန်းသည် ခန်းမထဲ၌ရှိသော လူအားလုံးက မေးမြန်းလိုသော မေးခွန်းတစ်ခုပင်ဖြစ်သည်။

ယင်းကြောင့် သူတို့အားလုံးက နတ်မျက်စိဂူးချီယန့်အား စူးစိုက်ကြည့်ကုန်ကြ၏။

သို့သော် နတ်မျက်စိဂူးချီယန့်က အဖြေမပေးပါ။ နံဘေးတွင် ရပ်နေသော လူသန်ကြီးအား လှည့်ကြည့်လိုက်သည်။

လူသန်ကြီးကဦးညွတ်ကာ အတွင်းခန်းသို့ လှမ်းဝင်သွားလေသည်။

ခဏအကြာတွင် အတွင်းခန်းထဲမှ ပြန်လည်ထွက်လာ၏။

သူ့နောက်တွင် မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားကြသော မိန်းကလေးရှစ်ယောက်က ပါရှိလာလေသည်။

၎င်းတို့သည် လေးယောက်စီခွဲ၍ ဘယ်ညာစီတန်းကာ သံမဏိစားပွဲခုံရှည်တစ်လုံးကို သယ်ဆောင်လာကြသည်။

စားပွဲပေါ်တွင်အငွေ့တထောင်းထောင်းထနေသောပိဿာချိန် တစ်ဆယ်ခန့်ရှိသော ရေခဲတုံးကြီးနှစ်တုံးပါရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် ရေခဲတုံးကြီးများတင်ထားသော စားပွဲကို အလယ်ကွက်လပ်တွင် ချထားလိုက်ကြလေသည်။

ရေခဲဓားကို ကိုင်ဆောင်ထားသည့် လူသန်ကြီးက ဓားကို မြှောက်၍ကိုင်ကာ စားပွဲအနီးသို့လျှောက်သွားပြီး ခြေစုံရပ်ကာ နတ်မျက်စိဂူးချီယန့်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် မျက်လုံးအကြည့်ကို ရေခဲတုံးပေါ်သို့ ပြောင်းရွှေ့လိုက်ပြီး ရေခဲတုံးပေါ်သို့တစ်ရှိန်ထိုး ခုတ်ချလိုက်လေသည်။

'ဝုန်း'

စားပွဲပေါ်ရှိ ရေခဲတုံးနှစ်တုံးသည် တိတိရိရိထက်ပိုင်းပြတ်သွားရုံမက သံမဏိစားပွဲမှာလည်း ထက်ခြမ်းပြတ်သွားလေသည်။

အားလုံးသောလူများ မျက်လုံးအစုံတွင် အံ့သြထိတ်လန့်သည့်ဟန်မူရာများပေါ်လွင်လာကြလေသည်။

ဧည့်ခန်းမကြီးတစ်ခုလုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွား၏။

နတ်မျက်စိဂူးချီယန့်က ကျေနပ်အားရစွာ ပြုံးလိုက်သည်။

တောင်ပိုင်းသိုင်းရာဇာကြီးဟုန်လီ၏အမေးစကားကို နှုတ်ဖြင့် အဖြေမပေးဘဲ လက်တွေ့ပြလိုက်ပြီ မဟုတ်ပါလော။

လူသန်ကြီးသည် ဓားကိုကြမ်းပြင်ပေါ်စိုက်ထားလိုက်ပြီး ဧည့်သည်တော်များအား တစ်ချက်ဦးညွတ်ကာ နတ်မျက်စိဂူးချီယန့်



၏ ညာဘက်ဘေး၌ ရိုကျိုးစွာရပ်တန့်နေလိုက်လေသည်။

တောင်ပိုင်းသိုင်းရာဇာကြီးဟုန်လီသည် ရေခဲဓားကို မက်မောစွာ စိုက်ကြည့်ရင်း ...

"နတ်မျက်စိ ... ကျုပ်က လျှံငွေနှစ်သိန်းပေးမယ်"

သူ၏စကားဆုံးသည်နှင့် အနီရောင်ပိုးအင်္ကျီဝတ်ဆင်ထားသော လူကြီးက လက်သုံးချောင်းထောင်ပြလိုက်သည်။

"ကျုပ် မြောင်မြို့စားလီက လျှံငွေသုံးသိန်းပေးမယ်"

နတ်မျက်စိ ဂူးချီယန့်က ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... သူရဲကောင်းလီကသုံးသိန်းပေးမယ်လို့ပြောနေတယ်၊ သူရဲကောင်လီနဲ့ ဈေးပြိုင်ပေးနိုင်မယ့်လူ ရှိပါသေးလားခင်ဗျာ"

ရွှေရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူက လက်ငါးချောင်းထောင်ပြလိုက်လေသည်။

"ကျုပ်က လျှံငွေငါးသိန်း"

အားလုံးသောလူများ ရုတ်တရက် ငြိမ်သက်သွားကြ၏။

ရွှေရောင်ဝတ်စုံဝတ်ဆင်ထားသောလူက နတ်မျက်စိဂူးချီယန့်အား စိုက်ကြည့်လိုက်၏။

"နတ်မျက်စိ ... ဒီလောက်ဆိုရင် ကျုပ်နဲ့ယှဉ်ပြိုင်ပြီးခေါ်လံဆွဲနိုင်မယ့်လူ မရှိတော့ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိဂူးချီယန့်က ပြုံး၍လက်ကာပြလိုက်သည်။

"ဒီအခန်းထဲမှာရှိတဲ့ သူ့ရဲကောင်းတွေက ရေခဲတားရဲ့အစွမ်းကို သေချာမမြင်တွေ့ရသေးလို့ အခုလိုစျေးပေးဖို့ ဝန်လေးနေကြတာပါ"

သူက နံဘေးရှိ လူသန်ကြီးအား လှည့်ကြည့်လိုက်သည်။

"ထိချူး ... ရေတစ်ပုံး သွားယူခဲ့စမ်း"

ထိချူးဆိုသော လူသန်ကြီးက ခြေလှမ်းသုတ်သုတ်ဖြင့် လှမ်းထွက်သွား၏။

ခဏအကြာတွင် ရေတစ်ပုံးကို ရေအပြည့်ထည့်၍ ဆွဲလာသည်။

နတ်မျက်စိဂူးချီယန့်က သူ့လက်ထဲမှ ရေပုံးကိုလှမ်းယူကာ ရေခဲတား၏ တားရိုးမှတစ်ဆင့် ဖြည်းညင်းစွာလောင်းချလိုက်လေသည်။

"ဟာ"

"ဟင်"

"ဟယ်"

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းစသည့် ခံစားမှုများကြောင့် အာမေဋိတ်သံများထွက်ပေါ်လာကြလေသည်။

အဘယ်ကြောင့်ဆိုသော် ...



လောင်းချလိုက်သောရေများသည် တားတွင်ထိကပ်မိလိုက်သည်နှင့် တစ်ပြိုင်နက် ဆက်လက်စီးဆင်းသွားခြင်းမရှိဘဲ ရေခဲတုံးဘဝသို့ ပြောင်းလဲသွားခြင်းကြောင့်ပင် ...။

*

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က လျှံ့ငွေ ခြောက်သိန်းပေးမယ်"

"ကျုပ်က လျှံ့ငွေ ရှစ်သိန်းပေးမယ်"

"ကျုပ်က လျှံ့ငွေ ဆယ်သိန်းပေးမယ်"

ထိုစကားများသည် နတ်မျက်စိဂူးချီယန့်၏ မျက်လုံးကို ပြူးကျယ်သွားစေလေသည်။

လျှံ့ငွေဆယ်သိန်းနှင့် အရောင်းအဝယ်ဖြစ်ပါက လျှံ့ငွေတစ်သောင်းသည် မိမိ၏ခံစားပိုင်ခွင့်ဖြစ်နေချေပြီ။

သူ ထခုန်မတတ် ဝမ်းသာသွား၏။

ယင်းကြောင့် လျှံ့ငွေဆယ်သိန်းပေးသည့်လူအား ဧည့်သည်တော်များကြား မျက်လုံးဝေ့ကာ အပြေးအလွှားရှာဖွေကြည့်လိုက်သည်။

ထိုအခါ လက်ဝါးနှစ်ဖက်ကိုမြှောက်လျက် လက်ဆယ်ချောင်းထောင်ပြထားသော အမျိုးသားတစ်ယောက်ကိုတွေ့လိုက်ရလေသည်။



နတ်မျက်စိဂူးချီယန့် လက်နှစ်ဖက်ဆုပ်ကာ ကမန်းကတန်း ဦးညွှတ်လိုက်သည်။

"သိမ်းငှက်သူရဲကောင်းဆင်ကီးကို လေးစားပါတယ်ဗျာ၊ ကျုပ်က မိတ်တွေနဲ့ယှဉ်ပြိုင်ပြီး ရေခဲဓားကိုလေလံတင်ဈေးဖြင့် ဝယ်ယူနိုင်မယ့် ပုဂ္ဂိုလ်ကြီးများရှိနေဦးမလားလို့ မေးပါရစေဦး"

သိမ်းငှက်သူရဲကောင်းဆင်ကီးက ရယ်မောလျက် ခေါင်းညိတ်လိုက်လေသည်။

"မေးပါဗျာ မေးပါ"

နတ်မျက်စိဂူးချီယန့်က အားလုံးသောလူများအား မျက်လုံးဝေ့ကြည့်လိုက်လေသည်။

"သိမ်းငှက်သူရဲကောင်းက လျှံ့ငွေဆယ်သိန်းပေးပါတယ်ခင်ဗျာ၊ ဒါကြောင့် သူရဲကောင်းတွေထဲက လျှံ့ငွေဆယ်သိန်းထက်ပိုပေးဝယ်နိုင်မယ့်လူများရှိပါသေးလား"

အားလုံးသောလူများ တုတ်တုတ်မျှမလှုပ် တိတ်ဆိတ်နေ၏။

သိမ်းငှက်သူရဲကောင်း ဆင်ကီးက ခေါင်းမော့ကာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ပြောပါ ပြောပါ၊ ကျုပ်ထက်ပိုပြီး ပေးနိုင်တဲ့လူရှိရင် ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ လှုပ်ရှားလာခြင်းမရှိပါ။

အတန်ကြာသည်အထိ ထူးခြားမှုမရှိသောအခါ နတ်မျက်စိပူးချီယန့်က သိမ်းငှက်သူ့ရဲကောင်း ဆင်ကီးအား ဦးညွှတ်လိုက်၏။

"သိမ်းငှက်သူရဲကောင်းခင်ဗျာ ... ဒီလေလံတင်ပွဲမှာ သိမ်းငှက်သူရဲကောင်းက ဈေးအများဆုံးပေးထားပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

နတ်မျက်စိပူးချီယန့်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ဒီဓားရဲ့ပိုင်ရှင်က လျှံငွေဆယ်သိန်းနဲ့ ဓားကိုပေးနိုင် မပေးနိုင် မေးပါရစေဦး"

သိမ်းငှက်သူရဲကောင်းဆင်ကီးက ပြုံးလိုက်သည်။

သူသည် ဓားပိုင်ရှင်က မည်သည့်နည်းနှင့်မဆို လျှံငွေဆယ်သိန်းနှင့် ရောင်းချလိမ့်မည်ဟု ယုံကြည်ထား၏။

"ကောင်းပြီ ... မေးပါ၊ လျှံငွေဆယ်သိန်းနဲ့ ရောင်းမလားဆိုတာမေးပါ"

"ဝမ်းနည်းပါတယ် ... ဒီရေခဲဓားဟာ အင်မတန်အစွမ်းထက်မြက်တဲ့ဓားတစ်လက်ဖြစ်လို့ လျှံငွေဆယ်သိန်းနဲ့ မရောင်းနိုင်ပါဘူး"

ဤစကားကို နတ်မျက်စိပူးချီယန့်က ပြောလိုက်ခြင်းမဟုတ်



ပါ။ ဧည့်ခန်းဆောင်ထဲရှိ ဧည့်သည်တော်များကလည်း ပြောလိုက်ခြင်းမဟုတ်ပါ။

ဤသို့ဆိုလျှင် ထိုစကားကို ပြောလိုက်သူမှာ မည်သူဖြစ်မည်နည်း။

အားလုံးသောလူများသည် ထိုစကားသံထွက်ပေါ်လာရာသို့ ပြိုင်တူလှည့်ကြည့်မိလိုက်ကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံ၏အပြင်ဘက် မနီးမဝေးတွင် အကာအရံမဲ့နားနေဆောင်လေးတစ်ခုရှိလေသည်။

ထိုအဆောင်လေးထဲတွင် ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်နှင့် အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်တို့ထိုင်လျက် စစ်တုရင်ထိုးနေကြသည်။

သူတို့နှစ်ယောက်သည် စစ်တုရင်ခုံပေါ်တွင် အာရုံစိုက်လျက်ရှိကြပြီး ညွှန်မဆီသို့ တစ်ချက်ကလေးမျှပင် လှမ်းမကြည့်ကြချေ။

သို့သော် ...

အားလုံးသောလူများက စကားပြောလိုက်သူမှာ ထိုအဘိုးအိုနှစ်ယောက်အနက် တစ်ယောက်ဖြစ်လိမ့်မည်ဟု သိရှိနေကြလေသည်။

သိမ်းငှက်သူရဲကောင်းဆင်ကီးက အဘိုးအိုနှစ်ယောက်အားစူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။



"ခင်ဗျားတို့က ဘယ်သူတွေလဲ ... ဘာဖြစ်လို့ အခုလိုပြောနိုင်တာလဲ"

အဘိုးအိုနှစ်ယောက်က သူ့အား လှည့်ပင်မကြည့်ချေ။ စစ်တုရင်ခုံပေါ်တွင်သာ အာရုံစိုက်နေကြ၏။

သိမ်းငှက်သူရဲကောင်း ဆင်ကီးက အဘိုးအိုနှစ်ယောက်၏ ဟန်မူရာကြောင့် ခံပြင်းလာကာ

"ပြောစမ်း ခင်ဗျားတို့က ဘယ်သူတွေလဲ"

ပြောပြီး ထိုအဘိုးအိုနှစ်ယောက်ထံသို့ လျှောက်သွားရန်ဟန်ပြင်လိုက်လေသည်။

နတ်မျက်စိဂူးချီယန့်က သူ့ရှေ့သို့ရောက်ရှိလာကာ လက်နှစ်ဖက်ဆုပ်၍ ကပျာကယာဦးညွှတ်လိုက်သည်။

"သိမ်းငှက်သူရဲကောင်းခင်ဗျာ သူတို့က ဒီရေခဲစားရဲ့ ပိုင်ရှင်တွေပါ"

သိမ်းငှက်သူရဲကောင်းဆင်ကီး၏မျက်ခုံးအစုံက ပင့်တက်သွားသည်။ အခန်းတွင်းရှိ လူအားလုံးလည်း အံ့သြသွားကြလေသည်။ သူတို့သည် ထိပ်သီး သိုင်းသမားများဖြစ်ကြ၏။

ယင်းကြောင့် မည်သည့်နေရာဒေသကိုမဆို စတင်ရောက်ရှိသွားသည်နှင့် ဝန်းကျင်တစ်ခုလုံး၏အခြေအနေကို စေ့စေ့စပ်စပ်တွေ့မြင်ထားပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခြံဝင်းတံခါးဝမှတစ်ဆင့် ဤနေရာသို့ဖြတ်သန်းလျှောက်လာကြစဉ်က ထိုအဘိုးအိုနှစ်ယောက် စစ်တုရင်ထိုးနေကြသည်ကို မမြင်တွေ့ခဲ့ရချေ။

ဤသို့ဆိုလျှင် စစ်တုရင်ထိုးနေကြသော အဘိုးအိုနှစ်ယောက်သည် ဤနေရာသို့ မည်သည့်အချိန်က ရောက်ရှိနေကြပါသနည်း။

အားလုံးသောလူများသည် သူတို့နှစ်ယောက်အားကြည့်ကာ ငေးငိုင်တွေဝေသွားကြကုန်၏။

ထိုစဉ် သိမ်းငှက်သူရဲကောင်းဆင်ကီးသည် ဒေါသကြီးစွာဖြင့် နတ်မျက်စိဂူးချီယန့်အား စိုက်ကြည့်ကာ

"နတ်မျက်စိ သူက ဒီဓားပိုင်ရှင် ဟုတ်လား"

နတ်မျက်စိဂူးချီယန့်က ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် ခင်ဗျားက ဒီဓားကိုလှျံငွေဆယ်သိန်းနဲ့ ကျုပ်ကို မရောင်းနိုင်ဘူးပေါ့ ဟုတ်လား"

သိမ်းငှက်သူရဲကောင်းဆင်ကီးက မေးလိုက်ရာ နတ်မျက်စိဂူးချီယန့်မှာ အခက်ကြုံသွားရလေသည်။

"ဒါ ဒါ"

သူ၏စကားမဆုံးမီ သိမ်းငှက်သူရဲကောင်းဆင်ကီးက ကြားဖြတ်အော်ငေါက်လိုက်၏။



"နတ်မျက်စိ လေလံတင်ပွဲဆိုတာ ဈေးနှုန်းကန့်သတ်မှုမရှိဘဲ အမြင့်ဆုံးဈေးပေးဝယ်တဲ့လူကို ပစ္စည်းရောင်းချရတဲ့စည်းကမ်းရှိပါတယ်"

နတ်မျက်စိဂူးချီယန့်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"ဟုတ် ဟုတ်ပါတယ်၊ ဒါပေမဲ့ ခက်တာက ပစ္စည်းပိုင်ရှင်က ကျုပ်မဟုတ်တော့"

သိမ်းငှက်သူရဲကောင်းဆင်ကီးက မဲ့ပြုံးပြုံးကာ

"နတ်မျက်စိ လေလံပွဲမှာ ဈေးအမြင့်ဆုံးပေးပါလျက်ပစ္စည်းမရောင်းချချင်တဲ့လူတစ်ယောက်နဲ့ လက်တွဲပြီး စီးပွားရှာလာတာ ခင်ဗျားအနာဂတ်အတွက် ဘယ်လောက်ထိခိုက်နစ်နာနိုင်တယ်ဆိုတာ သိရဲ့လား"

နတ်မျက်စိဂူးချီယန့်၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာလေသည်။

သူသည် ဘဝတစ်သက်တာတွင် သတင်းရောင်းဝယ်ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သူဖြစ်သည်။

သူ့ထံမှရယူသောသတင်းသည် မည်သည့်အခါမျှ လွဲချော်မှုမရှိခဲ့ချေ။

ထို့ကြောင့် သူ၏ပါးစပ်တစ်ချက်လှုပ်လိုက်သည်နှင့် ငွေပုံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ပုံက သူ့ရှေ့သို့ ပုံအောရောက်ရှိလာမြဲဖြစ်လေသည်။

ယခုတစ်ကြိမ်တွင် သူသည် သတင်းရောင်းချမှုနှင့်အတူ ရေခဲဓားရောင်းဝယ်မှုကို ပထမဦးဆုံးအကြိမ် စတင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်၏။

ဤတစ်ကြိမ် သူ၏လုပ်ဆောင်ချက် လွဲချော်သွားပါက လာမည့်အနာဂတ်ကာလတွင် မည်သူတစ်ဦးတစ်ယောက်ကမှ သူ၏ စကားကို ဂရုစိုက်တော့မည်မဟုတ်ပါ။

သူသည် ယင်းအချက်ကို သဘောပေါက်နားလည်မိသည် နှင့်တစ်ပြိုင်နက် အကြီးအကျယ်ထိတ်လန့်သွားရတော့၏။

သိမ်းငှက်သူရဲကောင်းဆင်ကီးက အေးတိအေးစက်လေသံ ဖြင့် စကားဆက်လိုက်သည်။

"ခင်ဗျားရဲ့အနာဂတ်လှပစေချင်ရင် အခုလေလံတင်တဲ့ ဈေးကွက်မှာ အမြင့်ဆုံးဈေးပေးနိုင်တဲ့ ကျုပ်လက်ထဲကို ရေခဲဓားအပ်နှံဖို့ ခင်ဗျားမကြိုးစားသင့်ဘူးလား"

ထိုစကားသည် နတ်မျက်စိဝူးချီယန့်အား ချွေးပြန်စေ၏။

သူသည် အကာအရံမဲ့အဆောင်ဆီသို့ လှမ်းကြည့်လိုက်မိ သည်။

စစ်တုရင်ထိုးနေကြသော အဘိုးအိုနှစ်ယောက်အနက် ရွှေဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက သက်ပြင်းတစ်ချက်ချကာ...



"အင်း ... ဒီကနေ့ စစ်တုရင်ဆက်ကစားလို့ မဖြစ်တော့ပါဘူး၊ ဒါကြောင့် ကျုပ်တို့ သရေပွဲနဲ့ပဲ ရပ်တန်ကရပ်လိုက်ရင် ကောင်းမယ်"

ပြောပြီး ပျင်းရိပျင်းတွဲဖြင့် ထရပ်လိုက်သည်။ ရှည်လျားပိန်လှီသော သူ၏ခန္ဓာကိုယ်သည် ဝါးလုံးတစ်လုံးကို အဝတ်ဖြင့်ပတ်ထားသည့်အလား ပေါ်လွင်နေ၏။

သူသည် အဖော်ဖြစ်သူအဘိုးအို၏ပခုံးကို တစ်ချက်ပုတ်ကာ ဧည့်ခန်းမဆောင်ကြီးဆီသို့ တစ်လှမ်းချင်းလျှောက်လာလေ တော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုသည် ဧည့်ခန်းမကြီးထဲသို့ တစ်လှမ်းချင်းလျှောက်ဝင်လာ၏။

သူ၏မျက်နှာသည် အေးတိအေးစက်ဖြင့် ဟန်မူရာကင်းမဲ့လှသည်။ အားလုံးသောလူများက သူ့အား အကဲခတ်ကြည့်နေကြ၏။

ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုက သိမ်းငှက်သူရဲကောင်းဆင်ကီးထံသို့ လျှောက်သွားကာ လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး

"သိမ်းငှက်သူရဲကောင်း ... ကျုပ်က ဒီရေခဲဓားကို လေလံတင်ခဲ့တာမှန်ပေမယ့် လျှို့ဝှက်ဆယ်သိန်းလောက်နဲ့တော့ မရောင်းနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရေခဲဓားဟာ လျှို့ဝှက်ဆယ်သိန်းမကတန်လို့ပါ"

"ဒါဆိုရင် ဘာဖြစ်လို့ အစကတည်းက လေလံတင်ရတာလဲ၊ ကိုယ်ကြိုက်တဲ့ဈေးနဲ့ ရောင်းလိုက်ပါလား"



ဆင်ကီး၏အသံက တင်းမာခက်ထန်နေသည်။ ရွှေဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက သက်ပြင်းချရင်း ...

"အင်း ... နောက်ဆုံး မဖြစ်နိုင်ခဲ့ရင်တော့ ကျုပ်က ဒီရေခဲဓားကိုလေလံဈေးကွက်မှာ အမြင့်ဆုံးဈေးပေးနိုင်တဲ့ ခင်ဗျားကိုပဲ ရောင်းချရမှာပါ"

သိန်းငှက်သူရဲကောင်းဆင်ကီး ကျေနပ်သွားဟန်တူ၏။ ခေါင်းတစ်ချက်ညိတ်ကာ ရင်ကော့လိုက်ပြီး ...

"ဒါဟာ အမှန်တရားပါပဲ၊ တန်သည်ဖြစ်စေ, မတန်သည်ဖြစ်စေ လေလံတင်ပြီးရင်တော့ အမြင့်ဆုံးဈေးပေးတဲ့လူကို ရောင်းရမှာပေါ့"

ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ ကျုပ်က ဒီရေခဲဓားကို လျှို့ဝှက်ဆယ်သိန်းနဲ့ မရောင်းနိုင်ဘူးလို့ ပြောခဲ့တာဟာ ရေခဲဓားနဲ့ လျှို့ဝှက်ဆယ်သိန်း လဲလှယ်ဖို့ဟာ မတန်ဘူးဆိုတာ သိနေလို့ပါ"

အားလုံးသောလူများက သူ၏စကားကြောင့် မျက်မှောင်ကြုတ်သွားမိလေသည်။

ရွှေဝါရောင်ဝတ်စုံနှင့်အဘိုးအိုက နတ်မျက်စိ ဂူးချီယန့်ဘက်သို့ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နတ်မျက်စိ ... ကျေးဇူးပြုပြီး ကျုပ်ကို ခင်ဗျားရဲ့လက်နက်ပုန်းတွေထဲက သံမဏိအပ်ကလေးတစ်ချောင်းပေးပါ"

နတ်မျက်စိဝူးချီယန့်မှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော် ချက်ချင်းပင် အင်္ကျီအိတ်ထဲမှ သံမဏိအပ်ကလေးတစ်ချောင်းကို ထုတ်ယူကာ လှမ်းပေးလိုက်၏။

ရွှေဝါရောင်ဝတ်စုံနှင့် အဘိုးအိုက အပ်ကလေးကို လက်ညှိုး၊ လက်မတို့ဖြင့်ညှပ်ယူလှည့်ပတ်ကြည့်လိုက်ပြီးနောက်

"အင်း ... ဒီသံမဏိအပ်ကလေးက သေးငယ်ပေမယ့် လက်နက်ပုန်းပညာ ထိပ်သီးအဆင့်ရှိတဲ့ နတ်မျက်စိလက်ထဲမှာဆိုတော့ လူတစ်ယောက်ရဲ့ဝိညာဉ်ကို အလွယ်တကူခြွေယူနိုင်မှာ သေချာတယ်"

သူသည် ယင်းသို့ပြောဆိုပြီးနောက် ကြမ်းပြင်ပေါ်စိုက်ထားသော ရေခဲဓားကို ဆတ်ခနဲဆွဲထုတ်ကာ လျှပ်တစ်ပြက် ခုတ်ချလိုက်၏။

'ဝှစ်'

အလင်းရောင်တန်းတစ်ချက် ဝင်းလက်သွားပြီး ရေခဲဓားသည် သံမဏိအပ်ကလေးအား ထက်ခြမ်းကွဲသွားစေလေသည်။

အားလုံးသောလူများမှာ ပါးစပ်အဟောင်းသားဖြစ်ကာ ရွှေ



ဝါရောင်ဝတ်စုံနှင့် အဘိုးအိုလက်ထဲမှ ထက်ခြမ်းကွဲနေသော သံမဏိအပ်ကလေးကို ပြူးကျယ်သောမျက်လုံးများဖြင့် စိုက်ကြည့်ရင်း အသက်ရှူရန်ပင် မေ့လျော့ကုန်ကြတော့သည်။

ထိုစဉ်မှာပင် အဆောက်အအုံ၏အပြင်ဘက်မှ မိန်းကလေးတစ်ယောက်၏ ချိုလွင်သော ရယ်မောသံတစ်သံထွက်ပေါ်လာလေသည်။

အားလုံးသောလူများသည် သံမဏိအပ်ကလေးအား ငေးငိုင်ကြည့်နေရာမှ ရယ်မောသံထွက်ပေါ်လာရာသို့ ချာခနဲ လှည့်ကြည့်လိုက်မိကြလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

### မင်းသားလေးကောင်းကန်း

အပြင်ဘက်၌ နှင်းမြူများ တဖွဲဖွဲကျဆင်းလျက်ရှိသည်။

အအေးဓာတ်က တစ်စထက်တစ်စ လွန်ကဲလာပြီဖြစ်သည်။ အဆောက်အအုံထဲရှိ လေထုများပင် အေးစိမ့်လာ၏။

ဖျော့တော့သောအလင်းရောင်အောက်တွင် အဖြူရောင် လူရိပ်တစ်ရိပ် သူတို့ထံ တဖြည်းဖြည်း ရွေ့လျားလာနေလေသည်။

တစ်ခဏအကြာတွင် အသက်နှစ်ဆယ်ကျော်ခန့် လူရွယ် တစ်ယောက်က အဆောက်အအုံ၏တံခါးဝဆီသို့ ရောက်ရှိလာလေ သည်။

သူ၏ခန္ဓာကိုယ်ပေါ်တွင် အဖြူရောင်သိုင်းဝတ်စုံကို လှပ စွာဝတ်ဆင်ထား၏။

မျက်နှာမှာ ချောမွတ်ပြီး ခန့်ညားလှ၏။ မိန်းမဆန်သော အလှပင်ဖြစ်သည်။ သို့မဟုတ် မိန်းမချောချောသည်ဟုဆိုရပေမည်။



သိမ်းငှက်သူရဲကောင်းဆင်ကီးသည် ထိုလူရွယ်အား တွေ့ လိုက်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သွား၏။

“မင်းသားလေး ကောင်းကန်း”

နှုတ်မှလွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းသည် ပြုံး၍ အဆောက်အအုံထဲသို့ ဝင်လာလေသည်။ မည်သူ့ကိုမျှ မကြည့်ပါ။

ရွှေဝါရောင် ဝတ်ဆင်ထားသောလူ၏ လက်ထဲမှ ထက်ခြမ်းကွဲနေသော သံမဏိအပ်ကလေးကို အနီးကပ်ကြည့်လိုက်သည်။

"အင်း ... ကျွတ် ကျွတ် ... တကယ်ကြောက်စရာကောင်းတဲ့ ရေခဲစားပဲ၊ ဒီလောက်သေးငယ်တဲ့ သံမဏိအပ်ကလေးကိုတောင် ထက်ခြမ်းကွဲစေတယ်ဆိုတော့"

သူ၏စကားမဆုံးမီ အလွန်ချိုလွင်သော ရယ်မောသံထွက်ပေါ်လာလေသည်။

"ခစ် ခစ် ခစ် ... မင်းသားလေးကောင်း ရှင်က ရေခဲစား လေလံတင်ရောင်းချမယ့် အဆောက်အအုံကိုတွေ့တာနဲ့ပဲ ကျွန်မကို ထားခဲ့ပြီး ထွက်ပြေးရသလား"

အားလုံးသောလူများသည် အသံလာရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ရာ ပန်းနုရောင်ဝတ်ဆင်ထားသော အသက်နှစ်ဆယ်ခန့်



ရှိ မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ဖွံ့ဖြိုးတင်းရင်းသော ခန္ဓာကိုယ်အလှသည် ပါးလွှာသော ဝတ်စုံများကြားမှ ခေါင်းပြူထွက်နေလေ၏။

ခန္ဓာကိုယ်မှ မွှေးကြိုင်သောရနံ့များက ညှို့ခန်းမထဲရှိ လူအများ၏နှာခေါင်းထဲ တိုးဝှေ့ ဝင်ရောက်လာသည်။

လူအားလုံးသည် မိန်းကလေးကို ငေးငိုင်ကြည့်ကာ မှင်တက်မိကုန်ကြ၏။

မိန်းကလေးက ခန္ဓာကိုယ်လှုပ်လီလှုပ်လဲ့ဖြင့် မင်းသားလေးကောင်းကန်းအနီးသို့ လျှောက်လာလေသည်။

"ဘယ်လိုလဲ ... အခု ရေခဲစားကို လေလံဆွဲမယ့် ဈေးနှုန်းပြောပြီးပြီလား"

သူမ၏အသံက ချိုလွင်ပြီးဆွဲဆောင်မှုရှိလှသည်။ မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ကျုပ် အခုပဲ ဈေးနှုန်းပြောမလို့ပဲ၊ မင်းရောက်လာလို့ စကားပြတ်သွားတာ"

မိန်းကလေးက လှပစွာပြုံးလိုက်သည်။

"ဟုတ်လား ... ကျွန်မအထင်တော့ ရှင်က သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ ရေခဲစားကို လျှံငွေဆယ်သိန်းပေးမယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းက ခေါင်းခါယမ်းလိုက်သည်။

သူက ရွှေရောင်ဝတ်စုံနှင့် အဘိုးအိုဇာ၏လက်ထဲမှ ရေခဲဓားကို မျက်လုံးဝေ့ကြည့်ကာ ...

"ဒီလောက်အစွမ်းထက်တဲ့ဓားမျိုးဟာ အနည်းဆုံး လျှံငွေသိန်းနှစ်ဆယ်လောက် တန်ပါတယ်"

လျှံငွေသိန်းနှစ်ဆယ်ဟူသောစကားကြောင့် ခန်းမထဲရှိ လူအားလုံး ထခုန်မတတ် ထိတ်လန့်သွားကြလေသည်။

အကြောင်းကား ...

သိန်းနှစ်ဆယ်ဟူသော ငွေကြေးပမာဏသည် ပီကင်းမြို့တော်တစ်ခုပင် ဝယ်ယူနိုင်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် သူတို့အားလုံးက မင်းသားလေးကောင်းကန်းအား ပြူးကျယ်သောမျက်လုံးအစုံဖြင့် ကြည့်မိကြလေသည်။

မိန်းကလေးက ရယ်မောလိုက်သည်။

"ခစ် ခစ် ခစ် ... ရှင်ကတော့ တကယ်ပါပဲရှင်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အကောင်းဆုံးအရာမှန်သမျှ ပိုင်ဆိုင်ဖို့ လူဖြစ်လာတဲ့အတိုင်းပဲ"

သူမက နတ်မျက်စိဂူးချီယန့်အား မျက်ဝန်းလေးထောင့်ကပ်ကြည့်ကာ

"သူကသာ လျှံငွေသိန်းနှစ်ဆယ်ပေးပြီးဝယ်မယ်ဆိုရင် သူ့ကိုယှဉ်ပြိုင်ပြီး လေလံဆွဲနိုင်တဲ့လူ ဒီလောကမှာ ရှိမယ်မထင်တော့ဘူး"



နတ်မျက်စိဂူးချီယန့်သည် ပြူးကျယ်သောမျက်လုံးအစုံဖြင့် မင်းသားလေးကောင်းကန်းအားကြည့်နေရာ မိန်းကလေး၏စကားကြောင့် အိပ်မက်မှ လန့်နိုးလာသူပမာ ပြန်လည်သတိဝင်လာလေသည်။

ကမန်းကတန်းခေါင်းညိတ်ကာ ...

"ဟုတ် ဟုတ်ပါတယ် ... မင်းသားလေးကောင်း ရောက်ရှိလာမှတော့ ရေခဲဓားဟာ မင်းသားလေးကောင်းအတွက်ပဲ ဖြစ်ရတော့မှာပေါ့"

မင်းသားလေးကောင်းကန်းက အားပါးတရရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ခင်ဗျားမဆိုးဘူး၊ ကျုပ် မင်းသားလေး ကောင်းဟာ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အကောင်းဆုံးအရာတွေရဲ့ အရှင်သခင်ဆိုတာ သဘောပေါက်လွယ်သားပဲ"

နတ်မျက်စိဂူးချီယန့်ကလည်း ရယ်မောလိုက်သည်။

သူသည် ရေခဲဓားအား မင်းသားလေးကောင်းကန်းက လျှံငွေသိန်းနှစ်ဆယ်ပေး၍ ဝယ်ယူသဖြင့် မိမိအတွက်ရရှိလာမည့် ရှယ်ယာငွေကို စိတ်ထဲမှကျိတ်၍ တွက်ချက်ရင်း ပျော်ရွှင်ကြည်နူးစွာရယ်

www.burmeseclassic.com

www.burmeseclassic.com



မောလိုက်ခြင်းဖြစ်သည်။

ထိုစဉ် သိမ်းငှက်သူရဲကောင်းဆင်ကီးသည် လက်နှစ်ဖက် ဆုပ်၍ဦးညွတ်ရင်း ...

"ဂုဏ်ယူပါတယ် မင်းသားလေး၊ တကယ်လို့သာ ဒီလေလံတင်ပွဲကို မင်းသားလေးရောက်ရှိလာမယ်ဆိုတာ ကြိုသိခဲ့ရင် ကျုပ် ဒီနေရာကို ရောက်လာဖြစ်မှာ မဟုတ်ပါဘူး"

မင်းသားလေးကောင်းကန်းက ဂုဏ်ယူဝင့်ကြွားသော အပြုံးဖြင့် ...

"ဘာပဲဖြစ်ဖြစ် လေလံတင်ဈေးကွက်ဆိုတာ ဘယ်သူမဆို ဝင်ပြီးယှဉ်ပြိုင်ဆွဲခွင့်ရှိတယ် မဟုတ်လား"

သိမ်းငှက်သူရဲကောင်းဆင်ကီးက မချိပြုံးပြုံးကာ

"မဖြစ်နိုင်ပါဘူး၊ သိုင်းလောကမှာ ထင်းရှူးကျေးရွာတစ်ခုလုံးပါ ပိုင်ဆိုင်ထားနိုင်တဲ့ မင်းသားလေးကောင်းကို ဘယ်သူက ယှဉ်ပြီး လေလံဆွဲနိုင်မှာတဲ့လဲ"

သူက နတ်မျက်စိဝူးချီယန့်အား လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

"နတ်မျက်စိ ... ကျုပ်ကတော့ ဒီလေလံတင်ပွဲကနေပြီး ကျေကျေနပ်နပ်ပဲ နှုတ်ဆက်ထွက်သွားပြီဗျို့"

ပြောပြီး ဧည့်ခန်းမကြီးထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာ



သွားလေသည်။

ထိုအခါ ကျန်လူများကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အလျှိုလျှို ထွက်ခွာသွားကြလေသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်သည် တစ်စထက်တစ်စ နက်ရှိုင်းလာလေသည်။ အအေးဓာတ်က ညော့ခန်းမကြီးထဲသို့ပင် သိသိသာသာတိုးဖောဝင်ရောက်လာနေ၏။

စားပွဲပေါ်တွင် ဟင်းလျာနှင့်အရက်များဖြင့် ပြည့်နှက်နေလေသည်။

နတ်မျက်စိဂူးချီယန့်က မင်းသားလေးကောင်းကန်း ပန်းနုရောင်ဝတ်ဆင်ထားသောမိန်းကလေး၊ ရေခဲစားပိုင်ရှင်ရွှေဝါရောင်ဝတ်စုံနှင့် အဘိုးအိုတို့အား ညစာဖြင့် တည်ခင်းညော့ခံနေခြင်းဖြစ်သည်။

အားလုံးသောလူများသည် စားသောက်ဖွယ်ရာနှင့် အရက်များကို အေးဆေးတည်ငြိမ်စွာ စားသောက်နေကြ၏။

သို့သော် နတ်မျက်စိဂူးချီယန့်ကမူ အရက်ခွက်ကို ယောင်၍မျှကိုင်မကြည့်ခဲ့ပါ။ ထို့ပြင် အစားအသောက်များကိုလည်း လုံးဝ မစားခဲ့ပါ။



အကြောင်းကား ...

မင်းသားလေးကောင်းကန်းသည် လှုံ့ငွေ သိန်းနှစ်ဆယ်ပေး၍ ရေခဲစားကိုဝယ်ယူမည်ဟု ဆိုခဲ့သော်လည်း ယခုအချိန်ထိ ငွေကြေးတစ်ပြားတစ်ချပ်မျှ ပေးဆောင်ခြင်းမပြုသေးသောကြောင့်ဖြစ်သည်။

ထို့ပြင် ရေခဲစားနှင့်ပတ်သက်၍ မည်သည့်စကားကိုမျှပင် တစ်ခွန်းတစ်ပါဒမျှ ပြောဆိုခြင်းမပြုပါ။

လှုံ့ငွေသိန်းနှစ်ဆယ်အထိ တန်ဖိုးကြီးစွာပေး၍ ဝယ်ယူထားသော ဓားအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မပြောသည်မှာ အလွန်ထူးဆန်းသည်ဟု သူ၏ရင်ထဲ၌ ထင်မှတ်နေမိသည်။

ယင်းကြောင့် သူသည် မစားမသောက်နိုင်ဘဲ မင်းသားလေးကောင်းကန်းအား မသိမသာ အကဲခတ်ကြည့်နေမိလေသည်။

ထိုအချိန်တွင် မင်းသားလေးကောင်းကန်းသည် တတိယအရက်ခွက်ကိုမော့ချလိုက်ပြီး ပြုံးနေလေသည်။ လျှို့ဝှက်သောအပြုံးဖြစ်၏။

"နတ်မျက်စိ ... ခင်ဗျား ဘာမှမစားမသောက်ဘဲ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေတာက ခင်ဗျားရမယ့်ရှယ်ယာ နည်းနေလို့လား"

နတ်မျက်စိအားမကြည့်ဘဲ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိ ထိတ်ခနဲဖြစ်သွားသည်။ ကမန်းကတန်း ခေါင်း ခါယမ်းလိုက်၏။

ရွှေရောင်ဝတ်စုံနှင့်လူကို ညွှန်ပြလိုက်ပြီး ...

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ဒီက ရေခဲစားပိုင်ရှင်ထန်းဖုံးရီက ကျုပ်ကိုဆယ်ရာခိုင်နှုန်း ရှယ်ယာပေးထားတာကြောင့် ကျုပ်ရဲ့ ခံစားပိုင်ခွင့်က မနည်းပါဘူး"

မင်းသားလေးကောင်းကန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဒါဖြင့် ခင်ဗျားက အရက်တောင် မသောက်နိုင်လောက်အောင် ကျုပ်ကို ဘာကြောင့်ကြည့်နေရတာလဲ"

နတ်မျက်စိဂူးချီယန့် ထိတ်လန့်သွားလေသည်။

သူသည် မင်းသားလေးကောင်းကန်း၏ ပါးနပ်မှုကို ကျိတ်၍ ချီးကျူးလိုက်မိ၏။

"ဒါ ... ဒါက ဒီလိုပါဗျာ"

မင်းသားလေးကောင်းကန်းက သူ့အားစေ့စေ့ကြည့်လိုက်ပြီး

"ဘာလဲ ... ကျုပ်က လျှံငွေသိန်းနှစ်ဆယ်မပေးသေးလို့ စိတ်မအေးနိုင်သေးတာလား"

နတ်မျက်စိဂူးချီယန့်၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွား၏။



မင်းသားလေးကောင်းကန်းသည် မိမိ၏ အသည်းနှလုံးထဲသို့ ထိုးဖောက်သိမြင်နေသည်ဟု ခံစားလိုက်မိသည်။

"ဒါ ဒါ ကျုပ်က စားပိုင်ရှင်မဟုတ်လို့"

မင်းသားလေးကောင်းကန်းက လက်ကာပြရင်း ရေခဲစားပိုင်ရှင်ဖြစ်သော ထန်းဖုံးရီအား ကြည့်လိုက်သည်။

"ထန်အဘိုး ... ကျုပ်က ရေခဲစားရောင်းမယ့်သတင်းကြောင့် ဒီနေရာကို အမြန်ဆုံးထွက်လာရတာ၊ ဒါကြောင့် ငွေကြေးအဆင်သင့်ပါမလာဘူး၊ ဒါပေမဲ့ အာမခံဌာနတစ်ခုနဲ့ အမြန်ဆုံး ငွေတင်ပို့ပေးလိုက်ပါ့မယ်"

ထန်းဖုံးရီက အရက်ကိုမော့သောက်ရင်း လက်ကာပြလိုက်သည်။

"ငွေအကြောင်း မပြောပါနဲ့၊ လျှံငွေသိန်းနှစ်ဆယ်ဟာ မင်းသားလေးအတွက် မပြောပလောက်တဲ့ငွေကြေးဆိုတာ ကျုပ်နားလည်ပြီးသားပါ"

မင်းသားလေးကောင်းကန်းက ရယ်မောလိုက်သည်။ အတန်ကြာမှ သူက ရယ်မောခြင်းကို ရပ်တန့်ကာ နတ်မျက်စိဂူးချီယန့်အား စိုက်ကြည့်လိုက်၏။

"နတ်မျက်စိ ... ဒီကစားပိုင်ရှင်ပြောတာ ကြားတယ် မဟုတ်လား၊ ဒါဆိုရင် ခင်ဗျားအရက်သောက်နိုင်ပြီပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိဂူးချီယန့်က မချိပြုံး ပြုံးလိုက်သည်။

"ဩော် ... ဟုတ် ဟုတ်ကဲ့"

ပြောပြီး အရက်ခွက်ကို မော့သောက်လိုက်သည်။

ထန်ဖုံးရီက နံဘေးမှအဖော်ဖြစ်သူ အနီရောင်ဝတ်စုံနှင့် အဘိုးအိုအား ညွှန်ပြလိုက်ပြီး

"ဒါနဲ့ အားလုံးကိုမိတ်ဆက်ပေးရဦးမယ်၊ သူက ကျုပ်ရဲ့ သွေးသောက်ညီအစ်ကို လုံရှောင်မင်ပါ"

မင်းသားလေးကောင်းကန်း၏ မျက်ခုံးအစုံက နဖူးပေါ်သို့ မြင့်တက်သွားသည်။

"လုံရှောင်မင် ... ဒါဆိုရင် သူက သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဓားညီနောင်ထဲက တစ်ယောက်ပေါ့ ... ဟုတ်လား"

ထန်ဖုံးရီက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ် ... သိုင်းလောကသားတွေက ကျုပ်နဲ့ သူ့ကို ဓားညီနောင်လို့ ခေါ်ကြပါတယ်"

မင်းသားလေးကောင်းကန်းက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒီနေ့ ရေခဲဓားလာဝယ်တာ တကယ် အကျိုးရှိတာပဲကိုး၊ ရေခဲဓားကို လေလံဆွဲနိုင်တဲ့အပြင် ဓားညီနောင် ဆိုတဲ့ လူနှစ်ယောက်နဲ့လည်း သိခဲ့ရတယ်"



သူသည် နတ်မျက်စိဂူးချီယန့်ဘက်သို့လှည့်ကာ ...

"နတ်မျက်စိ ... ဒါတွေဟာ ခင်ဗျားရဲ့ ကျေးဇူးပဲဗျ"

နတ်မျက်စိဂူးချီယန့်က ပျာပျာသလဲပင် ...

"ဟာ ... ဒီလိုလည်းမဟုတ်ပါဘူး၊ ဒါဟာ မင်းသားလေးရဲ့ ကုသိုလ်ထူးမှုကြောင့်ပါ"

မင်းသားလေးကောင်းကန်းက မျက်ခုံးပင့်ကာ ကြည့်လိုက် သည်။

"ဟုတ်လား ... ဒါဆိုရင် ခင်ဗျားက ကျုပ်အတွက် ဂုဏ်ပြု တဲ့အနေနဲ့ မင်္ဂလာအရက် များများသောက်သင့်တာပေါ့"

နတ်မျက်စိဂူးချီယန့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ကောင်းပါပြီ"

ပြောပြီး အရက်ကရားထဲမှ အရက်များကို ခွက်ထဲသို့ ငှဲ့ ထည့်လိုက်သည်။

ယင်းနောက် လက်နှစ်ဖက်ဖြင့် ခွက်ကိုမြှောက်ကာ မင်း သားလေးကောင်းကန်းအား ပြုံးပြလိုက်သည်။

"ဒါက မင်းသားလေးကောင်းကန်းက ရေခဲဓားကို လေလံ ဆွဲနိုင်တဲ့အတွက် ဂုဏ်ပြုတာပါ"

အရက်ခွက်ကို မော့ချလိုက်သည်။

ဤတွင် ကောင်းကန်း၏နံဘေးတွင်ထိုင်နေသော ပန်းနု

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝတ်စုံနှင့် မိန်းကလေးက နှုတ်ခမ်းစူလိုက်ပြီး ...

"ဟွန်း ... ရှင်က မင်းသားလေးကောင်းကန်းအတွက်ပဲ ဆုတောင်းပေးရသလား၊ တကယ်ဆိုရင် ကျွန်မက သူ ရေခဲဓားဝယ်ဖို့ လမ်းခရီးတစ်လျှောက် အဖော်အဖြစ်လိုက်ပေးခဲ့ရတာရှင့်"

မင်းသားလေးကောင်းကန်းက ရယ်မောလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ် ... သူ့ကိုလည်း ဂုဏ်ပြုသင့်တာပေါ့"

နတ်မျက်စိဂူးချီယန့်သည် ချက်ချင်းပင် နောက်ထပ်အရက်တစ်ခွက်ကိုထပ်မံငှဲ့ကာ မော့ချလိုက်ပြန်၏။

"ဟေ့ ... ဒါတော့ မင်းက မျက်နှာလိုက်တာပဲ၊ တကယ်ဆို ကျုပ်လည်းမင်းအတွက် ရှယ်ယာတစ်ဆယ်ရာခိုင်နှုန်းပေးထားတာ မဟုတ်လား၊ ဒါကြောင့် ကျုပ်ကိုလည်း ဂုဏ်ပြုသင့်တာပေါ့"

ထန်ဖုံးရီက မကျေမနပ်ဟန်ဖြင့် လှမ်းပြောရာ နတ်မျက်စိဂူးချီယန့်က ရယ်မောလိုက်၏။

"ဟုတ်တာပေါ့ ... ကျုပ်က ခင်ဗျားလို ရှားပါးကဲ့ဓားရဲတနာကို ဈေးကွက်တစ်ခုအဖြစ် လေလံတင်ရောင်းနိုင်တဲ့လူကို ဂုဏ်ပြုသင့်ပါတယ်၊ နောက်ပြီး ကျုပ်အတွက် ခင်ဗျားပေးထားတဲ့ ရှယ်ယာက နည်းတာမှ မဟုတ်ဘဲ၊ စိတ်ချပါ ... ကျုပ်က ခင်ဗျားအတွက် အရက်တစ်ခွက် ဂုဏ်ပြုမှာပါ"



ပြောပြီး ကရားထဲမှ အရက်ကိုငှဲ့ထည့်ရန် ဟန်ပြင်လိုက်သည်။

"ခဏ"

ရတ်တရက် အလွန်ကြည်လင်သော ဟန့်တားသံနှင့်အတူ အလွန်လှပသော လက်ကလေးတစ်ဖက်က နတ်မျက်စိဂူးချီယန့်၏ ကရားကိုင်ထားသောလက်ကို လာရောက်ဆုပ်ကိုင်လိုက်လေသည်။

"ရှင်က သူတို့အတွက် အရက်သောက်ပြီး ဂုဏ်ပြုနေမှတော့ ကျွန်မကလည်း ဒီအတိုင်းထိုင်မနေချင်ပါဘူး၊ ရှင့်ကို အရက်ငှဲ့ပေးပါရစေ"

သူမ၏သံသည် ယောကျ်ားတစ်ယောက်အား မူးမေ့သွားစေလောက်ပေသည်။

မည်သူမဆို သူမ၏စကားကို ငြင်းဆန်ရန် အင်အားကင်းမဲ့နေကြမည်သာဖြစ်၏။ ထို့အတူ နတ်မျက်စိဂူးချီယန့်လည်း မငြင်းဆန်နိုင်ချေ။

သူက အရက်ကရားကိုင်ထားသောလက်ကို လွှတ်ပေးကာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဝီကင်းမြို့ရဲ့ ယင်ချွန်ရဲဂေဟာပိုင်ရှင်ကိုယ်တိုင်က ကျုပ်အတွက် အရက်ငှဲ့ပေးမယ်ဆိုမှတော့ ဒီညအတွက် ကျုပ်က ဂုဏ်ပြုအရက်ကို အားပါးတရသောက်တော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်ဝတ်စုံနှင့် မိန်းကလေးက မျက်ခုံးပင့်၍ ကြည့်လိုက်သည်။

"ရှင်က ဘယ်ဆိုးလို့တုံး ... ကျွန်မရဲ့ ဂေဟာနာမည်တောင်မှ သိနေတာပဲကိုး"

ပြောရင်း အရက်တစ်ခွက်ကိုငှဲ့ကာ နတ်မျက်စိဂူးချီယန့်ထံသို့ ကမ်းပေးလိုက်သည်။

နတ်မျက်စိဂူးချီယန့်က လက်နှစ်ဖက်ဖြင့်လှမ်းယူပြီး နှုတ်ခမ်းတွင်တေ့ကာ မော့ချလိုက်သည်။

ထို့နောက် ရီဝေသောမျက်လုံးအစုံဖြင့် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးအား စိုက်ကြည့်ကာ ...

"မိန်းကလေး ... ကျုပ်က မင်းရဲ့ ယင်ချွန်ရဲဂေဟာကို သိနေရုံမကဘူး၊ မင်းဟာ ဘယ်သူဘယ်ဝါဆိုတာလည်း သိနေပါတယ်"

ပန်းနုရောင်ဝတ်စုံနှင့်မိန်းကလေးက ခန္ဓာကိုယ်တစ်ခုလုံးလှုပ်ခါအောင် ရယ်မောလိုက်သည်။

"ခစ် ခစ် ခစ် ...ဟုတ်လား၊ ဆိုပါဦးရှင် ... ကျွန်မ နာမည်က"

နတ်မျက်စိက သူမအားစိုက်ကြည့်ရင်း လေးတွဲ့သောအသံဖြင့် တစ်ခွန်းချင်းပြောလိုက်လေသည်။

"စန့် ကွမ်း ချုံး မေ"



မိန်းကလေး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

မင်းသားလေးကောင်းကန်းက လက်ခုပ်တီးလိုက်သည်။

'ဖြောင်း ဖြောင်း ဖြောင်း'

"ဒါကြောင့်လည်း နတ်မျက်စိဆိုတဲ့ဘွဲ့ကို ရထားတာပေါ့"

သူက အရက်ခွက်ကိုမြှောက်လိုက်ပြီး ...

"ကဲ ကဲ ... ဒီတစ်ခါ ခင်ဗျားရဲ့ ဗဟုသုတအတွက် ကျုပ်က ဂုဏ်ပြုပါရစေ"

ပြောပြီး မော့သောက်လိုက်သည်။ ပန်းနုရောင်ဝတ်စုံနှင့် မိန်းကလေး (ဝါ) စန့်ကွမ်းချုံးမေက ချိုလွင်စွာ ရယ်မောလိုက်လေသည်။

"ခစ် ခစ် ခစ် ... ရှင်တို့က တကယ်အရက်သောက်နိုင်တဲ့လူတွေပဲ၊ ရှင်တို့နှစ်ယောက် အရက်ယှဉ်သောက်ရင် ဘယ်သူနိုင်မလဲမသိဘူး ... ခစ် ခစ် ခစ်"

မင်းသားလေးကောင်းကန်းက အရက်ခွက်ကို နှုတ်ခမ်းဝမှခွာ၍ စားပွဲပေါ် ပြန်ချလိုက်သည်။

ယင်းနောက် နတ်မျက်စိအား မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"ဘယ်လိုလဲ ... ကျုပ်တို့ အရက်ပြိုင်သောက်ကြရင် မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘူးလား"

နတ်မျက်စိ ပြုံးလိုက်သည်။ သူသည် မိမိအရက်မည်မျှ သောက်နိုင်ကြောင်း စန္ဒကူမ်းချိုးမေရှေ့တွင် အစွမ်းပြလိုသောဆန္ဒများဖြစ်ပေါ်လာသည်။

"ကောင်းသားပဲ ကျုပ်တို့က တွေ့ရခဲတာ၊ ကြုံကြိုက်တုန်း ပျော်ပျော်ပါးပါး အရက်သောက်ပြိုင်ကြတာပေါ့"

စန္ဒကူမ်းချိုးမေ၏မျက်ဝန်းများ တစ်ချက်ဝင်းလက်တောက်ပသွားလေသည်။

မင်းသားလေးကောင်းကန်းက သူမအားကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဟုတ်ပြီ ... မင်းက ဒိုင်လူကြီးလုပ်ပြီး ကျုပ်တို့နှစ်ယောက်ကို အရက်ငှဲ့ပေးပါ"

စန္ဒကူမ်းချိုးမေက ...

"အို ... ကျွန်မက ဒိုင်လူကြီးလုပ်ရမှာ ဟုတ်လား ... ခစ် ခစ် ခစ်"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ဘာလဲ ... မင်းက ဒိုင်လူကြီးမလုပ်ချင်ဘူးလား"



စန္ဒကူမ်းချိုးမေက ချိုလွင်သော ရယ်သံဖြင့် ...

"အို ... ဘာဖြစ်လို့ မလုပ်ချင်ရမှာလဲ၊ ဒါပေမဲ့ ကျွန်မက တစ်ခု စဉ်းစားနေလို့ပါ"

မင်းသားလေးကောင်းကန်း မျက်မှောင်ကြုတ်သွားသည်။

"ဘာများပါလိမ့်"

စန္ဒကူမ်းချိုးမေက နတ်မျက်စိဝူးချိုယန့်အား မျက်လုံးလေးထောင့်ကပ်၍ ကြည့်ကာ ...

"ကျွန်မ ဒိုင်လူကြီးလုပ်တာကို အစ်ကိုကြီးဝူးချိုယန့်က ကျေနပ်ပါ့မလားဟင်"

နတ်မျက်စိဝူးချိုယန့် ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်းသာ ဒိုင်လူကြီးလုပ်မယ်ဆိုရင် ကျုပ်က ဝမ်းသာအားရလက်ခံမယ့်အပြင် မနက်မိုးလင်းတဲ့အထိ အရက်သောက်ပြိုင်မယ်ဆိုရင်တောင် ပြိုင်ပါ့မယ်"

"အိုး ... ခစ် ခစ် ခစ်"

စန္ဒကူမ်းချိုးမေက ချိုလွင်စွာ ရယ်မောလိုက်သည်။ နတ်မျက်စိဝူးချိုယန့်က သူမအား ငေးမောကြည့်နေမိ၏။

သူ့စိတ်ထဲတွင် ယင်ချွန်ရဲဂေဟာ အဘယ်ကြောင့် အောင်မြင်ကျော်ကြားရသည်ကို ကောင်းစွာနားလည်သဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းက သူ၏ပခုံးကိုတစ်ချက်ပုတ်လိုက်သည်။

"ကဲ ... ကျုပ်တို့ပြိုင်ပွဲ စလိုက်ရအောင်"

နတ်မျက်စိဂူးချီယန့်က စန်းကွမ်းချုံးမေအား ငေးမောကြည့်နေရာမှ သတိဝင်လာကာ ကမန်းကတန်းခေါင်းညိတ်လိုက်သည်။

"သြော် ... ဟုတ် ဟုတ်ကဲ့"

စန့်ကွမ်းချုံးမေက ရယ်မောလိုက်သည်။

"ကဲ ... ပြိုင်ပွဲစကြရအောင်"

သူမက ယင်းသို့ပြောပြီး အရက်ခွက်နှစ်ခွက်ထဲသို့ အရက်ငှဲ့ပေးလိုက်သည်။

နတ်မျက်စိနှင့်မင်းသားလေးကောင်းကန်းတို့ အရက်ခွက်များကို ကောက်ယူကာ ပြိုင်တူမော့သောက်လိုက်ကြသည်။

ယင်းသို့ဖြင့် စန့်ကွမ်းချုံးမေက အရက်များ အကြိမ်ကြိမ်ငှဲ့၍ နတ်မျက်စိဂူးချီယန့်နှင့် မင်းသားလေးကောင်းကန်းတို့ကလည်း အရက်များကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေကြလေတော့သည်။

✲



အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်သည်။ အရက်အိုးများသည် စားပွဲပေါ်တွင် အစီအရီရှိနေလေသည်။ အရက်အိုးခြောက်လုံးတိတိဖြစ်လေသည်။

မင်းသားလေးကောင်းကန်းနှင့် နတ်မျက်စိဂူးချီယန့်တို့၏ ဝမ်းဗိုက်ထဲ၌ အရက်အတော်များများရောက်ရှိနေပြီဖြစ်လေသည်။

ထို့ကြောင့် သူတို့သည် မူးယစ်နေကြပြီဖြစ်၏။ သို့သော် အရက်ကိုဆက်လက်သောက်ရန် ခွက်များကို စန့်ကွမ်းချုံးမေရှေ့သို့ ပြိုင်တူချပေးလိုက်ကြလေသည်။

စန့်ကွမ်းချုံးမေက လှပစွာပြုံးလိုက်ပြီး ...

"ခစ် ခစ် ခစ် ... ရှင်တို့နှစ်ယောက်က တကယ်အရက်သောက်နိုင်ကြတာပဲကိုး၊ တော်ပြီ တော်ပြီ ... ကျွန်မအရှုံးပေးပါတယ်၊ ကျွန်မရဲ့လက်တွေ ညောင်းလှပြီ။ ဒါကြောင့် ထပ်ငှဲ့မပေးနိုင်တော့ဘူး ... ခစ် ခစ် ခစ်"

သူမ၏စကားကြောင့် ထန်ဖုံးရီနှင့် လုံရှောင်မင်တို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်ကြလေသည်။ အတန်ကြာမှ ထန်ဖုံးရီက လက်ကာပြ၍ ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ ... တော်ကြပါတော့၊ ညဥ့်လည်းနက်ပြီ အနားယူသင့်ပါပြီ"

မင်းသားလေးကောင်းကန်းက နတ်မျက်စိဝူးချိယန့်အား ပြုံး၍ ကြည့်လိုက်၏။

"ခင်ဗျား ဘယ်လိုသဘောရသလဲ"

နတ်မျက်စိဝူးချိယန့်က သူ့အားရီဝေသောမျက်လုံးဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားကော"

မင်းသားလေးကောင်းကန်း တွေဝေစွာ စဉ်းစားနေ၏။ စန့်ကွမ်းချုံးမေက နှုတ်ခမ်းစူလိုက်ပြီး ...

"ရှင်တို့နှစ်ယောက်က ကြွက်တွင်းတွေပါ၊ ရှေ့ဆက်ပြီး သောက်ရင်လည်း အရက်အိုးတွေကသာ လဲသွားမယ်၊ ရှင်တို့နှစ်ယောက်က လဲမှာ မဟုတ်ဘူး၊ ကျွန်မ အိပ်ချင်လှပြီ"

မင်းသားလေးကောင်းကန်းက သူမအား သိုင်းဖက်လိုက်ပြီး အာလေးလျှာလေးသံဖြင့် ပြောလိုက်သည်။

"ဟား ဟား ဟား ... ဟုတ်ပါရဲ့၊ ကဲ ကဲ ... ကျုပ်တို့ရဲ့ ယှဉ်ပြိုင်ပွဲကို အနိုင်အရှုံးမရှိ ဒိုင်ပွဲရပ် နားလိုက်ပါ့မယ်"



နတ်မျက်စိဝူးချိယန့်ကလည်း မှေးစင်းနေသောမျက်လုံး အစုံကိုစုံမှိတ်သွားသည်အထိ ရယ်မောကာ

"ဟား ဟား ဟား ... ဟုတ်တယ် ဟုတ်တယ်၊ ကျုပ်တို့နှစ်ယောက်က အနိုင်အရှုံးမရှိပါဘူး"

သူက စန့်ကွမ်းချုံးမေအား တစ်ချက်ကြည့်ပြီး ...

"ကဲ ... မိန်းကလေးအတွက် အခန်းတစ်ခန်း ချက်ချင်းပြင်ပေးပါ့မယ်"

စန့်ကွမ်းချုံးမေက ဂါမန်းကတန်း လက်ကာပြလိုက်သည်။

"အို ... ဒုက္ခမရှာပါနဲ့ရှင်၊ ကျွန်မတို့က ဒီအန်တုမြို့ကလေးကို ရောက်လာကတည်းက တည်းခိုဖို့ အခန်းတစ်ခန်းငှားထားပြီးသားပါ၊ ဒါကြောင့် တည်းခိုခန်းမှာပဲ တည်းခိုပါ့မယ်"

"ဟာ ... မဟုတ်တာဘဲဗျာ၊ ကျုပ်က ဧည့်ဝတ်မကျေသလိုဖြစ်နေမှာပေါ့"

နတ်မျက်စိက အာလေးလျှာလေးဖြင့် ပြောလိုက်သည်။ မင်းသားလေးကောင်းကန်းက ပြုံးရင်း

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့က လွတ်လွတ်လပ်လပ်ပဲ တည်းခိုချင်ပါတယ်၊ နောက်ပြီး မနက်ကျရင် ရေလမ်းခရီးနဲ့ ပီကင်းကိုအမြန်ဆုံးပြန်ပြီး ဟိုရောက်မှ အာမခံဌာနကတစ်ဆင့် ငွေပို့ပေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိဂူးချိုယန့်က မျက်မှောင်ကြုတ်သွားသည်။ အနည်းငယ် ဘဝင်မကျဖြစ်သွားဟန်ဖြင့်

"ဒါဖြင့် ရေခဲစားက"

မင်းသားလေးကောင်းကန်းက ရယ်မောရင်း လက်ကာပြလိုက်သည်။

"ဟာ ... ကျုပ်က ရေခဲစားကို ဒီမှာပဲ ထားခဲ့ဦးမှာပါ"

ထန်ဖုံးရီက ကြားဖြတ်ပြောလိုက်သည်။

"မင်းသားလေးကောင်း ... ကျုပ်တို့က မင်းသားလေးကို အကြွင်းမဲ့ ယုံကြည်ပါတယ်လေ၊ ဒါကြောင့် ရေခဲစားကို ယူသွားပါ၊ နောက်မှ ငွေပို့ပေးပေါ့"

သူ၏စကားကြောင့် နတ်မျက်စိဂူးချိုယန့် ဘဝင်မကျဖြစ်သွားရပြန်သည်။

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ် မင်းသားလေးကောင်းကန်းက ရယ်မောရင်း

"မလုပ်ပါနဲ့ဗျာ ... နတ်မျက်စိက သူရရှိမယ့် ဆယ်ရာခိုင်နှုန်း ရှယ်ယာအတွက် စိတ်သောကရောက်နေပါဦးမယ်၊ ဒါကြောင့် ငွေလာပို့မှပဲ ရေခဲစားကို အာမခံဌာနနဲ့ ပြန်ပို့ပေးလိုက်ပါ"

ဤတွင် လုံရှောင်မင်က ကြားဖြတ်မေးလိုက်သည်။

"ဟင် ... ဒါဆိုရင် မင်းသားလေးက အာမခံသယ်ယူစရိတ်



အသွားအပြန်ပေးရမှာပေါ့"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။ ထန်ဖုံးရီက ခေါင်းတစ်ချက်ခါယမ်းကာ ...

"အဲဒါမှ ခက်တာပဲ၊ ကျုပ်တို့ကလည်း တည်းခိုခန်းမှာ တည်းမှာ၊ ဒါဆိုရင် ရေခဲစားကို စောင့်ရှောက်ဖို့ ခက်မယ်"

လုံရှောင်မင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်တို့ ဒီမှာ ရေခဲစားရောင်းဝယ်ရေးလုပ်တာကို အန်တုမြို့ကလူတွေ အားလုံး မနက်မိုးလင်းတာနဲ့ သိသွားမှာ သေချာတယ်"

နတ်မျက်စိဂူးချိုယန့်က ကြားဖြတ်ပြောလိုက်သည်။

"ကဲပါဗျာ ... ဒီအတွက်မပူပါနဲ့ ရေခဲစားကို ယုံကြည်ရင် ကျုပ်ဆီမှာပဲ အပ်နှံခဲ့ပါ၊ အာမခံဌာနက ငွေလာပို့မှပဲ စားနဲ့ငွေ လဲလှယ် ပေးပါ့မယ်"

ထန်ဖုံးရီအား လှည့်ကြည့်လိုက်သည်။

"မင်းသားလေးကောင်းက ပေးပို့လာတဲ့ လျှံငွေသိန်းနှစ်ဆယ်ထဲက ကျုပ်ရသင့်တဲ့ရှယ်ယာကိုယူပြီး ကျန်တဲ့ငွေကို ခင်ဗျားလက်ထဲရောက်အောင် ပို့ပေးပါ့မယ် အဘိုး"

ထန်ဖုံးရီက ခေါင်းညိတ်လိုက်သည်။

"ဒီအစီအစဉ်ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်း ထရပ်လိုက်သည်။ သူသည် အရက်အလွန်အကျွံသောက်ထားသဖြင့် မတ်တတ်ရပ်လိုက်သည့်အခါ ခန္ဓာကိုယ်တစ်ချက် ယိမ်းယိုင်သွား၏။

စန့်ကွမ်းချုံးမေက သူ့အား ကမန်းကာတန်းဖေးမလိုက်သည်။ တစ်ဆက်တည်းပင် နတ်မျက်စိဝူးချီယန့်ဘက်လှည့်ကာ လှပစွာပြုံးရင်း

"ကဲ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး"

ယင်းနောက် သူမသည် မင်းသားလေးကောင်းကန်းအား တွဲကာ ဧည့်ခန်းအပြင်ဘက်သို့ ထွက်ခွာသွားလေသည်။

ထန်ဖုံးရှီနှင့် လုံရှောင်မင်တို့လည်း သူတို့နှင့် မရှေးမနှောင်းပင် ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

✲ ✲ ✲



# အခန်း (၃)

## လျှို့ဝှက်သတင်း

ညသည် တိတ်ဆိတ်နေ၏။

ဧည့်ခန်းမကြီးထဲ၌ နတ်မျက်စိဝူးချီယန့် တစ်ယောက်တည်းသာ ကျန်ရစ်တော့သည်။

သူသည် အရက်အလွန်အကျွံသောက်ထား၍ မူးနေပြီဖြစ်သည်။

အရက်မူးနေသူအဖို့ အနာဂတ်မရှိပါ။

ပစ္စုပ္ပန်လည်း မရှိပါ။ အတိတ်ဆိုသည်မှာလည်း မရှိတော့ပါ။

အရက်မူးနေသောလူတစ်ယောက်၏ ဦးနှောက်သည် ဟင်းလင်းပြင်တစ်ခုလို ဖြစ်နေလေ့ရှိသည် မဟုတ်ပါလော။

သို့သော် နတ်မျက်စိဝူးချီယန့်ကမူ ဤသို့မဟုတ်ပါ။

သူသည် အရက်အလွန်အကျွံမူးနေသည့်တိုင် အတိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မမေ့သကဲ့သို့ ပစ္စုပ္ပန်ကိုလည်း သိရှိနေမိ၏။

ထို့ပြင် အနာဂတ်ကိုလည်း မျှော်လင့်နေမိ၏။

အကြောင်းကား ...

သူသည် သတင်းရောင်းခဲ့သည့် ငွေကြေးများနှင့် ယနေ့ည ရေခဲစားရောင်းဝယ်ရာတွင် ရရှိမည့်ရှယ်ယာကို ပေါင်းသီးဖြင့် တဂျောက်ဂျောက်ခေါက်ရင်း တွက်ဆနေသောကြောင့် ဖြစ်သည်။

ဤမျှ မကသေးပါ။

သူ့လက်ထဲရှိ စုဆောင်းမိထားသောငွေကြေးနှင့် ရရှိလာမည့်ရှယ်ယာငွေကိုပင် ကြိုတင်တွက်ဆကာ ပေါင်းမှတ်ထားပြီးဖြစ်နေသည်။

သူသည် ကျေနပ်စွာပြုံးရင်း ထရပ်လိုက်သည်။

ထိုအခါမှ သူ၏မျက်လုံးများ မှုးယစ်ဝေသီလာကာ ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ် လာလေသည်။

သူ ထိတ်ခနဲဖြစ်သွား၏။ စားပွဲပေါ်တွင် ရေခဲစားရှိနေခဲ့သည် မဟုတ်ပါလား။

ရေခဲစားကို စောင့်ရှောင်ရန်မှာ တာဝန်ကြီးမားလှသည်ကို နားလည်ထားသော်လည်း သူတစ်ပါးလက်ထဲတွင်ရှိနေခြင်းထက် မိမိလက်ထဲ၌ ရှိနေခြင်းက ပို၍ နိုင်မာသည်ဟု ယူဆသဖြင့် ယခုကဲ့သို့ ရေခဲစားကို တာဝန်ယူသိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။



ယင်းကြောင့် ရေခဲစားအား ဂရုတစိုက်စောင့်ရှောက်နိုင်ရန် ရေခဲစားထည့်ထားသော အနီရောင်သေတ္တာလေးကို တင်းကျပ်စွာ ပွေ့ပိုက်ရင်း မိမိ၏အိပ်ခန်းဆီသို့ ခြေလှမ်းဒယီးဒယိုင်ဖြင့် လျှောက်လာခဲ့လေသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



နတ်မျက်စိဂူးချိုယန့် ဖန်တီတီးဓေ့ဖြင့် သီထားသည့် ယင်းကားကို လက်ဖြင့်ဖယ်ရှားကာ အခန်းထဲသို့ ဒယီးဒယိုင် ဝင်ရောက်လာ၏။

သူ၏ခန္ဓာကိုယ်သည် မသယ်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေပြီး အမြင်အာရုံမှာလည်း ဝေဝါးနေလေသည်။

'ဝုန်း'

ရုတ်တရက် သူသည် ကုလားထိုင်တစ်လုံးကို ဝင်တိုက်မိသဖြင့် ကုလားထိုင်မှာ ပြို့လဲသွားသည်။

သူသည် မူးဝေနေသော ဦးခေါင်းကို တစ်ချက်ယမ်းကာ လက်တစ်ဖက်က လဲကျသွားသောကုလားထိုင်ကို ဆွဲထောင်လိုက်သည်။

ယင်းနောက် မိမိကိုယ်မိမိ စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက်ကျိတ်၍ ချလိုက်သည်။

"အင်း ... ခက်တာပဲ၊ ငါ ဒီလိုသာအမူးလွန်နေရင်တော့



ရေခဲဓားကို စောင့်ရှောက်ဖို့ခက်မယ်၊ မဖြစ်ဘူး၊ မဖြစ်ဘူး ...ငါ အမူးပြေအောင် ကြိုးစားရမယ်"

သူသည် ယင်းသို့ ကျိတ်၍ရေရွတ်ရင်း ရေခဲဓားကို စားပွဲပေါ်တင်လိုက်လေသည်။

ထို့နောက် အခန်းထောင့်ရှိ ရေဘုံပိုင်ဆီသို့ လျှောက်သွားကာ ရေဘုံပိုင်ခေါင်းကို လှည့်၍ဖွင့်လိုက်သည်။

ကြွေဇလားထဲစီးကျလာသည့် အေးစိမ့်သောရေကို လက်ခုပ်ဖြင့်ခံကာ ခေါင်းငုံ၍ မျက်နှာသစ်လိုက်၏။

အနည်းငယ် လန်းလန်းဆန်းဆန်းဖြစ်လာသည်နှင့် ရေဘုံပိုင်ခေါင်းကိုပိတ်ကာ ဦးခေါင်းကိုမော့ရန် ဟန်ပြင်လိုက်သည်။

ယင်းတဒင်္ဂလေးမှာပင် ...

'ဝှစ်'

ရုတ်တရက် အလင်းတန်းတစ်ခု ဝင်းခနဲ လင်းထိန်သွား၏။

တစ်ချိန်တည်းမှာပင် သူ၏လည်ပင်းတွင် ကန့်လန့်ဖြတ်နာကျင်စူးရှသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ယင်းနောက် ဖြူဖွေးနေသော ကြွေဇလားထဲသို့ အနီရောင်သွေးစက်များ တစ်စက်ချင်း ကျဆင်းလာ၏။

အနီရောင်သွေးစက်များကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်က အင်္ကျီအိတ်ထဲရှိ လက်နက်ပုန်းများဆီ သို့ ရောက်ရှိသွားသည်။ တစ်ဆက်တည်းပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံး ချာခနဲလှည့်လိုက်သည်။

ထိုအခါ သူ့နောက်တွင် လူတစ်ယောက် ရောက်ရှိနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုလူသည် ပိုးသားဝတ်စုံကို သေသပ်လှပစွာ ဝတ်ဆင်ထားသည်။

ချောမောသန့်ပြန့်သော မျက်နှာသွင်ပြင်ကို ပိုင်ဆိုင်ထားပြီး နှုတ်ခမ်းအစုံက ပြုံးယောင်သန်းနေ၏။ မျက်လုံးတွင်မူ ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများကို တွေ့မြင်နေရလေသည်။

လက်ထဲတွင် မုတ်ဆိတ်ရိတ်ရာတွင် အသုံးပြုလေ့ရှိသော သင်တုန်းဓားတစ်လက်ရှိနေပြီး ဓားဖျားတွင် သွေးစက်များရှိနေသည်။

နတ်မျက်စိဂူးချီယန့် အံ့ဩထိတ်လန့်သွား၏။

"မင်း မင်းသားလေးကောင်း"

ထိုလူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ် မင်းသားလေးကောင်းပါ"

"မင်း ... မင်းပြန်သွားပြီ မဟုတ်လား"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။



"မပြန်သေးလို့ ခင်ဗျားအခန်းထဲ ရောက်နေတာပေါ့"

နတ်မျက်စိဂူးချီယန့်၏မျက်နှာပေါ်တွင် ခံပြင်းသောဟန်မူရာများပေါ်လွင်လာလေသည်။

"မင်းက ရေခဲဓားကို ငွေကြေးနဲ့မဝယ်ချင်လို့ အခုလို ကျုပ်ကို လုပ်ကြံတာ မဟုတ်လား"

မင်းသားလေးကောင်းကန်း ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"လုံးဝ မဟုတ်ဘူး"

"ဒါဖြင့်"

မင်းသားလေးကောင်းကန်းက သင်တုန်းဓားပေါ်တွင် ပေကျံနေသော သွေးစများကို အင်္ကျီအိတ်ထဲမှ အဝတ်ဖြူတစ်ထည်ထုတ်၍ ဖြည်းညင်းစွာ သုတ်လိုက်သည်။

ယင်းနောက် အေးတိအေးစက်လေသံဖြင့် ...

"ခင်ဗျား မသိသေးတဲ့လျှို့ဝှက်ချက်တစ်ခုကိုပြောပြရဦးမယ်၊ တကယ်တော့ ဒီရေခဲဓားက တန်ဖိုးရှိရဲ့ဓား မဟုတ်ဘူး"

"ဒါဖြင့် ... ဘယ်သူ့ဓားလဲ"

"ကျုပ်ရဲ့ဓား"

နတ်မျက်စိဂူးချီယန့် အံ့ဩသွားသည်။ မယုံကြည်ဟန်ဖြင့် မင်းသားလေးကောင်းကန်းအား ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ဓား ...ဟုတ်လား"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

နတ်မျက်စိဂူးချီယန့်က နားမလည်နိုင်ဟန်ဖြင့် ...

"ဒါဖြင့် ဘာကြောင့် အရောင်းအဝယ် လုပ်တာလဲ"

မင်းသားလေးကောင်းကန်း၏နှုတ်ခမ်းပေါ်တွင် လျှို့ဝှက်သောအပြုံးတစ်ခု တွဲခိုလာသည်။

"ဒါကတော့ ငါးကြီးကြီးကို လိုချင်လို့ ငါးစာကြီးကြီးနဲ့ မျှားတဲ့သဘောပါပဲ"

နတ်မျက်စိဂူးချီယန့်က လည်ပင်းမှယိုစီးကျလာသော သွေးများအား လက်တစ်ဖက်ဖြင့်သုတ်ရင်း ...

"မင်းက တစ်စုံတစ်ခုကို လိုချင်လို့ ရေခဲဓားနဲ့မျှားတဲ့သဘောပေါ့ ... ဟုတ်လား"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

နတ်မျက်စိဂူးချီယန့်သည် သတင်းထူးမျှန်သမျှ စိတ်ဝင်စားတတ်သူဖြစ်၏။

ထို့ကြောင့် သူ၏လည်ပင်းမှ တသွင်သွင်စီးကျလာသော သွေးများကိုပင် မသုတ်နိုင်ဘဲ ...

"ဘာပစ္စည်းလဲ"



မင်းသားလေးကောင်းကန်းက ပျင်းရိပျင်းတွဲလေသံဖြင့်

"မီးလျှံဓား"

နတ်မျက်စိဂူးချီယန့်၏မျက်လုံးအစုံက နဖူးပေါ်သို့ခုန်တက်သွား၏။

"မီးလျှံဓား ... ဟုတ်လား"

"ဟုတ်ပါတယ်"

နတ်မျက်စိဂူးချီယန့်သည် လည်ပင်းမှ နာကျင်မှုဝေဒနာကြောင့် မျက်နှာတစ်ချက် ရှုံ့မဲ့သွားလေသည်။

အသက်ရှူ မွန်းကျပ်လာသလို ခံစားလိုက်ရသော်လည်း စိတ်ဝင်စားလွန်းသဖြင့် မင်းသားလေးကောင်းကန်းအား စိုက်ကြည့်ကာ ...

"မီးလျှံဓားက ပျောက်ဆုံးသွားပြီပဲ"

မင်းသားလေးကောင်းကန်းက အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။

"ရေခဲဓားတောင်မှ ပျောက်ဆုံးသွားပြီးမှ ပြန်ပေါ်လာသေးတာပဲ၊ မီးလျှံဓားလည်း ပြန်ပေါ်လာမှာ သေချာပါတယ်"

နတ်မျက်စိဂူးချီယန့်သည် အသက်ရှူမွန်းကျပ်လာကာ ချောင်းတဟွတ်ဟွတ်ဆိုးလာ၏။

"အဟွပ် ဟွပ် ဟွပ် ... မင်း မင်း ဒီဓားကို ဘယ်သူ့ဆီမှာရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သိပြီလား"

မင်းသားလေးကောင်းကန်းက ပြုံး၍ သင်တုန်းဓားကို အကျီအိတ်ထဲသို့ ပြန်လည်ထည့်ထားလိုက်သည်။

"အတိအကျမဟုတ်ပေမယ့် အနီးစပ်ဆုံးတော့ သိတယ်"

နတ်မျက်စိဂူးချီယန့်သည် ဝေဒနာကိုပင် ဂရုမစိုက်ဘဲ

"အဟွပ် ဟွပ် ... ဟုတ်လား ... ဘယ်သူလဲ"

မင်းသားလေးကောင်းကန်းက နှစ်လိုဖွယ် ပြုံးလိုက်သည်။

သို့ရာတွင် ဤအပြုံး၏နောက်ကွယ်၌ ရက်စက်ကြမ်းကြုတ်မှုများ ငြိတွယ်နေလေသည်။

သူသည် နတ်မျက်စိဂူးချီယန့်အနီးသို့ တစ်လှမ်းချင်းတိုးကပ်ကာ တီးတိုးပြောလိုက်လေသည်။

"-----"

သူ၏အသံ လေသံသဲ့သဲ့မျှသာဖြစ်၏။

သို့သော် နတ်မျက်စိဂူးချီယန့်က ကောင်းစွာကြားလိုက်ရ၏။ ဝေဒနာကြောင့် မှေးမှိန်နေသော မျက်လုံးအစုံသည် တစ်ချက်ဝင်းလက်သွားကာ ...

"သူ့ဆီမှာ ... ဟုတ်လား"

မင်းသားလေးကောင်းကန်းက ကောက်ကျစ်စွာ ပြုံးလိုက်၏။



ယင်းနောက် စားပွဲဆီသို့ လျှောက်သွားကာ ရေခဲဓားကို သေတ္တာထဲမှ ထုတ်ယူလိုက်သည်။

ထို့နောက် နတ်မျက်စိဂူးချီယန့်အား လှည့်ပင်မကြည့်တော့ဘဲ မြားတစ်စင်းပမာ ပြတင်းပေါက်မှ တိုးထွက်သွားလေသည်။

နတ်မျက်စိဂူးချီယန့်က မင်းသားလေးကောင်းကန်းအား ဟန့်တားခြင်းမပြုပါ။ ဟန့်တားရန်အင်အားလည်း မရှိတော့ပါ။

ထို့ကြောင့် ငေးငိုင်ကြည့်နေရုံမှအပ ဘာမျှမတတ်နိုင်။

သူ၏ဦးနှောက်ထဲတွင် မင်းသားလေးကောင်းကန်းပြောခဲ့သော ထိပ်တန်းလျှို့ဝှက်သတင်းကိုသာ ပြန်လည်ကြားယောင်နေမိလေသည်။

သိုင်းလောကတွင် ပျောက်ဆုံးသွားခဲ့သော မီးလျှံဓားနှင့် ရေခဲဓားတို့သည် ယခုအခါ လူနှစ်ယောက်လက်ထဲတွင် ရောက်ရှိနေပြီဖြစ်သည်။

ဤသတင်းကို သိုင်းလောကသားများအား ရောင်းချမည်ဆိုပါက သိုင်းလောကသားများသည် မိမိတို့စည်းစိမ်ကို ပုံပေးရန်ဝန်လေးကြမည် မဟုတ်ဟု နားလည်ထား၏။

ဤဓားနှစ်လက်ကား သိုင်းလောကသားတိုင်း ရူးသွပ်စွာလိုချင်မက်မောခဲ့ကြသော လျှို့ဝှက်လက်နက်ဆန်းများ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုထိပ်တန်းလျှို့ဝှက်သတင်းကို သူ့အနေဖြင့် ရောင်းချခွင့်မရှိတော့ပါ။

ချောင်းတဟွပ်ဟွပ်ဆိုးကာ ဒူးများညွတ်ကွေး၍ ကြမ်းပြင်ပေါ် လဲကျပြီး လုံးဝငြိမ်သက်သွားလေခြင်းကြောင့်ဖြစ်သည်။

သူ့ဝိညာဉ်က ခန္ဓာကိုယ်မှ လွင့်မျောသွားခဲ့ပြီ ဖြစ်သည်။

ထိပ်တန်းလျှို့ဝှက်သတင်းမှာလည်း သူ့ဝိညာဉ်နှင့်အတူ လွင့်ပါးပျောက်ကွယ်သွားပြီဖြစ်လေသည်။

✲ ✲ ✲



## အခန်း (၄)

## ပြည်တော်ပြန်ခရီး

နေရောင်ခြည်သည် နှင်းပဝါကို ထိုးဖောက်ကျရောက်နေပြီဖြစ်သည်။

မြစ်ရေပြင်ပေါ်တွင် ကြီးမားသော လှေကြီးတစ်စင်း တရွေ့ရွေ့ လှော်ခတ်လျက်ရှိ၏။

လှေကြီး၏ ပေါင်းမိုးအနားသတ်တွင် အဖြူရောင်ခန်းဆီးစများ တစ်ဖက်တစ်ချက် ချိတ်ဆွဲထားသဖြင့် ဇိမ်ခံလှေတစ်စင်းဖြစ်ကြောင်း သိသာလေသည်။

လှေဝမ်းဗိုက်တည့်တည့်၌ စားပွဲခုံငယ်လေးတစ်ခု ရှိနေပြီး အရက်နှင့် စားသောက်ဖွယ်ရာများဖြင့် ပြည့်နှက်နေလေသည်။

စားပွဲအနီးတွင် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်တစ်ယောက်နှင့် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ပူးပူးကပ်ကပ် ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်စုံနှင့်လူရွယ်သည် အရက်ခွက်ကို နှုတ်ခမ်းတွင်တေ့ကာ ဖြည်းညင်းစွာ မော့သောက်လိုက်သည်။ ပြီးနောက် အရက်ခွက်ကို စားပွဲပေါ်ပြန်ချလိုက်သည်။

ပန်းနုရောင်ဝတ်စုံနှင့် မိန်းကလေးက အရက်အဆင်သင့်ထည့်ထားသောခွက်နှင့် စားပွဲပေါ်မှ ကုန်နေသော အရက်ခွက်ကို လဲလှယ်ပေးလိုက်သည်။

ထို့နောက် ပုစွန်တုပ်ကို အခွံနွှာကာ လူရွယ်၏ပါးစပ်ထဲသို့ ခွံ့ကျွေးလိုက်သည်။ သူတို့၏ဟန်မူရာသည် ညားခါစဇနီးမောင်နှံနှင့် တူလှ၏။

လှေထိုးသားသည် လှေကိုဖြည်းညင်းစွာ လှော်ခတ်ရင်း မှ သူတို့နှစ်ယောက်ကို ကြည့်နေ၏။ သူ၏မျက်လုံးအစုံတွင် ကြည်နူးအားကျသော ဟန်မူရာများ ပေါ်လွင်နေလေသည်။

ယနေ့ ဝေလီဝေလင်းအချိန်တွင် အခကြေးငွေ အဆမတန်ပေးကာ လှေငှားရမ်းခဲ့သော လူရွယ်နှင့် မိန်းကလေးတို့သည် အလွန်ချစ်မြတ်နိုးသော ချစ်သူစုံတွဲများဖြစ်ကြပြီး မိဘများမသိအောင် တစ်နယ်တစ်ကျေးသို့ ထွက်ပြေးသည်ဟု ယူဆမိခဲ့သောကြောင့် ဖြစ်လေသည်။

ထူးခြားသည်မှာ လူရွယ်က လှေပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ရာ ပြောဆိုမှုမရှိခြင်းပင်။



မိန်းကလေးကမူ ခရီးဆောင်အိတ်ထဲမှ အဖြူရောင်ပိုးသားအဝတ်များကိုထုတ်ယူကာ ပေါင်းမိုးတံစက်မြိတ်တစ်ဖက်တစ်ချက်တွင် ခန်းဆီးများအဖြစ် လှပစွာချိတ်ဆွဲခဲ့၏။

ထို့ပြင် မြို့ကလေးတစ်မြို့သို့ ရောက်သောအခါ လှေကို ခေတ္တရပ်နားစေပြီး လှေထိုးသားတစ်ယောက်ကို အဖော်အဖြစ်ခေါ်ယူ၍ မြစ်ဆိပ်ကမ်းဈေးတန်းသို့သွားကာ သေးငယ်သောစားပွဲခုံနှင့် အရက်အိုးများ အစားအသောက်မျိုးစုံတို့ကို ဝယ်ယူကာ ခင်းကျင်း၍ လူရွယ်အား ကျွေးမွေးပြုစုယုယနေခဲ့လေသည်။

လှေသည် ရေစုန်အတိုင်း စီးဆင်းရွေ့လျားနေသောကြောင့် လှေကိုအားစိုက် လှော်ခတ်စရာမလိုပါ။ ထို့ကြောင့် လှေထိုးသားသည် ရေစီးအတိုင်း မျှောလိုက်ရင်း ရှေ့တွင် ထိုင်နေသော လူရွယ်နှင့် မိန်းကလေးတို့အား ကြည်နူးစွာ ကြည့်နေမိသည်။

သို့သော် အကယ်၍သာ ဤလှေပေါ်တွင် လိုက်ပါလာသော လူရွယ်သည် အန်တုမြို့၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့်သတင်းရောင်းသမား နတ်မျက်စိဂူးချိုယန့်အား ရက်စက်စွာ သတ်ဖြတ်ခဲ့သော လူသတ်သမားဖြစ်ကြောင်း သိရှိခဲ့ပါလျှင် သူသည် ယခုကဲ့သို့ ကြည်နူးနိုင်ပါမည်လော။

✲

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းသည် စန္ဒကွမ်းချိုးမေ၏ ပြုစုယုယမှုကိုခံယူရင်း ကျေနပ်စွာ ပြုံးနေသည်။

စန္ဒကွမ်းချိုးမေက ကဏန်းပြုတ်များ၊ ပုစွန်တုပ်များ၊ ငါးကြော်များ စသည့်စားသောက်ဖွယ်ရာတို့ကို တစ်မျိုးပြီးတစ်မျိုး ယုယစွာ ခွံ့ကျွေးရင်း သူ၏မျက်နှာအားပြုံး၍ စိုက်ကြည့်နေလေသည်။

မင်းသားလေးကောင်းကန်း မျက်မှောင်ကြုတ်သွားသည်။

"မင်းက ကျုပ်ကို ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲ"

စန္ဒကွမ်းချိုးမေက သူ၏ပခုံးပေါ်သို့ ခေါင်းငုံ့ပြီး ခပ်နွဲ့နွဲ့လေသံဖြင့်

"ရှင်က ကာယချောတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ ဘယ်မိန်းကလေးမဆို ရှင့်ကိုကြိုက်ကြမှာပဲ"

မင်းသားလေးကောင်းကန်းက မျက်ခုံးပင့်၍ ကြည့်လိုက်သည်။

"ဟုတ်ရဲ့လား"



စန္ဒကွမ်းချိုးမေက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ ... ရှင့်ကိုမကြိုက်ဘူးဆိုတဲ့ မိန်းကလေးဟာ အရူးပဲ"

မင်းသားလေးကောင်းကန်း ပြုံးလိုက်သည်။ ခံပြင်းမှုများ ရောယှက်နေသော အပြုံးဖြစ်သည်။

"ဒါပေမဲ့ ကျုပ်ကို မနှစ်သက်တဲ့ မိန်းကလေးတစ်ယောက် ရှိနေတယ်"

စန္ဒကွမ်းချိုးမေက ရယ်မောလိုက်သည်။

"ဟင်း ဟင်း ... မဖြစ်နိုင်တာဘဲရှင်၊ ရှင့်ကိုတွေ့တဲ့ မိန်းကလေးမှန်သမျှ နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်တာ ကျွန်မကိုယ်တွေ့ပဲ"

မင်းသားလေးကောင်းကန်းက မချိုပြုံး ပြုံးလိုက်သည်။

"မင်း ကျုပ်ပြောတဲ့စကားကို နားမလည်တာလား၊ ဒါမှမဟုတ် နားမလည်ချင်ယောင် ဆောင်တာလား"

စန္ဒကွမ်းချိုးမေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ကျွန်မက ရှင့်ကိုနားအလည်ဆုံး မိန်းကလေးတစ်ယောက်ပါ၊ ရှင်က ချူးအေဘွလျှံအတွက် ခံစားနေရတာ မဟုတ်လား"

မင်းသားလေးကောင်းကန်း နှုတ်ဆိတ်သွား၏။ မျက်နှာကမူ ထုံးစံအတိုင်း ပြုံးနေသည်။

သို့သော် သူ့အပြုံးက ဝိုပြင်ခြင်းမရှိ။ စန္ဒကွမ်းချိုးမေက

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်း၏မျက်နှာကို မော့ကြည့်လိုက်ပြီး

"မင်းသားလေးကောင်း ရှင်ကသာ မိန်းကလေးတစ်ယောက်ကို ချစ်ပါတယ်လို့ ဖွင့်ပြောရင် ဘယ်မိန်းကလေးမဆို ရှင့်ရှေ့မှာ ဒူးထောက်ပြီး ရှင့်ရဲ့မေတ္တာကို ဝမ်းသာအားရလက်ခံကြမှာပါ၊ ဒါနဲ့တောင် ရှင်က ဘာဖြစ်လို့ သူ့ကိုမှ မိန်းကလေးလို့ ထင်နေရတာလဲ"

မင်းသားလေးကောင်းကန်း တုတ်တုတ်မျှ မလှုပ်ပါ။

သူသည် ရီဝေသောမျက်လုံးအစုံဖြင့် ကမ်းခြေအလှအားငေးကြည့်နေ၏။

စန္ဒကွမ်းချုံးမေက သူ့အားတစ်ချက်အကဲခတ်ကြည့်ကာ မဝံ့မရဲဖြင့် တိုးတိုးပြောလိုက်သည်။

"တကယ်ဆိုရင် ရှင်က ရှင့်အပေါ် ဂရုမစိုက်တဲ့ ချုံးအေ့လှို့လို မိန်းကလေးအတွက် ခံစားနေမယ့်အစား ရှင့်အပေါ် တကယ်မေတ္တာစစ်၊ မေတ္တာမှန်နဲ့ချစ်တဲ့ မိန်းကလေးကို ဂရုစိုက်သင့်တယ် နားလည်သင့်တယ်"

မင်းသားလေးကောင်းကန်း၏ မျက်ဝန်းအစုံက သူမ၏မျက်နှာပေါ်သို့ ကျရောက်လာလေသည်။ အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ပြုံးလိုက်ပြီး

"ကျုပ် မင်းကို နားလည်ပါတယ်၊ ဒါကြောင့်လည်း အခုလို



အရေးကြီးတဲ့ ကိစ္စမျိုးဆောင်ရွက်တိုင်း မင်းကို ကျုပ်နဲ့အတူ သွားစေခဲ့တာပဲ မဟုတ်လား"

စန္ဒကွမ်းချုံးမေ ရယ်လိုက်သည်။ သူမ၏ ရယ်မောသံသည် ငိုကြွေးခြင်းထက်ပင် ကြေကွဲဖွယ်ရာ ကောင်းနေ၏။

"ဒါကတော့ ကျွန်မက ရှင့်အတွက် အသုံးဝင်နေတယ်လေ"

မင်းသားလေးကောင်းကန်းက အရက်ခွက်ကို လှည့်ပတ်တစ်ချက်ကြည့်ကာ စားပွဲပေါ်တင်လိုက်သည်။

"ဒါကြောင့်လည်း မင်းအတွက် ယင်ခွန်ရဲဂေဟာထဲက ရှယ်ယာတစ်ဝက်ကို ပိုင်ဆိုင်ခွင့်ပေးထားတာပဲပေါ့၊ ဒါကို မင်း မကျေနပ်သေးဘူးလား"

စန္ဒကွမ်းချုံးမေ ပြုံးလိုက်သည်။ နာကြည်းကြေကွဲသော အပြုံးဖြစ်သည်။

"မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်အပေါ်မှာ နှစ်နှစ်ကာကာ စွဲလမ်းမိပြီဆိုရင် အဲဒီယောကျ်ားက ရွှေငွေရတနာတွေပုံပေးတာထက် အဲဒီယောကျ်ားရဲ့ အသည်းနှလုံးထဲက ကြင်နာယုယမှုနဲ့ ဂရုစိုက်မှုကို လိုချင်တပ်မက်တတ်တယ်ဆိုတာ ရှင် နားလည်ပါ"

မင်းသားလေးကောင်းကန်းက ရယ်မောလိုက်သည်။

"ကဲပါကွာ ... ဒါတွေပြောနေမယ့်အစား ကျုပ်တို့ရှေ့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်တယ်ဆိုတာ ပြောကြရအောင်”

စန္ဒကွမ်းချုံးမေက သူစကားလွှဲသွားသည်ကို သဘော ပေါက်သဖြင့်

“ရှင်က ကျွန်မ ဒီအကြောင်းတွေကိုပြောတိုင်း စကားလမ်း လွှဲပစ်လိုက်တယ်၊ ဘာလဲ … ကျွန်မရဲ့ရင်ထဲက စကားတွေက ရှင့်အ တွက် နားထောင်မကောင်းလို့လား”

မင်းသားလေးကောင်းကန်းက စန္ဒကွမ်းချုံးမေအား သိုင်း ဖက်လိုက်ပြီး

“ဒီလိုလည်းမဟုတ်ပါဘူးကွာ၊ ကျုပ်က အခုအချိန်မှာ မီး လျှံစားကိုရဖို့အတွက် ဂရုစိုက်နေရလို့ပါ ဒါကြောင့်”

စန္ဒကွမ်းချုံးမေက မချိပြုံးပြုံး၍ လက်ကာပြလိုက်သည်။

“ရှင်က မီးလျှံစားကြောင့် ကျွန်မကို ဂရုမစိုက်နိုင်ဘူးလို့ ပြောမလို့ မဟုတ်လား”

သူမသည် သက်ပြင်းတစ်ချက်ချပြီး …

“အင်း … ဘာပဲဖြစ်ဖြစ် ရှင်က လောကပေါ်မှာ အာဏာ အရှိဆုံးနဲ့ ငွေကြေးအချမ်းသာဆုံး လူတစ်ယောက်မဟုတ်လား … ဘာလုပ်လုပ် တင့်တယ်ပါတယ်လေ”

မင်းသားလေးကောင်းကန်းက သူမအား ပြုံး၍ကြည့်လိုက် သည်။ သူ၏မျက်ဝန်းအစုံတွင် ထူးဆန်းသော အမူအရာများပေါ်



လွင်နေ၏။

စန္ဒကွမ်းချုံးမေက သူ့အားရွှန်းလဲ့တောက်ပသော မျက် လုံးအစုံဖြင့် စိုက်ကြည့်ရင်း သက်ပြင်းမျှဉ်းမျှဉ်းချလိုက်သည်။

“အင်း ကျွန်မရင်ထဲမှာ ခံစားရလွန်းလို့ အခုလိုပြောမိတာ ပါ။ ဘာကယ်ဆိုရင် ကျွန်မက ရှင့်ရဲ့အနာဂတ်လှပဖို့ လိုအပ်တာကို ဖြည့်ဆည်းပေးသင့်ပါတယ်၊ နောက်ပြီး အခုလို စိတ်အနှောင့်အ ယှက်ဖြစ်မယ့် စကားတွေကို မပြောသင့်ဘူးဆိုတာ ကျွန်မ နားလည် ထားပါတယ်”

မင်းသားလေးကောင်းကန်းက စန္ဒကွမ်းချုံးမေ၏ ပခုံးကို ဝို၍ တင်းကျပ်စွာ သိုင်းဖက်ထားလိုက်သည်။

“မင်းက ကျုပ်အပေါ် တကယ်နားလည်တဲ့ မိန်းကလေး ပါ။ ဒါကြောင့် ကျုပ်ကလည်း မင်းအတွက် ရသင့်ရထိုက်တဲ့ အခွင့် အရေးကို ပေးဆပ်ရမှာပါ”

စန္ဒကွမ်းချုံးမေက ပြုံးလိုက်၏။ ဝမ်းနည်းကြေကွဲသော အပြုံးဖြစ်သည်။

“ရသင့်ရထိုက်တဲ့ အခွင့်အရေး … ဟုတ်လား”

သူမ ပခုံးတစ်ချက်တွန့်ရင်း …

“ထားလိုက်ပါတော့လေ၊ အခု ကျွန်မက ဘာဆက်ပြော ပေးရမလဲ”

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ ထို့နောက် သူမအား သိုင်းဖက်ထားသည့်လက်ကိုဖြုတ်ကာ

"ကျုပ်တို့ ပီကင်းကိုပြန်ရောက်ရင် ပထမဆုံး မင်းရဲ့ ယင်ချွန်ရဲ့ဂေဟာကို သွားကြမယ်"

စန္ဒကွမ်းချုံးမေ အလွန်အံ့အားသင့်သွားလေသည်။

သူမက မင်းသားလေးကောင်းကန်းအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ဘယ်လို ရှင်က ကျွန်မတို့ရဲ့ ယင်ချွန်ရဲ့ကို လိုက်လာမယ် ဟုတ်လား"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... မင်းက ကျုပ်လာမှာကို မနှစ်သက်ဘူးလား"

စန္ဒကွမ်းချုံးမေက သူ့အား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ...

"နောက်ကော"

မင်းသားလေးကောင်းကန်းက သူမအား လှည့်မကြည့်ပါ။

မြစ်ကမ်းပါးနံဘေးတွင် ပေါက်ရောက်နေသော စိမ်းလမ်းစိုပြည်သည့် သစ်ပင်များကိုကြည့်ကာ အေးဆေးတည်ငြိမ်စွာဖြင့်တစ်ခွန်းချင်း ပြောလိုက်၏။



"ပြီးရင် အာမခံဌာနတစ်ခုကို အမြန်ဆုံးဖွင့်ထားပါ။ မင်း မဖွင့်ထားနဲ့ ချုံးအော့လျှံကို ဖွင့်ခိုင်း"

စန္ဒကွမ်းချုံးမေက ဘဝင်မကျဟန်ဖြင့် ကြည့်လိုက်သည်။

မင်းသားလေးကောင်းကန်းက သူ၏အကြည့်ကို သဘောပေါက်ဟန်ဖြင့် ရယ်မောလိုက်၏။

"မင်းက တကယ်သဝန်တိုတတ်တာကိုး၊ ကျုပ်က သူနဲ့ ရင်းနှီးတဲ့ အာမခံဌာနကို အသုံးပြုချင်လို့ သူ့ကိုဖွင့်ခိုင်းတာပါ"

စန္ဒကွမ်းချုံးမေ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကျွန်မ သဘောပေါက်ပါပြီ။ ရှင်က ချုံးအော့လျှံဆီကို မကြာခဏရောက်လာတတ်တဲ့ ကျန်းအာမခံဌာနက ကျန်းကျုံးရှန့်ကို ဖွင့်ရမ်းမယ်ဆိုပါတော့"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ အလွန်လှို့ဝှက်သော အပြုံးဖြစ်သည်။

"ဟုတ်တယ် ... လျှံငွေသိန်းနှစ်ဆယ်ဆိုတာ တကယ် အင်အားမနည်းတဲ့ ငွေကြေးပါ၊ ဒါကြောင့် ကျန်းကျုံးရှန့်လို အာမခံဌာနမှူးက လွဲပြီး တခြားလူလက်ထဲ အပ်နှံလို့မဖြစ်ဘူး"

စန္ဒကွမ်းချုံးမေက သူ့အားကြည့်ရင်း ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။

"ကျွန်မကတော့ ဒီလိုမထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦး မင်းက ဘယ်လိုထင်လို့လဲ"

"ကျွန်းကျွုံးရှန့်ဟာ ချူးအော့လျှံနဲ့ သိပ်ရင်းနှီးတယ်၊ ချူးအော့လျှံရဲ့မျက်လုံးတွေဟာ ကျွန်းကျွုံးရှန့်နဲ့တွေ့ရင် ရွှန်းလဲ့တောက်ပနေတယ်၊ ကြည်နူးနေတယ်၊ သူ့ကိုကြည့်ရတာ ကျွန်းကျွုံးရှန့် ရောက်လာရင် လောကကြီးတစ်ခုလုံးကို မေ့လျော့"

"တိတ်စမ်း"

မင်းသားလေးကောင်းကန်းက ဒေါသကြီးစွာ အော်ဟစ်လိုက်၏။

"နောက်နောင် ကျုပ်ရှေ့မှာ ဒီလိုစကားမျိုး လုံးဝမပြောမိအောင် သတိထားပါ"

စန့်ကွမ်းချုံးမေက သူ့အားကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူမ၏ရင်ထဲတွင် ချူးအော့လျှံအပေါ်ထားရှိသော မင်းသားလေးကောင်းကန်း၏ မေတ္တာတရားမှာ ကြီးမားလှသည်ဟု နားလည်လိုက်လေသည်။

ရင်ထဲ၌ နာကျင်လာမိ၏။ မသိမသာ သက်ပြင်းချရင်း ...

"ခွင့်လွှတ်ပါ ရှင်အနှောင့်အယှက်ဖြစ်မယ့် စကားကို ကျွန်မ ထပ်ပြောမိပြန်ပြီ"

မင်းသားလေးကောင်းကန်း၏ တင်းနေသော မျက်နှာထား



ရုတ်ခြည်းပျော့ပျောင်းသွားသည်။ နှစ်သိမ့်ပြုံး ပြုံးကာ ...

"ကိစ္စမရှိပါဘူး ... ကျုပ် စိတ်လောသွားမိတယ်၊ ဒါပေမဲ့ ချူးအော့လျှံနဲ့ပတ်သက်လာရင် ကျုပ် နည်းနည်းစိတ်လှုပ်ရှားတတ်တယ် ဆိုတာတော့ ဝန်ခံပါတယ်"

စန့်ကွမ်းချုံမေက သူ့အားအတန်ကြာအောင် ငေးငိုင်ကြည့်နေမိ၏။ မင်းသားလေးကောင်းကန်း မျက်မှောင်ကြုတ်သွားသည်။

"မင်း ကျုပ်ကို ဘာဖြစ်လို့ ဒီလောက်တောင်မှ ကြည့်နေရတာလဲ"

စန့်ကွမ်းချုံးမေက ပခုံးတစ်ချက်တွန့်ပြီး ခေါင်းခါယမ်းလိုက်သည်။

"ဒီမေးခွန်းကို ကျွန်မဖြေလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

မင်းသားလေးကောင်းကန်းက သူမအား နှစ်လိုဖွယ်ပြုံးပြကာ

"ကိစ္စမရှိပါဘူး ... ကျုပ် အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားပါ့မယ် ပြောပါ"

"တကယ်လား"

"တကယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်းချိုးမေသည် မင်းသားလေးကောင်းကန်းအား စေ့စေ့ကြည့်လိုက်ပြီး ...

"ရှင် ချိုးအော့လျှံကို ဒီလောက်တောင် တန်ဖိုးထားပါလျက်နဲ့ ဘာဖြစ်လို့ ကျွန်မတို့ရဲ့ဂေဟာကို ပို့ရတာလဲ၊ ခုတော့ သူက ကျွန်းကျုံးရှန့်နဲ့ ရင်းနှီးနေပြီ၊ ဒါဟာ ရှင့်အတွက် မနစ်နာဘူးလား"

မင်းသားလေးကောင်းကန်း သက်ပြင်းတစ်ချက် ချလိုက်သည်။ စန္ဒကွမ်းချိုးမေ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ...

"ဝမ်းနည်းပါတယ် ... ကျုပ်က အခုလောလောဆယ် ဒီကိစ္စတွေ မပြောချင်ဘူး"

စန္ဒကွမ်းချိုးမေ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။ သူမသည် မင်းသားလေးကောင်းကန်းအား ငြိမ်သက်စွာငေးကြည့်နေမိ၏။

မင်းသားလေးကောင်းကန်းက သူမအား မကြည့်တော့ပါ။ လှေထိုးသားဘက်လှည့်ကာ ...

"ဟေ့ ... မင်းတို့လှေ မြန်မြန်ခရီးရောက်အောင် အစွမ်းကုန် လှော်ပေးစမ်းပါဗျာ"

သူ၏အသံသည် တည်ငြိမ်အေးဆေးသော်လည်း ဩဇာအာဏာသံအပြည့်ပါရှိ၏။

လှေထိုးသမားနှစ်ယောက် ပြိုင်တူခေါင်းညိတ်လိုက်ကြပြီး



လှေကိုလျင်မြန်စွာ လှော်ခတ်လိုက်ကြလေသည်။

လှေသည် ရေစုန်အတိုင်း လျင်မြန်စွာ စုန်ဆင်းရွေ့လျားသွားဖြင့် ကမ်းနဖူးတစ်ဖက်တစ်ချက်ရှိ သစ်ပင်များကို ရိပ်ခနဲ ရိပ်ခနဲသာ တွေ့မြင်ရတော့၏။

✲ ✲ ✲

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## ယင်ချွန်ရဲ သို့မဟုတ် သုခဘုံ

ယင်ချွန်ရဲ ...။

ပီကင်းမြို့တော် မင်းလမ်းမကြီးနံဘေးရှိ ကြေးတန်းစားဂေဟာတစ်ခု၏အမည်ဖြစ်သည်။

ယင်ချွန်ရဲမှ မိန်းကလေးများသည် နုနယ်ချောမော၍ သွက်လက်ကြ၏။ ထို့ပြင် ပြုစုယုယမှုကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်ထားကြလေသည်။

သို့ဖြစ်ရာ ပီကင်းမြို့သို့ရောက်ရှိလာကြသော ခရီးသည်များ၊ ကုန်သည်ပွဲစားများနှင့် ပီကင်းမြို့မှ သူဌေးသူကြွယ်များသည် ယင်ချွန်ရဲသို့မဝင်ဘဲ မနေနိုင်ကြချေ။

ယင်ချွန်ရဲသို့ရောက်သွားသူတိုင်း စိတ်မကျေနပ်စရာဟူ၍ မြူတစ်မှုန်မျှမရှိအောင် ချမ်းသာသုခကို ပြည့်ဝစွာရရှိသည်ဟုဆိုကြ၏။



တချို့ကမူ ယင်ချွန်ရဲသည် လောကနိဗ္ဗာန်ဘုံကလေးတစ်ခုဟု တင်စားကြလေသည်။

ထို့ကြောင့် ညနေဆည်းဆာချိန်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ယင်ချွန်ရဲသို့ ဧည့်သည်တော်ပုရိသယောကျ်ားသားများ စည်ကားစွာရောက်ရှိနေလေ့ရှိတော့၏။

✲

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာရောင်ခြည်သည် ယင်ချွန်ရဲဂေဟာ၏ ဝရန်တာပေါ်သို့ ယှက်ဖြာကျရောက်နေလေသည်။

ကျောက်စိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် ဖြာကျနေသော နေခြည်အောက်တွင် ရပ်နေ၏။

ပါးလွှာသောအစိမ်းရောင်ဝတ်စုံအား နေရောင်ခြည်ထင်ဟပ်မှုကြောင့် တင်းရင်းဖွံ့ဖြိုးလွန်းသည့် ခန္ဓာကိုယ်အချိုးအစားပြေပြစ်မှုကို ထင်ရှားစွာ တွေ့မြင်နေရလေသည်။

ယင်ချွန်ရဲသို့ ဝင်ရောက်လာကြသော ပုရိသယောကျ်ားများသည် ဝရန်တာတွင် မခို့တရို့ရပ်နေသည့် သူမ၏အလှကို ငေးမောခံစားပြီးမှ အထဲသို့ ဝင်ရောက်လာနိုင်ကြသည်။

သို့သော် အသက်နှစ်ဆယ်ကျော်ခန့်ရှိသော လူရွယ်တစ်ယောက်ကမူကျောက်စိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးအား တစ်ချက်မျှသာကြည့်ပြီး ခြေလှမ်းသုတ်သုတ်ဖြင့် ဂေဟာထဲသို့ ဝင်ရောက်သွားသည်။



ထိုလူရွယ်အားတွေ့မြင်လိုက်သည်နှင့် ကျောက်စိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေး၏မျက်နှာပေါ်တွင် ထူးဆန်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။

သူမသည် မင်းလမ်းမကြီးဘက်သို့ မျက်နှာမူထားရာမှ ချာခနဲ ကြည့်လိုက်၏။

ထိုအခါ သစ်လွင်တောက်ပသော အိမ်တောင်ပရိဘောဂများဖြင့် မွမ်းမံထားသော မိန်းကလေးတစ်ယောက်၏ အခန်းတစ်ခန်းကိုတွေ့မြင်လိုက်ရလေသည်။

အခန်း၏အလယ်တွင် ကြည်ပြာရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်က ဗျပ်စောင်းကိုဖြည်းညင်းစွာ တီးခတ်နေလေသည်။

အသက်တစ်ဆယ့်ရှစ်နှစ်ခန့်သာရှိဦးမည့် မိန်းကလေးဖြစ်၏။ သူမ၏ ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများမှာ အလွန်အဖိုးကြီးသော အဝတ်အစားများ မဟုတ်ပါချေ။

သို့သော် မည်သည့်အဝတ်အစားမဆို သူမ၏ခန္ဓာကိုယ်ပေါ်ရောက်ရှိသွားသည်နှင့် ပို၍လှပပြီး တောက်ပလာသည်ဟု ထင်ရလေသည်။

သူမ၏ခန္ဓာကိုယ်ပေါ်တွင် မည်သည့်စိန်ရွှေရတနာလက်ဝတ်လက်စားမျှ ဝတ်ဆင်ထားခြင်းမရှိပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လောကပေါ်၌ ရှိသမျှသော စိန်ရွှေရတနာများသည် သူမ၏ပင်ကိုအလှအား လွှမ်းမိုးကျော်လွှားနိုင်ခြင်း မရှိပါ။

ဖြူဖွေးသော သူ၏အသားအရေနှင့် မိုးပြာနုရောင်ပိုးထည်တို့မှာ လိုက်ဖက်ညီလှပေသည်။

ကွေးညွတ်သောနှုတ်ခမ်း၊ စင်ရော်တောင်ကဲ့သို့ မျက်ခုံး၊ ဆေးမကူဘဲလျက် ပန်းနုရောင်ပြေးနေသော ပါးပြင်တို့သည် မိန်းမလှတစ်ဦးအဖြစ် ပို၍ ထင်ရှားစေသည်။

အထူးသဖြင့် ပိုင်းစက်သောမျက်ဝန်းအစုံသည် ယောကျ်ားသားတို့အား ရင်ခုန်လောက်အောင် ကြည်လင်တောက်ပနေလေသည်။

မည်သူမဆို ယင်းမိန်းကလေးအား တစ်ကြိမ်တွေ့ဖူးလိုက်သည်နှင့် တစ်သက်မေ့မရအောင်စွဲလမ်းသွားကြမည်သာဖြစ်သည်။

ဤသို့ဆိုလျှင် သူမသည် မည်သူဖြစ်မည်နည်း။ အမှန်တွင် သူမသည် ဝိကင်းမြို့တွင် အလှဘုရင်မဟု ကျော်ကြားနေသော ချူးအော့လျှံပင်ဖြစ်ပေတော့သတည်း။

✲



ချူးအော့လျှံသည် ဗျပ်စောင်းကို ဖြည်းညင်းစွာတီးခတ်နေ၏။ သူမ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများပေါ်လွင်နေလေသည်။

သို့သော် သူမ၏ဗျပ်စောင်းသံကမူ ကြည်နူးသာယာဖွယ်ကောင်းနေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သူမထံသို့ တစ်လှမ်းချင်း လျှောက်လာကာ ဗျပ်စောင်းတီးခတ်နေသော သူမ၏လက်ကလေးများကို ညင်သာစွာ ဆုပ်ကိုင်လိုက်လေသည်။

"အော့လျှံ"

ချူးအော့လျှံက ဖြည်းညင်းစွာ မော့ကြည့်လိုက်ပြီး

"မမစန်ကွမ်းချူးမေ ညီမရဲ့ ဗျပ်စောင်းသံက သိပ်ညံ့နေလို့လားဟင်"

အစိမ်းရောင်ဝတ်စုံနှင့်မိန်းကလေးမှာ စန်ကွမ်းချူးမေဖြစ်၏။ သူမသည် အသာအယာ ခေါင်းခါယမ်းလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မညှာပါဘူးကွယ်"

"ဒါဖြင့်"

စန္ဒကွမ်းချုံးမေက သူမ၏ဆံကေသာစများကို တစ်ချက်သတ်လိုက်သည်။

"သူ လာနေပြီ"

ချုံးအော့လျှံ၏မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများယှက်သန်းလာ၏။ သူမသည် စန္ဒကွမ်းချုံးမေ၏ လက်ကလေးအား ဆုပ်ကိုင်လိုက်ရင်း ...

"မမ ဒီကိစ္စအတွက် တခြားလူကို ပွားလို့ မရဘူးလားဟင်"

စန္ဒကွမ်းချုံးမေက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"မင်းသားလေးကောင်းရဲ့ အမိန့်ကို ဘယ်သူမှ ပြင်ဆင်ခွင့်မရှိဘူးဆိုတာ ညီမလေး သိမှာပါ"

ချုံးအော့လျှံက ခေါင်းငိုက်စိုက်ကျသွားလေသည်။

"ကဲ ညီမလေး ... အစီအစဉ်အတိုင်း လုပ်ပါ၊ မမက အတွင်းခန်းထဲမှာ ရှိနေမယ်"

စန္ဒကွမ်းချုံးမေက ပြောပြီး အတွင်းခန်းဆီ လျှောက်သွားလေသည်။

* * *



အခန်း (၆)

အန္တရာယ်လမ်း

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ အသက်ကင်းမဲ့စွာ တိတ်ဆိတ်နေခြင်းမျိုးဖြစ်သည်။ လှုပ်ရှားမှုမရှိ။ အသံဗလံကင်းမဲ့နေ၏။

အကယ်၍ လေတိုက်ခတ်မှုသာမရှိခဲ့လျှင် ကမ္ဘာမြေပြင်သည် အသက်ရှိပါလေစဟု သံသယဝင်မိမည်သာ ဖြစ်လေသည်။

မည်မျှအချိန်ကြာသွားမှန်း မသိ။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံက တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ထွက်လာသည်။

တံခါးခေါက်သံကြောင့် ချုံးအော့လျှံ၏ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွား၏။ နှုတ်ခမ်းတစ်ချက်ကိုက်ကာ တံခါးရွက်အားစိုက်ကြည့်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"တံခါးစေ့ထားတယ် ... ဝင်ခဲ့ပါ"

သူမ၏အသံသည် ကြည်လင်ပြီး သာယာနာပျော်ဖွယ်ကောင်းလှ၏။ သို့သော် မသိမသာတုန်ခါနေသည်။

သူမ၏စကားသံအဆုံးတွင် အခန်းတံခါးသည် ဖြည်းညင်းစွာ ပွင့်သွားပြီး တံခါးဝတွင် အသက်နှစ်ဆယ်ခန့်ရှိသော လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*



အသက်နှစ်ဆယ်ကျော်ခန့်ရှိသော လူရွယ်တစ်ယောက်သည် တံခါးဝတွင် ရပ်နေလေသည်။

သူသည် စာပေသမားတစ်ယောက်၏ဝတ်စုံကို ဝတ်ဆင်ထားပြီး ဆံကေသာကို သေသပ်စွာ စုစည်းချည်နှောင်ထားသည်။

မျက်လုံးက ညိုရင့်နေပြီး နှာတံကဖြောင့်စင်းနေလေသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းအစုံက ရဲရင့်တည်ကြည်သောစိတ်ဓာတ်ရှိကြောင်း ဖော်ပြနေသည်။

ချူးအေဒွလျှံသည် သူ၏ယောက်ျားပီသပြီး ချောမောခန့်ညားသောရုပ်သွင်အား ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့် ငေးနေမိ၏။

ထိုလူရွယ်ကလည်း သူမအား မျက်တောင်မခတ်စိုက်ကြည့်နေ၏။ အတန်ကြာမှ သူက နှုတ်ခမ်းတွန့်ရုံတစ်ချက်ပြုံးရင်း

"အေဒွလျှံ ... မင်း ကျုပ်ကို ခေါ်ခိုင်းတာက ဒီမှာရပ်ခိုင်းဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံ ယခုမှ အသက်ဝင်လာသူပမာကမန်းကတန်း ထရပ်လိုက်ပြီး

"သြော် ... ကျွန် ကျွန်မက ရုတ်တရက် တွေ့လိုက်ရလို့ပါ၊ အထဲကို ဝင်ခဲ့ပါရှင်"

လူရွယ်က ခေါင်းတစ်ချက်ညိတ်ကာ အခန်းတွင်းသို့ ဝင်လိုက်လေသည်။

ထို့နောက် မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ ...

"ဒါနဲ့ မင်းရဲ့ကျေးဇူးရှင်ကော"

ချူးအော့လျှံ ရင်ထိတ်သွားသည်။ အတွင်းခန်းဆီသို့ မသိမသာတစ်ချက်ကြည့်လိုက်ပြီး

"မမစန့်ကွမ်းချူးမေက ဟိုဘက်ဆောင်က ညှော်သည်တွေကို သွားညှော်ခံနေပါတယ်"

"ဟုတ်လား ... ဒါနဲ့ မင်း ကျုပ်ကို အရေးမကြီးခေါ်နိုင်းတဲ့ကိစ္စက"

ချူးအော့လျှံက ပြုံး၍ ကုလားထိုင်တစ်လုံးဆီသို့ ညွှန်ပြလိုက်သည်။

"အစ်ကိုရယ် ... အေးအေးဆေးဆေး ထိုင်ပါဦး၊ ကျွန်မ အကူအညီတစ်ခု တောင်းချင်လို့"

လူရွယ်က ကုလားထိုင်တစ်လုံးပေါ် ဝင်ရောက်ထိုင်ချလိုက်



ပြီး ချူးအော့လျှံအား အကဲခတ်ကြည့်လိုက်၏။

"အကူအညီတောင်းချင်လို့ ... ဟုတ်လား"

ချူးအော့လျှံက ခေါင်းညိတ်လိုက်သည်။ လူရွယ်က မျက်မှောင်ကြုတ်လိုက်သည်။

"ဆိုပါဦး ... ဘာများ အကူအညီတောင်းချင်လို့လဲ"

ချူးအော့လျှံက သူ့နံဘေးရှိ ကုလားထိုင်အလွတ်တွင် ဝင်ရောက်ထိုင်ချရင်း ...

"ရှင် အန်တုမြို့ကလေးကို သိမှာပါ"

"နယ်ခြားမြို့လေးတစ်မြို့ပဲ ... ဘာဖြစ်လို့လဲ"

"ရှင်တို့ အာမခံဌာနကို အဲဒီအန်တုမြို့ကလေးဆီ ပစ္စည်းသွားပို့ခိုင်းချင်လို့ပါ"

လူရွယ်အံ့သြသွားသည်။ မယုံကြည်နိုင်စွာ ချူးအော့လျှံအား ကြည့်လိုက်ပြီး

"နေပါဦး ... မင်းက ကျုပ်တို့ရဲ့ ကျန်းအာမခံဌာနကို အလုပ်အပ်နေတာလား"

"ဟုတ်ပါတယ်"

လူရွယ်က ရယ်မောလိုက်သည်။

"ချူးအော့လျှံ ... မင်းက ကျုပ်ကိုခေါ်ပြီး နောက်ပြောင်နေတာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံသည် ခြေထောက်တစ်ဖက်ဆောင့်ကာ လူရွယ်အား မကျေမနပ်ဖြင့် ကြည့်လိုက်သည်။

"ကျွန်မကို ရှင် အလေးအနက်မထားတာလား"

လူရွယ်က လက်ကာပြလိုက်ပြီး ...

"ထားပါတော့ ... ဒါနဲ့ မင်းရဲ့ပစ္စည်းက ဘာလဲ"

ချူးအော့လျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငွေတွေပါ"

လူရွယ်၏မျက်နှာပေါ်တွင် ဝေခွဲမရသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ငွေ ... ဟုတ်လား ... ဘယ်လောက်လဲ"

"လျှံငွေသိန်းနှစ်ဆယ်ပါ"

လူရွယ်မှာ ထခုန်မိမတတ်ဖြစ်သွားကာ ချူးအော့လျှံအား မျက်လုံးပြူးပြီး ကြည့်လိုက်၏။

"လျှံငွေသိန်းနှစ်ဆယ် ... ဟုတ်လား"

ချူးအော့လျှံ ခေါင်းညိတ်လိုက်သည်။ လူရွယ်က သူမအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရင်း

"အော့လျှံ ... နှင်ဟာ လျှံငွေသိန်းနှစ်ဆယ်ပိုင်လောက်တဲ့ လူ မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် အရှုးစကားတွေ ပြောမနေပါနဲ့"



ချူးအော့လျှံ ကမန်းကတန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး မဟုတ်ဘူး ... ဒါက ကျွန်မပိုင်တာ မဟုတ်ဘူး"

လူရွယ် မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘယ်သူ့ငွေလဲ"

ချူးအော့လျှံ၏မျက်လုံးအစုံတွင် အနည်းငယ်ထိတ်လန့်သော ဟန်မူရာများပေါ်လွင်လာလေသည်။

"အဲ အဲ ... အဲဒီလူဟာ ယင်ချွန်ရဲ့ ဖောက်သည်တစ်ယောက်ပါ။ သူက လျှံငွေသိန်းနှစ်ဆယ်ပို့မယ်ဆိုလို့ ကျွန်မက ရှင့်ရဲ့စီးပွားရေးအတွက် လက်ခံထားလိုက်တာပါ"

လူရွယ်မှာ ပို၍ မျက်မှောင်တွန့်ကာ ...

"အော့လျှံ ... မင်းပြောတာ လုံးဝသဘာဝမကျဘူး၊ မင်းက ယင်ချွန်ရဲ့မှာ မမစန့်ကွမ်းချူးမေရဲ့ စောင့်ရှောက်မှုအောက်မှာနေ ထိုင်တယ်ဆိုပေမယ့် ယင်ချွန်ရဲ့ကိုလာတဲ့ ဧည့်သည်တော်တွေနဲ့ လုံးဝ ပတ်သက်မှုမရှိဘူးဆိုတာ ကျုပ်သိနေပါတယ်၊ ဒါကြောင့် ဒီအလုပ်ကို မင်းလက်ခံတာ မဖြစ်နိုင်ဘူး"

ချူးအော့လျှံ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဟုတ် ဟုတ်ပါတယ် ... အဲဒီအလုပ်ကိစ္စကို မမစန့်ကွမ်းချူးမေက မနေ့ညကပြောပြလို့ ကျွန်မက ရှင့်အတွက် လက်ခံထားတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ”

လူရွယ်က သူမအားစေ့စေ့ကြည့်ပြီး ...

“အော္လှံ့”

ချူးအော္လှံ့က သူ့အားဖြည်းညင်းစွာ မော့ကြည့်လိုက်သည်။

“အော္လှံ့ ... မင်းဟာ အင်မတန်ဖြူစင်တဲ့ မိန်းကလေးပါ၊ ဒါကြောင့် ဘယ်ကိစ္စမဆို လိမ်ညာပြောဆိုရင် သဘာဝမကျနိုင်ပါဘူး၊ အခု မင်းက တစ်ခုခုကိုဖုံးကွယ်ထားသလိုပဲ ... ဟုတ်တယ်မဟုတ်လား”

ချူးအော္လှံ့ မျက်နှာပျက်သွားပြန်၏။

“မ ... မဟုတ်ပါဘူး”

လူရွယ်သည် ခေါင်းတစ်ချက်ညိတ်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ အပြင်ဘက်၌ အမှောင်ထုက စတင်စိုးမိုးလာပြီဖြစ်သည်။

“ကောင်းပြီလေ ... ဒါနဲ့ လှံ့ငွေသိန်းနှစ်ဆယ်ကို ကျုပ်က ဘယ်နေရာကိုပို့ပေးရမှာလဲ”

ချူးအော္လှံ့မှာ အနည်းငယ်စိတ်သက်သာရာရရှိသွားပြီး

“အန်တုမြို့က နတ်မျက်စိဂူးချီယန့်ဆီကိုပါ”

“အန်တုမြို့ ... ဟုတ်လား၊ ခရီးက မသေးပါလား”



လူရွယ်က ယင်းသို့ပြောရင်း တစ်စုံတစ်ခုကို ငြိမ်သက်စွာစဉ်းစားနေလေသည်။

ချူးအော္လှံ့က သူ့အားကြည့်ရင်းစိတ်လှုပ်ရှားလာလေသည်။

ယင်းကြောင့် သူမက အခန်းနံရံတွင်ချိတ်ဆွဲထားသော မီးအိမ်များကို လိုက်၍ထွန်းညှိလိုက်သည်။

အခန်းတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းသွားလေ၏။

မီးရောင်အောက်တွင် ချူးအော္လှံ့၏ အလှသည် ပို၍တောက်ပလာသည်ဟု လူရွယ်၏စိတ်ထဲ၌ ခံစားလိုက်ရသည်။

သူသည် ချူးအော္လှံ့အား ငေးမောကြည့်နေမိသည်။ အတန်ကြာမှ သူက တီးတိုးလေသံဖြင့် သက်ပြင်းမှုဉ်းမှုဉ်းချလိုက်သည်။

“ထားပါတော့လေ ... ဒါနဲ့ ဒီငွေပို့တဲ့လူက ဘယ်သူလဲ၊ နတ်မျက်စိဂူးချီယန့်ဆိုတာ သိုင်းလောကမှာ သတင်းရောင်းသမားတစ်ယောက်ပဲ၊ ဒါကြောင့် သူ့ဆီက လှံ့ငွေသိန်းနှစ်ဆယ်တန်တဲ့ သတင်းများရခဲ့လို့လား”

ချူးအော္လှံ့က ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

“မဟုတ်ပါဘူးရှင် ... ငွေပို့တဲ့လူ ဘယ်သူဘယ်ဝါဆိုတာ မသိပေမယ့် ဒီလှံ့ငွေသိန်းနှစ်ဆယ်ဆိုတာကတော့ သတင်းရောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့ ပို့ပေးတာ မဟုတ်ပါဘူး”

လူရွယ် မျက်မှောင်ကြုတ်သွားသည်။

“ဒါဖြင့် ဘာကြောင့် ပို့ပေးတာလဲ”

“နတ်မျက်စိဝူးချီယန့်က ဓားရောင်းလို့ ပို့ပေးလိုက်တာပါ”

လူရွယ်က အံ့သြသွားဟန်ဖြင့် ချူးအော့လျှံအား စိုက်ကြည့်လိုက်ပြီး

“ဓားရောင်းလို့ ... ဟုတ်လား”

ချူးအော့လျှံ ခေါင်းညိတ်လိုက်သည်။

“နေပါဦး ... ဘယ်လိုဓားမျိုးမို့ လျှံငွေသိန်းနှစ်ဆယ်ပေးရတာလဲ”

ချူးအော့လျှံ အနည်းငယ်စဉ်းစားလိုက်သည်။ ပြီးမှ ...

“ရေ ... ရေခဲဓားလို့ ပြောတာပဲ”

သူမ၏အသံက တိုးညင်းလွန်းလှပေသည်။

သို့သော် လူရွယ်၏ခန္ဓာကိုယ်တစ်ခုလုံး မိုးကြိုးပစ်ချခံလိုက်ရသလို အံ့းခနဲဖြစ်သွားလေသည်။

“ဘာ ... ရေခဲဓား ... ဟုတ်လား”

သူ၏အသံကျယ်လောင်သွား၏။ ချူးအော့လျှံပင် ထိတ်လန့်သွားရလေသည်။ လူရွယ်အား မကျေမနပ်ကြည့်ကာ ...

“လန့်လိုက်တာရှင် ... ဘာဖြစ်လို့ ဒီလောက်တောင် အော်



ရတာလဲ”

လူရွယ်က သူမအား လှည့်မကြည့်ပါ။

“နတ်မျက်စိဝူးချီယန့် လျှံငွေသိန်းနှစ်ဆယ်, ရေခဲဓား၊ အင်း ... ဒါတွေက ဘာဖြစ်လို့ ငါနဲ့မှလာပြီးပတ်သက်နေရတာလဲ၊ ငါ့ကိုမှ ရွေးပြီး ဘာဖြစ်လို့ အလုပ်ပ်ရတာလဲ”

လူရွယ်၏နှုတ်မှ တီးတိုးရေရွတ်လိုက်မိလေသည်။ ချူးအော့လျှံက လှပစွာပြုံးရင်း ...

“အိုး ... ဒါကတော့ ရှင်ကသိုင်းလောကရဲ့ ထိပ်သီးဓားနှစ်လက်ဘွဲ့ပေးခံရတဲ့လူနှစ်ယောက်တည်းက တစ်ယောက်ဖြစ်တဲ့ ကျန်းကျူးရှန့်ဖြစ်နေတာကိုး”

ကျန်းကျူးရှန့် သက်ပြင်းချလိုက်သည်။

“ထားပါတော့ ... ဒါနဲ့ ကျုပ်တစ်ခုမေးပါရစေ”

“မေးပါ”

ကျန်းကျူးရှန့်က သူမအား စိုက်ကြည့်လိုက်ပြီး ...

“အော့လျှံ ... ဒီအလုပ်ကို လာအပ်တဲ့လူက ဘယ်သူလဲ”

ချူးအော့လျှံမျက်နှာ ကွက်ခနဲ ပျက်သွား၏။ ခေါင်းတွင်တွင်ခါယမ်းရင်း ...

“ကျွန်မ မသိဘူး ... ကျွန်မ မသိဘူး”

ကျန်းကျူးရှန့်က သူမအားစိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံမှာ သူ့အကြည့်ကို ရင်မဆိုင်ဝံ့ဟန်ဖြင့် ခေါင်းငုံ့ကာ ...

"ရှင် ... ရှင် ကျွန်မကို အဲဒီလိုမကြည့်ပါနဲ့"

ကျန်းကျုံးရှန့်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... စဉ်းစားစရာပဲ၊ အလုပ်အပ်တဲ့လူကို ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ"

ချူးအော့လျှံက ဖျတ်ခနဲမော့ကြည့်လိုက်၏။

"တစ်ခုတော့ရှိတယ် ... ရှင်က ဒီလျှံငွေသိန်းနှစ်ဆယ်ကို နုတ်မျက်စိဆီသွားပို့ရင် ရေခဲဓားကိုပြန်ယူခဲ့ရမယ်၊ အဲဒီအချိန်ကျရင် ရေခဲဓားကို အလုပ်အပ်တဲ့လူလက်ထဲ ရှင်ကိုယ်တိုင်ပို့ဆောင်ရမှာဆိုတော့ သူ ဘယ်သူဘယ်ဝါဆိုတာ ရှင်သိမှာပါ"

ကျန်းကျုံးရှန့် မချိပြုံးပြုံးလိုက်သည်။

"ကျုပ် ရေခဲဓားကို ဒီနေရာအထိ ယူလာနိုင်ရင် ကံကောင်းတယ်လို့မှတ်ပါ"

ချူးအော့လျှံ ထိတ်လန့်သွား၏။ ကျန်းကျုံးရှန့်အား မျက်လုံးပြူး၍ကြည့်လိုက်ပြီး

"ရှင်ဆိုလိုတာက ရေခဲဓားကို ပြန်ပို့နိုင်မယ်၊ မပို့နိုင်ဘူးဆိုတာ မသေချာတဲ့သဘောလား"

ကျန်းကျုံးရှန့်က ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ် ... ဒီခရီးဟာ အန္တရာယ်တွေနဲ့ ပြည့်နှက်နေတယ်"

ချူးအော့လျှံ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ဟင့်အင်း ဟင့်အင်း ... ဒါဆိုရင် မဖြစ်ဘူး၊ ရှင် ဒီအလုပ်ကို လက်မခံဘူးလို့ ကျွန်မ ပြန်ပြောပြလိုက်ပါ့မယ်"

ကျန်းကျုံးရှန့်က ခေါင်းခါယမ်းလိုက်၏။

"မပြောနဲ့ ... ကျုပ် ဒီအလုပ်ကို လက်ခံမယ်"

ချူးအော့လျှံက သူ့အားစိုးရိမ်မကင်းသော မျက်လုံးအစုံဖြင့်ကြည့်လိုက်သည်။

"ဒီလောက် အန္တရာယ်များတဲ့အလုပ်ကို ရှင်က လက်ခံမယ် ဟုတ်လား"

ကျန်းကျုံးရှန့်၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။

"ဟုတ်တယ် ... ကျုပ်က အန္တရာယ်နဲ့အမြဲရင်ဆိုင်ပြီး ဓားသွားပေါ်လမ်းလျှောက်နေတဲ့လူပါ၊ ဒါကြောင့် ဘယ်လိုအန္တရာယ်မဆို ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ်ရဲ့မွေးရာပါဗီဇကိုက အင်မတန်ကြောက်စရာကောင်းတဲ့ရန်သူနဲ့မှ ရင်ဆိုင်ချင်တယ်၊ ဒါပေမဲ့"

ချူးအော့လျှံက သူ့အား မျက်ခုံးပင့်၍ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒီတစ်ကြိမ် ကျုပ် ရင်ဆိုင်ရမယ့်ရန်သူဟာ အင်မတန် အင်အားကြီးမားတဲ့ ရန်သူတစ်ယောက်ဆိုတာ ကျုပ်ကြိုတင်ခန့်မှန်း နားလည်ထားတယ်၊ ဒါကြောင့် ကျုပ် ဒီကို ပြန်ရောက်မယ်၊ မရောက်ဘူးဆိုတာ ကံတရားကိုပဲ ပုံချရတော့မယ်"

ချူးအော့လျှံက **ခန္ဓာကိုယ်တစ်ချက်**တုန်ခါသွားလေသည်။

"ဒါ ဒါဖြင့်"

ကျန်းကျုံးရှန့်က ရယ်မောလိုက်ပြီး ...

"အော့လျှံ ... မင်းဟာ ကျုပ်ဘဝမှာတစ်ဦးတည်းသော မိန်းကလေးမိတ်ဆွေဖြစ်သလို ပထမဦးဆုံးသံယောဇဉ်တွယ်ခဲ့ရတဲ့ မိန်းကလေးလည်း ဖြစ်တယ်၊ မင်းအနေနဲ့လည်း ကျုပ်ကို စစ်မှန်တဲ့ မေတ္တာနဲ့ သံယောဇဉ်ရှိတယ်ဆိုတာ ကျုပ်ယုံကြည်တယ်"

သူသည်ပြောရင်း ချူးအော့လျှံကို စိုက်ကြည့်ကာ

"ကျုပ်တို့နှစ်ယောက်ရဲ့ မေတ္တာတရားကြောင့် မိုးနတ်မင်းက ကောင်းတဲ့ကံတရားကိုဖန်တီးပေးလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် ကျုပ် ခရီးထွက်နေတဲ့အချိန်မှာ သိပ်ပြီးစိုးရိမ်ပူပန်တာမျိုး မရှိပါနဲ့၊ ကဲ ... အလုပ်လာအပ်တဲ့လူကို ကျုပ် လက်ခံတယ်လို့ ပြောလိုက်ပါ"

ပြောပြီး ချာခနဲ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။



"ခဏ"

ချူးအော့လျှံက ကမန်းကတန်း ဟန့်တားလိုက်သည်။

ကျန်းကျုံးရှန့်သည် လှမ်းမည့်ဆဲဆဲခြေလှမ်းကိုရပ်ကာ သမင်လည်ပြန်လှည့်ကြည့်လိုက်၏။

ချူးအော့လျှံက ကျန်းကျုံးရှန့်၏လက်ကလေးအား ဆုပ်ကိုင်လိုက်ပြီး ...

"ကျုံးရှန့် ... ကျွန်မ ရှင့်အတွက် အကြံတစ်ခုပေးပါရစေ"

"ပြောပါ"

ချူးအော့လျှံသည် ကျန်းကျုံးရှန့်၏လက်ကောက်ဝတ် နှစ်ဖက်၌ပတ်ထားသော သံမဏိပြားနှစ်ခုကို တစ်လှည့်စီကြည့်လိုက်ပြီး

"ရှင်ရဲ့ သံမဏိပြားနှစ်ခုကို ဓားလှံလက်နက်တွေနဲ့ ခုတ်ဖြတ်မရနိုင်ဘူး၊ ဒါကြောင့် ရှင်ဟာ သိုင်းလောကမှာ ဓားနှစ်လက်လို့ကျော်ကြားပေမယ့် ဓားကိုအသုံးမပြုဘဲ လက်နက်မဲ့ကိုက်ပွဲဝင်ခဲ့တယ်ဆိုတာ ကျွန်မ ကြားခဲ့ဖူးပါတယ်"

ကျန်းကျုံးရှန့်က မျက်မှောင်ကြုတ်ကာ သူ့အားစိုက်ကြည့်လိုက်သည်။

"မင်း ကျုပ်ကိုဟန့်ထားထားတဲ့အကြောင်းက ဒီစကားကို ပြောချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံက ခေါင်းကိုဖြည်းညင်းစွာယမ်းရင်း ကျန်းကျုံးရှန့်အား စိုးရိမ်ထိတ်လန့်သော မျက်လုံးအစုံဖြင့်ကြည့်ကာ

"မဟုတ်ပါဘူး … ကျွန်မပြောချင်တာက ရှင်ဒီတစ်ကြိမ်ခရီးထွက်ရင် ဒီအတိုင်းမထွက်စေချင်ဘူး၊ အနည်းဆုံး ဓားတစ်လက်တော့ ယူသွားစေချင်ပါတယ်"

ကျန်းကျုံးရှန့်၏မျက်နှာပေါ်တွင် ထူးဆန်းသောဟန်မူရာများပေါ်လွင်လာလေသည်။ သူသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ … မင်းလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် တစ်ပြိုင်နက် တံခါးကိုဆွဲဖွင့်ကာ အခန်းထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ချူးအော့လျှံသည် တွေဝေငေးငိုင်သွားရာမှ ရုတ်ခြည်းပင် ဝရန်တာဆီသို့ပြေးလွှားသွားကာ အောက်သို့ငုံ့ကြည့်လိုက်သည်။

ယင်းအချိန်မှာပင် ကျန်းကျုံးရှန့်သည် ဂေဟာထဲမှ ထွက်ကာ အမှောင်ထုထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

* * *



# အခန်း (၇)

## မေတ္တာကျေးကျွန်

ချူးအော့လျှံသည် ကျန်းကျုံးရှန့် ဝင်ရောက်ပျောက်ကွယ်သွားသော အမှောင်ထုအတွင်းသို့ စိုက်ကြည့်ကာ တွေဝေငေးငိုင်ကျန်ရစ်သည်။

သူမ၏မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ရစ်ဝဲနေ၏။ နောက်ဆုံး မအောင့်အည်းနိုင်တော့သည့်အလား ကုလားထိုင်အနီးသို့ပြန်လည် ပြေးလွှားလာကာ ငိုကြွေးလိုက်လေသည်။

"အဟင့် ဟင့် ဟင့်"

ထိုအချိန်တွင် အဖြစ်အပျက်များအား မျက်ဝန်းတစ်စုံက အိပ်ခန်းတံခါးကြားမှ စူးစိုက်ကြည့်နေ၏။

ဤမျက်ဝန်းပိုင်ရှင်မှာ ယင်ချွန်ရဲဂေဟာကြီး၏ပိုင်ရှင် စန့်ကွမ်းချုံးမေပင်ဖြစ်လေသည်။

အခန်းထဲရှိ ခုတင်ပေါ်တွင် လူတစ်ယောက်က လဲလျောင်း

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူ၏မျက်လုံးအစုံကပြူးလျက် စန္ဒကွမ်းချိုးမေအား ကြည့်နေလေသည်။

သို့သော် သူ၏မျက်ဝန်းထဲတွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများယှက်သန်းနေသည်ကို စန္ဒကွမ်းချိုးမေ သတိပြုမိသည်။

ထို့ကြောင့် သက်ပြင်းတစ်ချက်ချရင်း ထိုလူ၏အနီးသို့ လျှောက်သွားကာ ...

"မင်းသားလေးကောင်း ... သူတို့နှစ်ယောက်ရဲ့ စကားတွေ ရှင်ကြားတယ် မဟုတ်လား"

မင်းသားလေးကောင်းကန်းက ခေါင်းညိတ်လိုက်သည်။

"အခု ရှင့်ရင်ထဲမှာ ခံစားနေရတယ် မဟုတ်လား"

မင်းသားလေးကောင်းကန်းက လဲလျောင်းရာမှ ထထိုင်လိုက်သည်။ ထို့နောက် မချိပြုံးပြုံးကာ ...

"ကျုပ်က အောင်မြင်မှုတွေအားလုံးကို ပိုင်ဆိုင်ချင်တဲ့လူပါ။ ဒါကြောင့် အချစ်ရေးမှာ နည်းနည်းတော့ ဆုံးရှုံးရမှာပဲ"

"ရှင့်ကို ကျွန်မ တကယ်အံ့သြတယ်"

မင်းသားလေးကောင်းကန်းက အသာအယာခေါင်းခါယမ်းလိုက်သည်။

"ဒါဟာ အံ့သြစရာမဟုတ်ပါဘူး လူတိုင်းဟာ နှလုံးသားရှိကြတယ်၊ ဒါကြောင့် နှလုံးသားက ယိုစီးလာတဲ့ မေတ္တာတရားကို



ဘယ်သူကမှ တားဆီးလို့မရဘူး"

"ဒါပေမဲ့ မေတ္တာတရားဟာ တစ်ခါတရံမှာ လမ်းလွဲနေတယ်၊ ဒါဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသလိုဖြစ်မနေဘူးလား"

မင်းသားလေးကောင်းကန်းက စကားမပြောပါ။ စန္ဒကွမ်းချိုးမေက စကားဆက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ မင်းသားလေးကောင်းကန်းက လက်ကာပြလိုက်ပြီး

"ကျေးဇူးပြုပြီး ခင်ဗျားပါးစပ်ပိတ်ထားပါ၊ အခု အရေးအကြီးဆုံးက သူ့ကိုသွားပြီး နှစ်သိမ့်ပါ"

စန္ဒကွမ်းချိုးမေက မျက်ခုံးပင့်ကာ ...

"ရှင်ကရော သူ့ကို မနှစ်သိမ့်သင့်ဘူးလား"

မင်းသားလေးကောင်းကန်း ခေါင်းညိတ်လိုက်သည်။

"နှစ်သိမ့်သင့်တာပေါ့၊ ဒါပေမဲ့ အခုအချိန်မှာ သူက မျက်ရည်ကျနေမှာ သေချာတယ်၊ ဒါကို ကျုပ် မကြည့်ရက်ဘူး"

စန္ဒကွမ်းချိုးမေ၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရဟန်ဖြင့် တစ်ချက်ရှုံ့မဲ့သွား၏။

"လောကမှာ ရှင်မလုပ်ဝံ့တဲ့အရာတစ်ခုမှ မရှိဘူးဆိုတာ ကျွန်မသိပါတယ်၊ အခု ဘာကြောင့် သတ္တိနည်းနေတာလဲ"

မင်းသားလေးကောင်းကန်းပြုံးလိုက်သည်။ သို့သော် မျက်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းအစုံတွင်မှ နာကျင်သောဝေဒနာများ ယှက်ထင်နေ၏။

"အင်း ... ပြောရင်လည်း ခံရမှာပဲလေ၊ သူနဲ့ပတ်သက်လာရင် တချို့နေရာတွေမှာ ကျုပ်သတ္တိနည်းတာ အမှန်ပဲ"

စန္ဒကွမ်းချုံးမေက သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"ရှင် သတ္တိနည်းတာ မဟုတ်ပါဘူး၊ သူ့မုန်းမှာကို ကြောက်နေတာ စိုးရိမ်နေတာ"

မင်းသားလေးကောင်းကန်းက သက်ပြင်းတစ်ချက်ချကာ မျက်လုံးစုံမှိတ်ထားလိုက်လေသည်။

စန္ဒကွမ်းချုံးမေက သူ့အား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ဒါကြောင့်လည်း ရှင် သူ့ကိုအတင်းအဓမ္မ မသိမ်းပိုက်ဝံ့တာ မဟုတ်လား"

မင်းသားလေးကောင်းကန်းမှာ မျက်လုံးမှိတ်ထားဆဲပင်။

"အင်း ... သူသာ မင်းနားလည်သလို ငါ့အပေါ် နားလည်ရင် သိပ်ကောင်းမှာပဲ"

"ရှင့်ကို သူက ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ပါဘူး"

မင်းသားလေးကောင်းကန်းက ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"မင်း ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"



စန္ဒကွမ်းချုံးမေက သက်ပြင်းတစ်ချက်ချရင်း ...

"ရှင် သူ့ကို အသက်ထက်မြတ်နိုးတယ်၊ ဒါကြောင့် ရှင်အခု ရေခဲတောယူဖို့ကိစ္စမှာ ရှင်ကိုယ်တိုင်မသွားဘဲ ကျန်းကျုံးရှန့်ကို ရွေးပြီးသွားခိုင်းတယ်"

သူမက ခေါင်းတစ်ချက်ခါယမ်း၍ စကားဆက်လိုက်သည်။

"ရေခဲတောကို သိုင်းလောကသားတွေက အကြီးအကျယ် လိုချင်မက်မောနေချိန်မှာ ရေခဲတောသွားယူမယ့် ကျန်းကျုံးရှန့်ကိုလည်း မျက်စိကျကြတော့မှာပဲ၊ သူတို့အားလုံးက ကျန်းကျုံးရှန့်ရဲ့ လက်ထဲကနေ ရေခဲတောကို ရယူဖို့အတွက် ပြင်းပြင်းထန်ထန်ကြိုးစားကြတော့မယ်၊ ဒါဆိုရင် ကျန်းကျုံးရှန့်ရဲ့ ကံကြမ္မာဟာ ကြိုးတန်းပေါ် လျှောက်ရသလိုဖြစ်တော့မှာပေါ့"

မင်းသားလေးကောင်းကန်း ပြုံးလိုက်သည်။ အလွန်လျှို့ဝှက်ပြီး ကြောက်မက်ဖွယ်ရာကောင်းသော အပြုံးဖြစ်၏။

စန္ဒကွမ်းချုံးမေက သူ့အားအကဲခတ်ရင်း စကားဆက်လိုက်သည်။

"အမှန်တော့ ဒီလိုအခြေအနေတွေကို ကျွန်မပြောတာထက် ရှင်က ပိုပြီးနားလည်မှာပါလေ၊ ဒါကြောင့် ရှင်က ကျန်းကျုံးရှန့်ကို ရွေးချယ်ခဲ့တာ မဟုတ်လား။ ရှင့်ရင်ထဲမှာ ကျန်းကျုံးရှန့်သေဆုံးသွားရင် ချုံးအော့လျှံကို ရှင်တစ်ယောက်တည်း ပိုင်ဆိုင်နိုင်မယ်လို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



ထားတယ် မဟုတ်လား။ နောက်ပြီး သိုင်းလောကမှာ ကျွန်းကျိုးရှန့် မရှိတော့ရင် ကြောက်စရာအကောင်းဆုံး သိုင်းသမားဟာ ရှင်ဖြစ်လိမ့်မယ်လို့ ယုံကြည်ထားတယ် မဟုတ်လား"

မင်းသားလေးကောင်းကန်းက စန့်ကွမ်းချုံးမေအား စိုက်ကြည့်ကာ ပခုံးတစ်ချက်တွန့်လိုက်သည်။

"မင်းမဆိုးဘူး ... ဒါကြောင့်လည်း ကျုပ်က မင်းကိုလက်မလွှတ်နိုင်တာပေါ့"

စန့်ကွမ်းချုံးမေက မချိပြုံး ပြုံးလိုက်သည်။

"မင်းသားလေးကောင်း အမှန်တော့ ရှင်က ကျွန်မကို တန်ဖိုးထားပြီး လက်လွှတ်မခံနိုင်တာ မဟုတ်ပါဘူး၊ အသုံးချလို့ ကောင်းနေတာကြောင့် လက်မလွှတ်နိုင်တာပါ"

မင်းသားလေးကောင်းကန်းက ပြုံးရုံပြုံးနေ၏။

စန့်ကွမ်းချုံးမေက သက်ပြင်းတစ်ချက် ချကာ

"အင်း ... ရှင်ဟာ တကယ်တော့ ကျွန်းကျိုးရှန့်ကို ရေခဲဓားသွားယူဖို့ ရွေးချယ်လိုက်တာဟာ တကယ်ကြီးမားတဲ့ မဟာအမှားတစ်ခုကို ကျူးလွန်လိုက်တာနဲ့ အတူတူပါပဲ"

မင်းသားလေးကောင်းကန်း မျက်မှောင်ကြုတ်သွားသည်။

"ကျွန်းကျိုးရှန့်သေဆုံးသွားရင် အော့လျှံက ကျုပ်ကိုပိုပြီး မုန်းသွားလိမ့်မယ်လို့ မင်းဆိုလိုတာလား"



စန့်ကွမ်းချုံးမေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ... ကျွန်းကျိုးရှန့် သေဆုံးသွားရင် ရှင့်ကို အော့လျှံက ပိုပြီး မုန်းတီးမသွားနိုင်ဘူးလား"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။

"သူက ကျုပ်ကို ဘယ်တော့မှ မုန်းနိုင်မှာမဟုတ်ပါဘူးလေ"

ယင်းအခိုက်မှာပင် အခန်းတံခါးနှစ်ချပ် ဝုန်းခနဲ ပွင့်ထွက်သွားပြီး မိန်းကလေးတစ်ယောက် ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးအား တွေ့မြင်လိုက်သည်နှင့် မင်းသားလေးကောင်းကန်းသည် ခုတင်ပေါ်မှ ဆတ်ခနဲ ထရပ်မိကာ ...

"အော့လျှံ"

ဟု နှုတ်မှ အံ့အားတသင့် ရေရွတ်လိုက်မိလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့လျှံသည် တံခါးဝတွင်ရပ်ကာ မင်းသားလေးကောင်းကန်းအား စိုက်ကြည့်နေ၏။ သူမ၏မျက်ဝန်းအစုံသည် မျက်ရည်များဖြင့် ပြည့်လျှံလျက်ရှိနေလေသည်။

မင်းသားလေးကောင်းကန်းက သူမအား ခြေဆုံးခေါင်းဆုံးကြည့်ကာ အနီးသို့လျှောက်သွားလေသည်။

"အော့လျှံ ... ဘာဖြစ်လို့ ကျုပ်ကို ဒီလိုအကြည့်မျိုး ကြည့်ရတာလဲ"

ချူးအော့လျှံက အံကိုတင်းတင်းကြိတ်လိုက်ကာ ခေါင်းခါယမ်းလိုက်သည်။

"မင်းသားလေးကောင်း ... ရှင့်ကို ကျွန်မက တကယ်နားမလည်နိုင်တော့ဘူး ... သိလား"

မင်းသားလေးကောင်းကန်းက ကြောင်အမ်းအမ်းဖြစ်ဟန်ဖြင့် ...

"မင်းက ဘာကို နားလည်ချင်တာလဲ"



ချူးအော့လျှံက မချိပြုံး ပြုံးကာ ...

"ရှင်က ကျွန်မကို ကျန်းကျုံးရှန့်နဲ့ ရင်းနှီးစေချင်တယ်၊ ကျွန်မနဲ့ ကျန်းကျုံးရှန့်တို့ ရင်းနှီးပြန်တော့ ရှင်က ကျန်းကျုံးရှန့်ကို ထောင်ချောက်ထဲ တွန်းပို့ပြန်တယ် ဘာသဘောလဲရှင်"

မင်းသားလေးကောင်းကန်းက မျက်ခုံးပင့်၍ ကြည့်လိုက်သည်။

"ကျုပ်က သူ့ကိုထောင်ချောက်ထဲ တွန်းပို့တယ် ... ဟုတ်လား"

ချူးအော့လျှံက သူ့အား စူးစူးရှရှစိုက်ကြည့်ကာ ...

"ရှင်ဟာ အင်မတန်ဉာဏ်ကောင်းတဲ့လူပါ၊ ရေခဲဓားကို သွားယူမယ့်ခရီးတစ်လျှောက်လုံး အန္တရာယ်အပြည့်နဲ့ ရင်ဆိုင်ရမယ်ဆိုတာ ကြိုတင်သိနေလို့ အခုလို သူ့ကိုမှရွေးပြီး အလုပ်အပ်ခဲ့တာ မဟုတ်လား"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဒါကတော့ သူ့ရဲ့ဆုံးဖြတ်ချက်လည်း ပါတယ်လေ၊ သူသာ ဒီအလုပ်ကို လက်မခံချင်ရင် ငြင်းပယ်လို့ရနေတာပဲ"

"ဒါကတော့ရှင် ရှင့်အနေနဲ့ သူဟာ ရေခဲဓားဆိုတဲ့အသံကြားရင် သိုင်းလောကသားပီပီ စိတ်ဝင်စားလာလိမ့်မယ်ဆိုတာ ကြို

www.burmeseclassic.com

www.burmeseclassic.com



ပြီးတွက်ဆထားတယ် မဟုတ်လား”

မင်းသားလေးကောင်းကန်းက ပြုံးရှင်း ပခုံးတစ်ချက်တွန့်လိုက်သည်။

“မင်းသာ ဒီလိုနားလည်တတ်ရင် ကျုပ်ကိုတကယ်ကျေးဇူးတင်ဖို့ကောင်းပါတယ်၊ အခု သူက ကျုပ်ရဲ့အလုပ်ကို လက်ခံခဲ့တာမို့ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ရေခဲဓားကို မြင်တွေ့ခွင့်ရတော့မယ်လေ”

ချူးအော့လျှံသည် နှာခေါင်းတစ်ချက်ရှုံ့ပြီး မင်းသားလေးကောင်းကန်းအား ရှုံ့မှုန်းတီးစွာစိုက်ကြည့်လိုက်၏။

“ရှင် ရှင်ကကြောက်စရာကောင်းအောင် ကောက်ကျစ်စဉ်းလဲတဲ့လူပဲ၊ သူသာ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ကျွန်မ ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ နားလည်ထားပါ”

ပြုံးနေသော မင်းသားလေးကောင်းကန်း၏ မျက်ဝန်းတွင် ထိခိုက်နာကျင်သော ဝေဒနာတစ်ရပ်ထင်ဟပ်လာသည်။

စန့်ကွမ်းချူးမေသည် သူတို့နှစ်ယောက်အား အကဲခတ်ကြည့်နေရာမှ မင်းသားလေးကောင်းကန်း၏ မျက်ဝန်းထဲရှိ ဝေဒနာကိုတွေ့မြင်လိုက်ရသောအခါ ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရလေသည်။

သူမသည် ချူးအော့လျှံ၏အနီးသို့လျှောက်သွားကာ လက်



ကလေးကို အသာအယာဆုပ်ကိုင်လိုက်ပြီး ...

“ညီမလေးအော့လျှံ မင်းသားလေးကောင်းအပေါ် ဒီလို ပြောလိုက်တာဟာ သိပ်ပြီးရက်စက်လွန်းအားကြီးပါတယ်ကွယ်၊ တကယ်ဆိုရင် မင်းသားလေးကောင်းဟာ ညီမအပေါ်မှာဘယ်လောက် မေတ္တာတရားကြီးမားတယ်ဆိုတာ ညီမ သိမှာပါ”

ချူးအော့လျှံက မချိပြုံး ပြုံးလိုက်ပြီး ...

“ရှင် ... သူက ကျွန်မအပေါ်မှာ မေတ္တာတရားကြီးမားတယ် ... ဟုတ်လား”

ထို့နောက် ဟက်ခနဲ တစ်ချက်ရယ်ကာ ...

“မဖြစ်နိုင်ပါဘူးရှင် လုံးဝမဖြစ်နိုင်ပါဘူး ... သူသာ ကျွန်မအပေါ်မှာ မေတ္တာတရားကြီးမားခဲ့မယ်ဆိုရင် ကျွန်မရဲ့စိတ်ချမ်းသာမှုကို ဦးစားပေးသင့်တာပေါ့၊ တကယ်လို့ ဦးစားမပေးနိုင်ဘူးဆိုရင်တောင် အနည်းဆုံးတစ်ကိုယ်ကောင်းတော့ မဆန်သင့်ဘူး”

စန့်ကွမ်းချူးမေက နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး ...

“ချူးအော့လျှံ ... ညည်းဟာ တကယ်မိုက်တဲ့မိန်းကလေးပဲ၊ ညည်းကို ဒီလောက်အသိဉာဏ်နည်းလိမ့်မယ်လို့ မထင်ခဲ့မိဘူး”

ချူးအော့လျှံ မကျေမနပ်ဖြစ်သွားသည်။

“နေပါဦး ... ရှင်က ဘာဖြစ်လို့ ကျွန်မကို ဒီလိုပြောနိုင်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူမ်းချုံးမေက သူမအား စေ့စေ့ကြည့်ကာ ...

"ညည်းကို မင်းသားလေးကောင်း ဘယ်လောက် သံယောဇဉ်ရှိခဲ့သလဲ၊ ဘယ်လောက်မေတ္တာတရားကြီးမားခဲ့သလဲဆိုတာ ညည်းသိမှာပါ"

သူမက ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"ညည်းက သူ့ရဲ့မေတ္တာကို အမုန်းနဲ့တုံ့ပြန်ခဲ့တယ်၊ ညည်းလို မေတ္တာတရားမခံစားတတ်တဲ့ မိန်းကလေးမျိုးလောက် အသိဉာဏ်နည်းတာ ရှိဦးမလား"

ချူးအေဘွလျှံက သူမအား အေးစက်စက်မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

"ရှင်က ကျွန်မကို အသိဉာဏ်နည်းတဲ့မိန်းကလေးလို့ ထင်ရင် ကျွန်မကလည်း ရှင့်ကိုပိုပြီး အသိဉာဏ်ကင်းမဲ့တယ်လို့ပြောရလိမ့်မယ်"

စန္ဒကူမ်းချုံးမေက မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား ... ဆိုစမ်းပါဦး

ချူးအေဘွလျှံက မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မ ဒီကိုစရောက်တဲ့နေ့ကတည်းက ရှင်ဟာ သူ့အပေါ် ဘယ်လောက်ကန့်ဖိုးထားတယ်, ဘယ်လောက် ယုယကြင်နာခဲ့တယ်ဆိုတာ အကဲခတ်မိပါတယ်၊ ဒါဟာ ရှင် သူ့အပေါ် မေတ္တာ



တရားကြီးမားနေလို့ပေါ့ ... ဟုတ်တယ်မဟုတ်လား"

စန္ဒကူမ်းချုံးမေ ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားသည်။

သူမသည် မိမိက မင်းသားလေးကောင်းကန်းအပေါ် မေတ္တာတရားကြီးမားနေသည်ကို ချူးအေဘွလျှံက အကဲခတ်မိလိမ့်မည်ဟု မထင်ခဲ့ချေ။

ထို့ကြောင့် အနည်းငယ် စိတ်လှုပ်ရှားသွားမိ၏။ ချူးအေဘွလျှံ စကားဆက်လိုက်သည်။

"အင်း ... ရှင်က သူ့ကို မေတ္တာတရားတွေပေးဝပ်ခဲ့သလောက် သူက ရှင့်အပေါ် ဂရုမစိုက်ခဲ့ဘူး၊ ရှင့်ရဲ့မေတ္တာတရား ကြီးမားမှုအပေါ်မှာ အခွင့်ကောင်းယူပြီး ကြောက်စရာကောင်းလောက်အောင် အသုံးချနေတယ်လို့ ကျွန်မ ယုံကြည်တယ်၊ ဒီလိုယောကျ်ားတစ်ယောက်ကို မျက်လုံးစုံမှိတ်ပြီး ဖွဲ့လမ်းမြတ်နိုးနေတဲ့ ရှင့်လောက် အသိဉာဏ်နည်းတဲ့ မိန်းမရှိပါဦးမလား"

ထိုစကားကြောင့် စန္ဒကူမ်းချုံးမေ၏ ခန္ဓာကိုယ်တစ်လုံး ကျာပွတ်နှင့် အရိုက်ခံလိုက်ရသည့်အလား ဂုန်ခါသွားလေ၏။

ချူးအေဘွလျှံက မင်းသားလေးကောင်းကန်းအား တစ်ချက်လှမ်းကြည့်လိုက်မိသည်။

မင်းသားလေးကောင်းကန်းကမူ မိမိနှင့်လုံးဝ မပတ်သက်သည့်အလား သူမအား ပြုံး၍ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မကျေမနပ်ဖြင့် မင်းသားလေးကောင်းကန်း အနီးသို့ လျှောက်သွားကာ

"မင်းသားလေးကောင်း ... ရှင့်ကိုကြည့်ရတာ အခုကိစ္စမှာ လုံးဝပါဝင်ပတ်သက်မှုမရှိတဲ့အပိုင်း သစ်သားရုပ်တစ်ရုပ်လိုဖြစ်နေပါလား၊ တကယ်ဆိုရင် သူဟာ ရှင့်အပေါ်ထားတဲ့ မေတ္တာတရားကြောင့် အချစ်ရဲ့ကျေးကျွန်တစ်ယောက်ဖြစ်နေတာကို ခံစားနားလည်ပြီး သူ့ကိုနှစ်သိမ့်သင့်တယ်၊ ဂရုစိုက်သင့်တယ်၊ အားပေးသင့်တယ်၊ အခုတော့ ရှင်က သစ်သားရုပ်တစ်ရုပ်လို ရပ်နေပါလား"

စန္ဒကွမ်းချုံးမေအတွက် ခံပြင်းစိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

မင်းသားလေးကောင်းကန်းက ပြုံးနေ၏။ အလွန်လှို့ဝှက်သောအပြုံးဖြစ်သည်။

သူသည် ချုံးအော့လျှံ၏ အခြယ်အသကင်းစင်သော လှပချောမောသည့် မျက်နှာကလေးကို အတန်ကြာအောင်စိုက်ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... ကျုပ်က သစ်သားရုပ်တစ်ရုပ် မဟုတ်ပါဘူး၊ ကျုပ်မှာ နွေးထွေးတဲ့နှလုံးသားရှိတယ်၊ ပူနွေးတဲ့သွေး ရှိတယ်၊ ဒါပေမဲ့ သူ့ကို ကျုပ်က မနှစ်သိမ့်နိုင်ဘူး၊ ဂရုမစိုက်နိုင်ဘူး၊ အားမပေးနိုင်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ ..., သိလား"



ချုံးအော့လျှံက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဆိုပါဦး"

မင်းသားလေးကောင်းကန်းက နာကျင်ကြေကွဲစွာ ပြုံးလိုက်သည်။

"အမှန်တော့ ကျုပ်ကိုယ်တိုင်က မင်းအပေါ်ထားရှိတဲ့ မေတ္တာတရားကြောင့် အချစ်ရဲ့ကျေးကျွန်တစ်ယောက်ဖြစ်နေတယ်လေ၊ ဒါကို မင်းအနေနဲ့ ခံစားနားလည်မယ်ဆိုရင် ကျုပ်ကိုနှစ်သိမ့်သင့်တယ်၊ ဂရုစိုက်သင့်တယ်၊ အားပေးသင့်တယ်"

ချုံးအော့လျှံ ပါးစပ်ပိတ်သွားလေသည်။

ဘာဆက်ပြောရမှန်းမသိအောင်ပင် ကျောက်ရုပ်တစ်ခုပမာ မလှုပ်မယှက်ဖြစ်သွားလေ၏။

"ဘယ်လိုလဲ ... အခုတော့ မင်းကိုယ်တိုင် သစ်သားရုပ်တစ်ရုပ်လို ဖြစ်နေပါရောလား ... ဟား ဟား ဟား"

မင်းသားလေးကောင်းကန်းက ပြောပြီးရယ်မောလိုက်သည်။

ချုံးအော့လျှံက သူ့အားတစ်ချက်လှမ်းကြည့်ကာ ချာခနဲကြည့်၍ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

မင်းသားလေးကောင်းကန်းက သူမ၏လက်ကို ကမန်းကတန်း လှမ်းဆွဲလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

ချူးအော့လှုံက ထိတ်လန့်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

မင်းသားလေးကောင်းကန်းက စန့်ကွမ်းချူးမေဘက်လှည့်ကာ ...

"စန့်ကွမ်းချူးမေ ... ဒီနေ့ကစပြီး မင်းရဲ့အခန်းမှာ သူ့ကိုခေါ် အိပ်ပါ။ နောက်ပြီး အတတ်နိုင်ဆုံး သူ့ရဲ့စိတ်ချမ်းသာမှုကို ဂရုစိုက်ပါ။ ဖြစ်နိုင်ရင် မင်း သူ့အနားက ဘယ်မှမခွာပါနဲ့"

စန့်ကွမ်းချူးမေက မချိပြုံး ပြုံးလိုက်သည်။

"ဘာလဲ ... ရှင်က သူ့ကိုယ်သူ သတ်သေမှာ စိုးလို့လား"

မင်းသားလေးကောင်းကန်းက လျှို့ဝှက်စွာ ပြုံးလိုက်သည်။

"သူက ဘယ်လောက်ပဲ စိတ်ညစ်ပါစေ ... ဘယ်တော့မှ သူ့ကိုယ်သူ သတ်မသေဘူးဆိုတာ ကျုပ်ယုံကြည်တယ်"

စန့်ကွမ်းချူးမေ အံ့ဩသွားမိလေသည်။

သူမသည် ချူးအော့လှုံအား အကဲခတ်ကြည့်လိုက်သည်။

ချူးအော့လှုံ၏မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်သော ဟန်မူယာများ ပေါ်လွင်နေလေသည်။

သူမသည် နှုတ်ခမ်းတစ်ချက်ကိုက်ကာ မင်းသားလေး ကောင်းကန်းအား စိုက်ကြည့်နေ၏။



စန့်ကွမ်းချူးမေ အလွန်ပင် စိတ်ဝင်စားလာမိလေသည်။

သူမသည် ချူးအော့လှုံနှင့် မင်းသားလေးကောင်းကန်းတို့ နှစ်ယောက်ကြား၌ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော လျှို့ဝှက်ချက် တစ်ခုရှိနေမည်ဟု ခံစားလာမိလေသည်။

သို့သော် သူမက မသိကျိုးကျွန်ပြုကာ ရယ်မောလိုက်သည်။

"ဟုတ်လား ... ဒါဆိုရင် ရှင်က ဘာဖြစ်လို့ သူ့ကို ကျွန် အခန်းမှာ ထားခိုင်းရတာလဲ၊ ဘာဖြစ်လို့ ပိုပြီးဂရုစိုက်ခိုင်းရတာလဲ"

မင်းသားလေးကောင်းကန်းက ချူးအော့လှုံ၏ ရှည်လျား လှသော ဆံကေသာများကို လက်နှစ်ဖက်ဖြင့် ယုယစွာပွေ့ပိုက်ပြီး တစ်ချက်နမ်းရှိုက်လိုက်သည်။

"ဒါကတော့ ကျုပ်က သူ့ကိုစိတ်ချမ်းသာစေချင်တယ်၊ နောက်ပြီး သူ့ကိုတစ်ယောက်တည်းထားရင်ကျွန်းကျိုးရှန့်အကြောင်း ကို ပိုပြီးစဉ်းစားချိန်ရနေမယ်၊ ဒါကြောင့် မင်း သူ့ကို ဂရုစိုက်ပြီး စကားပြောပေးစေချင်လို့ပါ"

စန့်ကွမ်းချူးမေက ရယ်မောလိုက်သည်။ သို့သော် သူမ၏ ရွှန်းလဲ့သော မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်လျှံ၍နေလေ သည်။

မိမိနှစ်သက်သော ချစ်သူက တခြားမိန်းကလေးအပေါ်

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတရားကြီးအားနေသည်ကို တွေ့မြင်ရပါလျှင် မျက်ရည်မကျဘဲ နေနိုင်ပါမည်နည်း။

သူမက ကျလုလုမျက်ရည်ကိုထိန်းလိုက်ပြီး တစ်ဖက်သို့ လှည့်ကာ စားပွဲပေါ်ရှိ အရက်အိုးထဲမှ အရက်များကို အရက်ခွက်ထဲ ထည့်၍ လျင်မြန်စွာ မော့ချလိုက်သည်။

ယင်းနောက် မင်းသားလေးကောင်းကန်းအား ပြုံးပြကာ

"စိတ်ချပါရှင် ... ကျွန်မ သူ့ကို ဂရုစိုက်ပါ့မယ်"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ ... ဒါဆိုရင် ကျုပ် သူ့အတွက် စိတ်ချသွားမယ်"

ပြောပြီး အခန်းထဲမှ တစ်လှမ်းချင်း ထွက်သွား၏။

ချုံးအော့လျှံက ငေးငိုင်စွာရပ်နေသည်။

စန့်ကွမ်းချုံးမေကမူ မင်းသားလေးကောင်းကန်း၏ နောက်ကျောဆီသို့ မျက်ရည်များဖြင့် ရစ်ဝဲနေသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေလေသည်။

မင်းသားလေးကောင်းကန်းသည် တံခါးဝသို့ ရောက်မှ ခြေလှမ်းရပ်တန့်ကာ ချာခနဲ လှည့်ကြည့်လိုက်ပြီး ...

"ဩော် ... အရေးကြီးတဲ့အချက်ကို ကျုပ်ပြောဖို့မေ့နေတယ်"



စန့်ကွမ်းချုံးမေ၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားသည်။

မင်းသားလေးကောင်းကန်း အနီးသို့ လှုပ်လီလှုပ်လဲ့ လျှောက်လာကာ ...

"ပြောစမ်းပါဦးရှင်"

မင်းသားလေးကောင်းကန်းက မလှုပ်မယှက်ရပ်နေသော ချုံးအော့လျှံကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ယင်းနောက် စန့်ကွမ်းချုံးမေဘက်လှည့်ပြီး

"တကယ်လို့များ မင်းရဲ့ဂရုစိုက်မှုအပေါ် သူက ဘဝင်မကျဖြစ်ခဲ့ရင် ယင်ချွန်ရဲဂေဟာကို အုပ်ချုပ်ဖို့အတွက် လူစားထိုးရလိမ့်မယ်"

ထိုစကားကြောင့် စန့်ကွမ်းချုံးမေ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ထိတ်လန့်တုန်လှုပ်မှုကြောင့် တဆတ်ဆတ် တုန်ယင်လာ၏။

လူစားထိုးလဲလှယ်လိုက်လျှင် သူမ၏ဘဝသည် လူသေတစ်ယောက်အဖြစ် နေ့ချင်းညချင်း ပြောင်းလဲသွားနိုင်ကြောင်း နားလည်သဘောပေါက်ထားသည် မဟုတ်ပါလား။

သူမသည် ဝိုင်းစက်ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် မင်းသားလေးကောင်းကန်းအား ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးကောင်းကန်းကမူ သူမအား လုံးဝမကြည့်တော့ချေ။

ချူးအော့လျှံကိုသာ လှမ်းကြည့်ပြီး တစ်ချက်ပြုံးပြကာ ချာခနဲလှည့်ထွက်သွားလေတော့သည်။

* * *



## အခန်း (ဂ)

## ထောင်ချောက်

ညဥ့် ...။

ညဥ့်သည် တဖြည်းဖြည်း နက်ရှိုင်းလာလေသည်။ အမှောင်ထုက ဝန်းကျင်တစ်ခုလုံးကို ဝါးမျိုထားသည်။

ယင်းအချိန်မှာပင် မင်းလမ်းမအတိုင်း လူရွယ်တစ်ယောက်သည် ခြေလှမ်းသုတ်သုတ်ဖြင့် လှမ်းလျှောက်လာသည်ကိုတွေ့မြင်ရသည်။

သူသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာခဲ့ရာ မကြာမီ လမ်းချိုးလေးတစ်ခုသို့ ရောက်ရှိလာလေသည်။

သူသည် လမ်းချိုးကလေးအတိုင်း ကွေ့ချိုးဝင်၍ ဆက်လက်လျှောက်လှမ်းလာ၏။

လမ်းချိုးကလေး၏ညာဘက်တွင် မှုန်ပျပျမီးရောင်တစ်ခုကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမီးရောင်သည် သစ်ပင်တစ်ပင်တွင် ချိတ်ဆွဲထားသော မီးပုံးမှ ထွက်ပေါ်နေခြင်းဖြစ်၏။

ထို့ပြင် သစ်ပင်၏ပင်စည်တွင် စာရွက်တစ်ရွက် ကပ်ထားသည်ကို မီးပုံးအိမ်မှထွက်ပေါ်လာသော အလင်းရောင်ကြောင့် တွေ့မြင်ရလေသည်။

စာလုံးမှာ သေးကွေးလှ၏။ မီးရောင်က မှေးမှိန်နေသောကြောင့် ပီပီပြင်ပြင် မမြင်တွေ့ရချေ။

"ဘာစာတွေများပါလိမ့်"

လူရွယ်က တီးတိုးရေရွတ်ရင်း အနီးသို့ကပ်ကြည့်လိုက်သည်။ ထိုအခါ စာများကို သဲသဲကွဲကွဲမြင်တွေ့ရတော့သည်။

"ကျွန်းကျူးရှန့် မင်းဆီမှာရှိတဲ့ဓားကို ဒီနေရာမှာ ထားခဲ့ပါ"

စာမှာ မင်များမခြောက်သေးခြင်းကြောင့် စာရေးသူသည် ဤနေရာတစ်ဝိုက်၌ပင် ရှိနေဦးမည်ဟု ခန့်မှန်းမိလိုက်သဖြင့် လူရွယ် ထိတ်ခနဲဖြစ်သွား၏။

တစ်ဆက်တည်းမှာပင် တစ်စုံတစ်ယောက်က အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ထောင်ချောက်တစ်ခုထဲသို့ တွန်းပို့လိုက်ပြီဖြစ်ကြောင်း နားလည်လိုက်မိလေသည်။

ထိုတဒင်္ဂလေးမှာပင် ...

'ဂွစ်'



လေတိုးသံနှင့်အတူ အရာဝတ္ထုတစ်ခု လေသံကိုထိုးဖောက်ထွက်ပေါ်လာ၏။

လူရွယ်သည် အန္တရာယ်များနှင့် မကြာခဏ အဖော်ပြုနေရသော ကျွန်းကျူးရှန့်ဖြစ်ရာ အတွေ့အကြုံလွန်စွာရင့်ကျက်နေပြီဖြစ်သည်။

ထို့ကြောင့် လေတိုးသံကြားသည်နှင့် ရုတ်ခြည်းပင် ခန္ဓာကိုယ်က လေထဲသို့ ခုန်တက်လိုက်ပြီးဖြစ်နေသည်။

ယင်းအချိန်မှာပင် ...

'ဒုတ်'

ခုနစ်ပေခန့်ရှည်လျားသော လှံတစ်စင်းသည် ကျွန်းကျူးရှန့် ရပ်နေခဲ့သောနေရာကိုဖြတ်သန်း၍ သစ်ပင်၏ပင်စည်သို့ စိုက်ဝင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

လေထဲမှပြန်ကျလာသော ကျွန်းကျူးရှန့်သည် လှံတံပေါ် အလိုက်သင့် နင်းရပ်လိုက်၏။

ထိုအချိန်မှာပင် ...

လူလေးယောက်သည် မှောင်ရိပ်ထဲမှ ရုတ်တရက်ခုန်ထွက်လာကြလေသည်။

လူသုံးယောက်၏လက်ထဲမှ ဓားများသည် မီးအိမ်မှအလင်းရောင်ကြောင့် ပြိုးပြက်လင်းလက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်၏လက်ထဲတွင်မူ မည်သည့်လက်နက်မျှ ကိုင်ဆောင်ထားခြင်းမရှိပါ။

ထို့ကြောင့် လုံတံသည် ထိုလူ၏လက်နက်ဖြစ်ကြောင်းကျန်းကျုံးရှန့် နားလည်လိုက်မိလေသည်။

ထိုလူလေးယောက်အား မျက်လုံးဝေ့၍ ကြည့်လိုက်ပြီး ...

"မိတ်ဆွေတို့ ... ကျုပ်နဲ့ ဘယ်လိုရန်ငြိုးရှိလို့ အခုလို တိုက်ခိုက်ရတာလဲ"

ထိုလူလေးယောက်အနက် လက်နက်ကိုင်ဆောင်ထားခြင်း မရှိသူက သူ့အားအေးစက်စက်ကြည့်လိုက်၏။

"ကျန်းကျုံးရှန့် ... မင်း စာမတတ်ဘူးလား၊ ကျုပ်တို့ရေးထားတဲ့စာအတိုင်း လိုက်နာရင် မင်းနဲ့ကျုပ်တို့အကြား ဘာပြဿနာမှ မရှိနိုင်ဘူး"

ကျန်းကျုံးရှန့်က ပြုံးလိုက်သည်။

လုံတံပေါ်တွင် ရပ်နေရာမှ သစ်ပင်တွင် သံဖြင့်ရိုက်၍ ကပ်ထားသောစာရွက်ကို လှမ်းယူကာ အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲလိုက်သည်။

လက်နက်ကိုင်ဆောင်ထားခြင်းမရှိသူက သူ့အားမျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး ...

"ကျုံးရှန့် ... မင်း ဒါ ဘာလုပ်တာလဲ"



ကျန်းကျုံးရှန့်က အေးစက်စက်အံမှုအရာဖြင့် ပခုံးတွန့်ကာ

"ခင်ဗျားတို့ပြောတဲ့ ရေခဲဓားက ကျုပ်ဆီမှာ မရှိဘူးလေ၊ ဒါကြောင့် ဒီစာက မလိုအပ်တော့ဘူး"

သူ့စကားကြောင့် ထိုလူလေးယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ လက်နက်ကိုင်ဆောင်ထားခြင်း မရှိသူက

"ကျန်းကျုံးရှန့် ... မင်း ဘာမှ ဖုံးကွယ်မနေပါနဲ့၊ မင်းဆီမှာ ရေခဲဓားပါမလာခဲ့ရင်တောင်မှ ရေခဲဓားဟာ မင်းလက်ထဲရောက်နေပြီဆိုတာ သိုင်းလောကသားတိုင်း သိထားပြီးပြီ"

ကျန်းကျုံးရှန့်မှာ ထိတ်လန့်အံ့ဩသွားခြင်း မရှိပါ။ စိတ်ပျက်ဟန်ဖြင့် ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျုပ် ကျန်းကျုံးရှန့်မှာ ဘာကိစ္စကိုမှ ဖုံးကွယ်ထားတာ မရှိဘူး၊ ဖုံးကွယ်လောက်အောင်လည်း ခင်ဗျားတို့ကို ထိတ်လန့်နေစရာမလိုပါဘူး"

ထိုလူလေးယောက်အနက် ပိန်ပိန်ပါးပါးရှိသောလူက မျက်မှောင်ကြုတ်ကာ

"မင်း တို့ကိုမသိလို့ ဒီလိုစကားမျိုးပြောတာထင်တယ်၊ ဒီမှာ ကျန်းကျုံးရှန့် ... မင်းဟာ သိုင်းလောကရဲ့ ထိပ်သီးဓားနှစ်လက်ထဲကဖြစ်ပေမယ့် ကျုပ်တို့လေးယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှုကို

www.burmeseclassic.com

www.burmeseclassic.com



တော့ မခံနိုင်ပါဘူး၊ ဒါကြောင့်"

ထိုသူ၏စကားမဆုံးမီ ကျွန်းကျုံးရှန့်က ကြားဖြတ်ပြောလိုက်သည်။

"ဒါကြောင့် ရေခဲဓားကို အပ်ရမယ်ဆိုပါတော့"

ထိုလူလေးယောက် ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။

"ဟား ဟား ဟား ... ကောင်းပြီလေ၊ ဒါဆိုရင် ရေခဲဓားရယူဖို့အတွက် ကျုပ်ကို နိုင်အောင်တိုက်ခိုက်ကြပေတော့"

ကျွန်းကျုံးရှန့်က ရယ်မောပြောဆိုလိုက်ရာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသူက

"ကောင်းပြီလေ ဒါဆိုရင် ဝံပုလွေလေးကောင်အကြောင်း သိရမှာပေါ့"

ပြောပြီး ရုတ်တရက် မြေပေါ် ခြေတစ်ချက်ဆောင့်လိုက်ရာ သူ၏ခန္ဓာကိုယ်သည် ငှက်တစ်ကောင်အလား ပျံဝဲကာ ကျွန်းကျုံးရှန့် ရပ်နေသော လှံတံဆီသို့ ရောက်ရှိလာသည်။

လှံတံပေါ်တွင် ခြေစုံရပ်လိုက်မိသည်နှင့် ကျွန်းကျုံးရှန့်အား လက်ဝါးဖြင့် ရုတ်တရက် ရိုက်ချလိုက်လေသည်။

ထိုလူ၏လက်ဝါးရိုက်ချက် ပြင်းထန်ကြောင်း သိရှိသဖြင့် ကျွန်းကျုံးရှန့် အထင်မသေးဝံ့ချေ။ ရုတ်ခြည်းပင် လက်ဝါးနှစ်ဖက်ဖြင့် ခံလိုက်၏။ လက်ဝါးလေးဖက်တွေ့ဆုံမိသည်နှင့်တစ်ပြိုင်နက် ...



'ဝုန်း'

ကျွန်းကျုံးရှန့်နှင့် ထိုလူတို့၏ခန္ဓာကိုယ်များ ယိမ်းယိုင်သွားကြလေသည်။

ကျွန်းကျုံးရှန့်က ခန္ဓာကိုယ်အား လေထဲတွင် နောက်ကျွမ်းပစ်၍ ရှောင်တိမ်းလိုက်၏။

ထို့အတူ ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသောလူကလည်း နောက်ကျွမ်းပစ်၍ မြေပြင်ပေါ်သို့ ခုန်ဆင်းသွားလေသည်။

တစ်ဆက်တည်းပင် သစ်ပင်၌စိုက်ဝင်နေသော လှံတံကို နုတ်ယူကာ လေထဲ တစ်ချက်ဝှေ့ယမ်းလိုက်၏။

'ဝှစ်'

လှံတံသည် စကြာတစ်ခုပမာ လျှင်မြန်စွာလည်ပတ်သွားလေသည်။ ကျွန်းကျုံးရှန့်က သူ့အားပြုံး၍ကြည့်ကာ ...

"ခင်ဗျား မဆိုးဘူး"

ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးရင်း လှံတံကို လှည့်ပတ်ကာ ပြေးဝင်တိုက်ခိုက်လိုက်သည်။ ကျန်လူသုံးယောက်လည်း ရပ်ကြည့်မနေဘဲ ဝင်ရောက်တိုက်ခိုက်ရာ ...

ကျွန်းကျုံးရှန့်မှာ မရှောင်သာတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကတွင် အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်သိုင်းသမားများ မြောက်မြားစွာ ကျင်လည်ကျက်စားနေကြသည်။

အဖြူရောင်သိုင်းသမားဆိုသည်မှာ ဖြောင့်မတ်ရိုးသားပြီး ဥပဒေကိုလေးစားသည့် သိုင်းသမားများဖြစ်ကြသည်။

အနက်ရောင်သိုင်းသမားများကမူ စည်းကမ်းမဲ့ဥပဒေမဲ့ဖြင့် သိုင်းလောက၌ ကျင်လည်ကျက်စားကြသူများဖြစ်၏။

မည်သည့်သိုင်းလောကသားများမဆို ဝံပုလွေလေးကောင်ဟုဆိုလျှင် မသိသူမရှိသလောက် ရှားပါးလှသည်။

ဝံပုလွေလေးကောင်ဆိုသည်မှာ အလွန်ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သော လူလေးယောက်ကို ဆိုလိုခြင်းဖြစ်သည်။

သူတို့သည် ညီအစ်ကိုများဖြစ်ကြပြီး အကျင့်စာရိတ္တမကောင်းသဖြင့် ဆရာဖြစ်သူ၏ နှင်ထုတ်ခြင်းခံထားရသူများ ဖြစ်ကြ



လေသည်။

သူတို့၏အမည်များမှာ စုမွန်၊ စုယိ၊ စုထုံးနှင့် စုကျူးတို့ဖြစ်ကြ၏။

သူတို့၏ကောက်ကျစ်စဉ်းလဲမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကြောင့် သိုင်းလောကတွင် ဝံပုလွေလေးကောင်အဖြစ် နာမည်တွင်ခဲ့ကြလေသည်။

သူတို့သည် ကျန်းကျုံးရှန့်ထံ၌ ရေခဲစားရှိသည်ဟု ကြားသိရသဖြင့် ယခုကဲ့သို့ လာရောက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

စုထုံးသည် လက်ထဲမှလှံတံကို အဆက်မပြတ်ဝှေ့ယမ်းကာ ကျန်းကျုံးရှန့်အား သိုင်းကိုးကွက်ဖြင့် တိုက်ခိုက်လိုက်၏။

စုမွန်သည် ကျန်းကျုံးရှန့်၏ဦးခေါင်းအား ဓားဖြင့် ခုတ်ပိုင်းကာ စုကျူးကမူ ခါးလယ်အား ခုတ်ပိုင်းလိုက်လေသည်။

စုယိကလည်း ခြေသောက်အား လျှပ်တစ်ပြက်ခုတ်ချလိုက်လေ၏။

သူတို့လေးယောက်၏ လှုပ်ရှားမှုမှာ တစ်ပြိုင်တည်းဖြစ်လေသည်။

ကျန်းကျုံးရှန့်၏ရင်ထဲ၌ ထိတ်လန့်သွား၏။

အခြေအနေမှာ အလွန်ဆိုးဝါးနေပြီဟု နားလည်လိုက်သည်။

သို့တိုင် သူသည် တိုက်ပွဲအတွေ့အကြုံရင့်ကျက်သူဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



စုမွန်၏ခုတ်ချလိုက်သောဓားကို လက်ဖြင့်ပင့်၍ ခံပေးလိုက်သည်။

လက်ကောက်ဝတ်မှ တံတောင်ဆစ်တိုင်အောင် ပတ်ထားသောသံမဏိပြားနှင့် ဓားသွားတို့ ထိတွေ့ကာ မီးပွင့်များဖြာထွက်လာလေသည်။

ယင်းတဒင်္ဂလေးမှာပင် ကျန်းကျုံးရှန့်၏ ခန္ဓာကိုယ်သည် လေထဲသို့ခုန်တက်သွားကာ ကျန်လက်ဝါးတစ်ဖက်က စုယိ၏ရင်ဝအား ရိုက်ချလိုက်သည်။

စုယိမှာ ရှောင်တိမ်းချိန်ပင်မရလိုက်ဘဲ ...

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ စုယိ၏ခန္ဓာကိုယ်သည် ကြိုးပြတ်သွားသည့်စွန်ပမာ အဝေးသို့လွင့်စဉ်သွားလေ၏။

ယင်းအချိန်မှာပင် စုထုံးနှင့်စုကျုံးတို့က ဓားကိုဝှေ့ယမ်းလျက် ဝင်ရောက်တိုက်ခိုက်လာကြလေသည်။

ကျန်းကျုံးရှန့်သည် စုထုံးအနီးသို့ခုန်ဝင်ကာ လက်ကောက်ဝတ်အား ရုတ်တရက်ဖမ်းဆုပ်လိုက်၏။

စုထုံး ထိတ်လန့်သွားပြီး ကျန်းကျုံးရှန့်၏လက်အတွင်းမှ ရုန်းထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သံမဏိညှပ်တစ်ချောင်းနှင့် အညှပ်ခံထားရသည့်အလား တင်းကျပ်လွန်းလှသဖြင့် ရုန်းမထွက်နိုင်ဘဲရှိနေ၏။



စုကျုံးသည် စုထုံး၏အခြေအနေကို တွေ့မြင်လိုက်ရသည့်အခါ ရင်ထိတ်သွားမိ၏။

ကမန်းကတန်းပင် ဓားဖြင့် ကျန်းကျုံးရှန့်၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ကျန်းကျုံးရှန့်က မဲ့ပြုံးပြုံးပြီး စုထုံး၏လက်ကောက်ဝတ်အားဆွဲ၍ တွန်းထုတ်လိုက်၏။

စုထုံး၏ခန္ဓာကိုယ်သည် စုကျုံးထံသို့ လွင့်စဉ်သွားလေသည်။

စုကျုံးမျက်လုံးပြူးသွားသည်။ မိမိ၏ဓားဦးဆီသို့ ပြေးဝင်လာသော စုထုံးအား ထိတ်လန့်တုန်လှုပ်စွာကြည့်ရင်း ဓားကို ကမန်းကတန်း ရုပ်သိမ်းလိုက်သည်။

သို့သော် စုထုံး၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ သူ၏ဓားဦးဆီသို့ လွင့်စဉ်လာခြင်းဖြစ်ရာ ...

"အား"

စုထုံး၏ကျယ်လောင်စူးရှသောအော်ဟစ်သံက ဝန်းကျင်တစ်ခုလုံးအား ပျံ့လွင့်သွားလေသည်။

မမျှော်လင့်သောအခြေအနေကြောင့် စုကျုံး၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွား၏။

ယင်းတဒင်္ဂလေးမှာပင် ကျန်းကျုံးရှန့်က သူ့အနီးသို့ ခုန်ပျံ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကာ ဦးခေါင်းအား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

'ဖောင်း'

ဦးခေါင်းအက်ကွဲသံနှင့်အတူ စုကျုံး၏ခန္ဓာကိုယ်လည်း အရုပ်ကြိုးပြတ် လဲကျသွားလေ၏။

လုံတံကိုင်ဆောင်ထားသော စုမွန်သည် လျှပ်တစ်ပြက်အချိန်ကလေးအတွင်း မိမိ၏ညီနောင်သုံးယောက်အား ဝိညာဉ်ခြွေပစ်လိုက်သော ကျန်းကျုံးရှန့်ကိုကြည့်ကာ အကြီးအကျယ်ဒေါသထွက်လာလေသည်။

သူသည် လုံတံကို ရှေ့သို့ဆန့်တန်းလျက် ကျန်းကျုံးရှန့်ထံသို့ ခုန်ဝင်လိုက်၏။

ကျန်းကျုံးရှန့်က လဲကျသေဆုံးနေသော စုကျုံး၏နံဘေးရှိ ဓားရိုးကို ခြေထောက်ဖြင့် ကလော်တင်လိုက်သည်။

ဓားသည် လေထဲ၌ လွင့်ပျံတက်လာ၏။ ကျန်းကျုံးရှန့် က မာန်သွင်းအော်ဟစ်လိုက်ပြီး ...

"ယား"

လေထဲ၌လွင့်ပျံနေသောဓားအား လက်ညှိုးဖြင့် ရုတ်တရက်တောက်ထုတ်လိုက်သည်။

'ထောက်'



ဓားသည် ခုန်ဝင်လာသောစုမွန်ထံသို့ လှစ်ခနဲပစ်လွင့်သွားလေသည်။

စုမွန်သည် မမျှော်လင့်သောနေရာမှ တိုးဝင်လာသော ဓားအား ရှောင်တိမ်းရန် အချိန်မရတော့ပါ။

'ဒုတ်'

"အွန့်"

ဓားသည် သူ၏ရင်ဝသို့စိုက်ဝင်သွားကာ လဲကျသေဆုံးသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

### လျှို့ဝှက်ရန်သူ

ညဥ့်နက်သန်းခေါင်ယံဖြစ်လေသည်။

ပီကင်းမြို့ကလေးသည် တိတ်ဆိတ်စွာ အိပ်မောကျနေ၏။

အမှောင်ထုသည် တစ်စထက်တစ်စ သိပ်သည်းလာလေသည်။

အိမ်တိုင်းလိုလို မီးများပိတ်ထားကြ၏။

ကောင်းကင်ယံတွင် ကြယ်မရှိ။ လဝန်းမရှိ။ နှင်းများ ရုတ်တရက်ကြွေဆင်းလာ၏။

ညသည် ချောက်ချားဖွယ်ရာကောင်းနေလေ၏။

မည်းမည်းသဏ္ဌာန်လူရိပ်တစ်ရိပ်သည် မြူနှင်းများကြားတိုးဝှေ့ကာ ပီကင်းမြို့အရှေ့ဘက်ဆီသို့ ဦးတည်ပြေးလွှားနေ၏။

ထိုလူရိပ်သည် ခြံဝင်းကျယ်ကြီးတစ်ခုရှေ့သို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်လေသည်။



ယင်းနောက် ခြံဝင်းတံခါးဆီသို့ ပြေးလွှားသွားကာ ခြံဝင်းတံခါးကိုခေါက်လိုက်သည်။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ ဆုံးသွားသည်နှင့် သံမဏိတံခါးချပ်က ဖြည်းညင်းစွာ ပွင့်လာ၏။ တစ်ဆက်တည်းမှာပင် လူတစ်ယောက်၏ ဦးခေါင်းပြူထွက်လာသည်။

"ဟင် ... အာမစံဌာနမှူးကျန်းပါလား"

ရေရွတ်သံနှင့်အတူ ခြံဝင်းတံခါးပွင့်လာသည်။

ခြံဝင်းတံခါးရှေ့ရောက်လာသူမှာ ကျန်းကျူးရှန့် ဖြစ်ပါသည်။ ကျန်းကျူးရှန့်၏ ခန္ဓာကိုယ်တစ်ခုလုံး မြူနှင်းများဖြင့် စိုစွတ်နေလေသည်။

"ဟုတ်ပါတယ် ... ကျူပ်ပါ"

ပြောပြီး အထဲသို့လှမ်းဝင်လိုက်သည်။ သူသည် ခြံဝင်းထဲရှိ အဆောက်အအုံဆီသို့ လျှောက်သွား၏။

မီးပုံးအိမ်များ ဆယ့်နှစ်လုံးတိတိထွန်းညှိထားသဖြင့် အဆောက်အအုံ၏အဝင်တံခါးဝတွင် ရေးထားသော ရွှေရောင်စာလုံးကြီးများကို ထင်ရှားစွာ တွေ့မြင်ရလေသည်။

ထိုစာလုံးများမှာ ...

'ကျန်းအာမခံဌာန'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်သည်။

ယခု ကျွန်းအာမခံဌာနဟူသော ရွှေရောင်စာလုံးကြီးများအောက်တွင် လူနှစ်ဆယ်ခန့်က လက်နက်ကိုယ်စီဖြင့် စီတန်းမတ်တတ်ရပ်နေကြသည်။

ဤမျှ ညဥ့်နက်သန်းခေါင်ယံအချိန်တွင် ထိုလူများ အဘယ်ကြောင့် အိပ်စက်ခြင်းမရှိသေးပါသနည်း။

ကျန်းကျုံးရှုန့်၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော ဟန်မူရာများပေါ်လွင်လာလေသည်။

"ရှောင်ကျန်း ... ဘာတွေဖြစ်ကုန်ပြီလဲ"

အစောင့်ဖြစ်သူအား လှမ်းမေးလိုက်၏။ ရှောင်ကျင်းက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုရင်း ...

"ဌာနမှူးခင်ဗျား အာမခံဌာနမှာ သေတ္တာဆယ်လုံးရောက်နေပါတယ်"

ကျန်းကျုံးရှုန့် မျက်မှောင်ကြုတ်သွားသည်။

"သေတ္တာဆယ်လုံး ... ဟုတ်လား၊ ဘာသေတ္တာတွေလဲ"

ရှောင်ကျင်းက ဦးညွှတ်လိုက်သည်။

"လျှံ့ငွေသိန်းနှစ်ဆယ်ထည့်ထားတဲ့ သေတ္တာတွေပါ"

ကျန်းကျုံးရှုန့် မျက်လုံးပြူးကျယ်သွားလေသည်။

"ဒီလျှံ့ငွေသိန်းနှစ်ဆယ်ကို ဘယ်သူလာပို့တာလဲ"



ဤတစ်ကြိမ် မျက်လုံးပြူးသွားသူမှာ ရှောင်ကျင်းဖြစ်သည်။ သူက ကျန်းကျုံးရှုန့်အား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး ...

"ဟင် ... ဒီလျှံ့ငွေသိန်းနှစ်ဆယ်ကို ဌာနမှူးက အလုပ်လက်ခံလိုက်လို့ လာပို့တာ မဟုတ်ဘူးလား"

ကျန်းကျုံးရှုန့် ရင်ထိတ်သွား၏။

သူသည် အာမခံဌာန အလုပ်အပ်သူက ဤမျှအထိအကွက်စေ့စေ့လှုပ်ရှားလာလိမ့်မည်ဟု မမျှော်လင့်မိခဲ့ချေ။ ရင်ထဲ၌ ခံပြင်းလာမိ၏။

"နေပါဦး ... အဲဒီလူက ဘယ်သူလဲ၊ ဘယ်လိုပုံစံလဲ၊ မှတ်မိလိုက်သလား"

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"မှောင်ရီဖျိုးဖျအချိန် ဦးခေါင်းမှာ ခမောက်ကြီးဆောင်းထားတာဆိုတော့ ဘယ်သူဘယ်ဝါမှန်း မမှတ်မိလိုက်ပါဘူး"

ကျန်းကျုံးရှုန့်၏ရင်ထဲ၌ တင်းကျပ်လာလေသည်။

"နေပါဦး ... ခင်ဗျားတို့က သူ့နာမည် ဘယ်သူဘယ်ဝါဆိုတာတောင် မေးမထားလိုက်ကြဘူးလား"

"မေးကြည့်ပါတယ်၊ ဒါပေမဲ့ ... သူက ဌာနမှူးကျန်းနဲ့ တွေ့ပြီးပြီ၊ အလုပ်ကိစ္စကိုလည်း ပြောခဲ့ပြီးပြီ၊ အရေးကြီးတာက သေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ထဲက ငွေတွေပြည့်ရဲ့လားလို့ စစ်ဆေးပြီးလက်ခံပါဆိုလို့ ကျွန်တော်တို့က စစ်ဆေးလက်ခံထားလိုက်တာပါ"

ရှောင်ကျင်းသည် လက်နက်ကိုယ်စီဖြင့် ရပ်စောင့်နေသူများကို ညွှန်ပြလိုက်ပြီး ...

"နောက်ပြီး သူတို့အားလုံးက လျှံငွေသိန်းနှစ်ဆယ်ဆိုတဲ့ ငွေကြေးအတွက် စိတ်ပူလို့ဆိုပြီး အလှည့်ကျ ကင်းစောင့်နေကြပါတယ်"

ကျန်းကျုံးရှန့်က အံကိုတင်းတင်းကြိတ်လိုက်သည်။

သူသည် အလုပ်အပ်လာသူမှာ အင်အားကြီးမားသော လူတစ်ယောက်ဖြစ်ပြီး ဉာဏ်ကောင်းသောလူဖြစ်မည်ဟု ခန့်မှန်းမိ၏။

ထိုလူသည် မည်သူဖြစ်မည်နည်း။

အဘယ်ကြောင့် မိမိတို့၏အာမခံဌာနကိုမှ ရွေးချယ်ကာ အလုပ်အပ်နှံခဲ့ပါသနည်း။

ချူးအော့လျှံနှင့် မည်သို့ပတ်သက်နေပါသနည်း။

သူက ယင်းသို့တွေးရင်းဆက်လက်လျှောက်လာခဲ့ရာ အဆောက်အအုံအဝင်ဝသို့ ရောက်ရှိလာလေသည်။

လက်နက်ကိုယ်စီဖြင့် စောင့်ကြပ်နေကြသူများက သူ့အား ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

"ဌာနမှူးကို ဂါရဝပြုပါတယ်"



ကျန်းကျုံးရှန့်က မချိပြုံးလေးပြုံးပြရင်း ...

"ခင်ဗျားတို့အားလုံး ပင်ပန်းနေကြရောပေါ့"

ပိန်ပိန်ပါးပါးရှိသောလူက ခေါင်းခါယမ်းလိုက်သည်။

"မပင်ပန်းပါဘူးဗျာ၊ ကျုပ်တို့က ဌာနမှူးကျန်းဆီမှာ အလုပ်လုပ်ရတာကိုပဲ ဂုဏ်ယူမိပါတယ်"

ကျန်းကျုံးရှန့်က မျက်ခုံးပင့်ကာကြည့်ရင်း နားမလည်နိုင်ဟန်ဖြင့် မေးလိုက်သည်။

"ဘယ်လို ... ခင်ဗျား့စကားက ဘာအဓိပ္ပာယ်လဲ လောက်ဖု"

လောက်ဖုဆိုသူက ပြုံး၍ ရင်ကော့ကာ ကျန်းကျုံးရှန့်အား အလေးထားသောဟန်မူရာဖြင့် ...

"ကျုပ် ဒီအာမခံဌာနကိုစပြီး ဝင်ရောက်အမှုထမ်းစဉ်က မိသားစုငွေကြေးအခက်အခဲပြေမှုကိုပဲ အဓိကထားခဲ့တာပါ"

သူသည် ကျန်းကျုံးရှန့်အား တစ်ချက်ကြည့်ကာ စကားဆက်လိုက်သည်။

"ဒါပေမဲ့ ... ဒီနေ့တော့ အဲဒီဦးတည်ချက်ထက်သာလွန်တဲ့ ခံစားမှုတစ်ခုကို ခံစားခဲ့ရပါတယ်"

ကျန်းကျုံးရှန့်မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားရဲ့စကားက ဘာအဓိပ္ပာယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



လောက်ဖုက ပြုံးရင်း ...

"ကျုပ်တို့ပီကင်းမှာ အာမခံဌာနမှူးတွေ အများကြီးရှိပါတယ်၊ ဒါပေမဲ့ ဌာနမှူးကျွန်းဦးစီးတဲ့ အာမခံဌာနကိုပဲ လူအများက ယုံကြည်လေးစားတဲ့ ပထမတန်းအာမခံဌာနဖြစ်တယ်ဆိုတာ ဒီနေ့မှ သိရလို့ပါ၊ ဒီလို အာမခံဌာနမှာ အလုပ်လုပ်ခွင့်ရတဲ့ ကျုပ်လောက်စိတ်ချမ်းသာဂုဏ်ယူစရာကောင်းတဲ့ဘဝမျိုး ဘယ်မှာရှိမှာလဲ"

ကျွန်းကျုံးရှန့်က မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"ဩော် ... ဒီနေ့ လျှံငွေသိန်းနှစ်ဆယ်လာအပ်တဲ့ အလုပ်ကိစ္စအတွက် ခင်ဗျားက ကျုပ်တို့အာမခံဌာနကို ဂုဏ်ယူနေတယ်ဆိုပါတော့"

လောက်ဖုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ဗျာ၊ ဒီငွေဟာ ပီကင်းမြို့တော်တစ်ခုလုံး ကိုဝယ်ယူနိုင်တဲ့ ငွေကြေးပမာဏပါ၊ ကျွန်းအာမခံဌာနအတွက် ဘယ်လောက်ဂုဏ်ယူစရာကောင်းသလဲ"

ကျွန်းကျုံးရှန့်သည် စိတ်အားထက်သန်နေသော လောက်ဖုအား ကြည့်ပြီးသက်ပြင်းတစ်ချက် ကျိုန်ကာချလိုက်သည်။

အကယ်၍သာ ဤလျှံငွေသိန်းနှစ်ဆယ်ပေးအပ်၍ အလုပ်အပ်လာသူသည် မိမိတို့အား အလွန်ကြောက်စရာကောင်းသော ထောင်ချောက်ထဲသို့ တွန်းပို့နေသည်ဟု သိခဲ့ရလျှင် လောက်ဖုအနေ



ဖြင့် ယခုကဲ့သို့ ဝမ်းသာဂုဏ်ယူနိုင်ပါမည်လော။

သူသည် ယင်းသို့တွေးရင်း ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"အခုလိုပြောတာကို ကျေးဇူးတင်ပါတယ်၊ ကဲ ကဲ ... ကျုပ်ငွေသေတ္တာတွေကို သွားစစ်လိုက်ဦးမယ်"

ပြောပြီး အဆောက်အအုံထဲသို့ ဝင်လိုက်လေသည်။

ထို့နောက် ညှိခန်းထဲ၌ရှိနေသော ငွေသေတ္တာများကို စစ်ဆေးကာ နှုတ်ခမ်းတစ်ချက်ကိုက်လိုက်သည်။

"အင်း ... ဒီလောက်များတဲ့ငွေတွေကို ပိုင်ဆိုင်တာဟာ ဘယ်သူဖြစ်နိုင်မလဲ၊ သူနဲ့ချူးအောင့်လျှံနဲ့ကော ဘယ်လိုပတ်သက်နေသလဲ၊ ဘာပဲဖြစ်ဖြစ် အဲဒီလျှို့ဝှက်တဲ့လူကို သိနိုင်အောင် စုံစမ်းရမှာပဲ"

သူသည် ယင်းသို့တွေးရင်း မိမိ၏အခန်းထဲသို့ ဝင်လာခဲ့လေသည်။

ယင်းအခိုက်မှာပင် ...

"ဌာနမှူးကျွန်း"

ခေါ်သံကြောင့် ကျွန်းကျုံးရှန့်လှည့်ကြည့်လိုက်သည်။

လောက်ဖုက သူ့အနီးသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျုံးရှိန် မျက်မှောင်ကြုတ်သွားသည်။

"လောက်ဖု ... ဘာပြောစရာရှိလို့လဲ"

လောက်ဖုက ပြုံးလိုက်ပြီး ...

"ကျုပ်တို့ ဘယ်တော့လောက် ခရီးစထွက်ရမလဲ"

"အင်း ... ငွေကြေးက သိပ်ပြီးများတော့ ဒီမှာ ကြာရှည်ထားလို့မဖြစ်ဘူး၊ ဒါကြောင့် ... မနက်ဖြန်မိုးလင်းတာနဲ့ ခရီးထွက်မယ်"

လောက်ဖု ခေါင်းညိတ်လိုက်သည်။

"ဟာ ... ဟုတ်တယ် ဟုတ်တယ်၊ ဒါဆိုရင် ... ဒီည ဌာနမှူးစောစောစီးစီး အနားယူသင့်တာပေါ့၊ အခုတောင် ညဉ့်နက်နေပြီ၊ အနားယူပါတော့ခင်ဗျာ"

ကျန်းကျုံးရှိန်က လောက်ဖုအား မျက်ခုံးပင့်၍ကြည့်လိုက်ပြီး ...

"ဒါနဲ့ ... ခင်ဗျားရော"

လောက်ဖုက ပြုံးလိုက်သည်။

"ကျုပ်လည်း တာဝန်ချိန်ပြီးပါပြီ။ ဒါကြောင့် အနားယူဖို့ အခန်းကိုပြန်လာတာပါ"

ကျန်းကျုံးရှိန်က နွမ်းလျစွာ ပြုံးလိုက်သည်။

"ဒါဆို ... ခင်ဗျားသွားအနားယူတော့"



လောက်ဖုက ဦးညွတ်၍ သူ့အခန်းရှိရာသို့ ထွက်ခွာသွားသည်။

ကျန်းကျုံးရှိန်ကလည်း မိမိအခန်းထဲသို့ လေးကန်သော ခြေလှမ်းများဖြင့် လှမ်းဝင်ခဲ့လေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

### နှောင်းပုံရိပ်မှ အတိတ်ခြေရာ

လစန္ဒာသည် လှပသော မိန်းကလေး၏မျက်ခုံးပမာ ကွေးညွတ်လျက်ရှိနေ၏။

ကြယ်ပွင့်ကလေးများသည် စိန်ပွင့်ကလေးများပမာလစန္ဒာအား ဝိုင်းရံထားကြလေသည်။

သို့တိုင်အောင် မြူနှင်းများက ဇာပဝါကဲ့သို့ လွှမ်းခြုံထားသဖြင့် လမင်းစန္ဒာသည် ဝန်းကျင်တစ်ခုလုံးအား မှေးမှိန်သော အလင်းရောင်ကိုသာ ပေးစွမ်းနိုင်လေသည်။

ထို့ကြောင့် လမိုက်ညနှင့်မခြားအမှောင်ထုက ကြီးစိုးမင်းမူနေ၏။

ပီကင်းမြို့တော်တစ်ခုလုံးသည် ချောက်ချားဖွယ် ကောင်းအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။

'တုံ တုံ'



အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

တိတ်ဆိတ်နေသော ညဥ့်ယံဖြစ်၍ အုန်းမောင်းခေါက်သံသည် ကြည်လင်ပီသလှ၏။

ည ... နှစ်ချက်တီးပြီဖြစ်သည်။

မြို့တော်အတွင်းရှိ အိမ်တိုင်းအိမ်တိုင်း မီးများပိတ်သွားကြပြီဖြစ်ရာ အမှောင်ထုက ပို၍ကြီးစိုးမင်းမူနေပေတော့၏။

ယင်ချွန်ရဲဂေဟာသည်လည်း မီးများမှိတ်ထားပြီးဖြစ်သည်။

သို့သော် ဂေဟာအပေါ်ထပ်ထောင့်စွန်းရှိ အခန်းတစ်ခုတွင်မူ ပြာလဲ့လဲ့မီးရောင်ဖြာထွက်လျက် ရှိနေလေသည်။

ဤသို့ဆိုလျှင် ယင်းအခန်းထဲ၌ မည်သည့်ထူးခြားမှုများရှိနေပါသနည်း။

မီးရောင်သည် ပြာလဲ့လဲ့လင်း၍နေ၏။ နံရံပေါ်၌ လှပသော ပန်းချီကားချပ်များ ချိတ်ဆွဲထားလေသည်။

ထိုပန်းချီကားချပ်များကို တွေ့မြင်လိုက်သည်နှင့် တန်ဖိုးကြီးသော ပန်းချီကားချပ်များဖြစ်ကြောင်း သိရှိနိုင်လေသည်။

အခန်းထောင့်ရှိ ပန်းချီကားချပ်ကြီးရှေ့တွင် ကြီးများကျယ်ပြန့်သော ခုတင်တစ်လုံးရှိသည်။

ခုတင်ရှေ့ မလှမ်းမကမ်းတွင် မီးလင်းဖိုတစ်ခုရှိနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး နွေးနွေးထွေးထွေးရှိနေနေလသည်။

မီးဖိုထဲတွင် နံ့သာဖြူတုံးများကို ထည့်သွင်းထားသဖြင့် မွှေးကြိုင်သော ရနံ့များ ပျံ့လွင့်နေလေသည်။

မည်သူမဆို ဤမျှရာသီဥတုဆိုးရွားနေချိန်တွင် အခန်းထဲသို့ ရောက်ရှိလာပါက ခုတင်ပေါ်သို့တက်၍ ပန်းနုရောင်ဂွမ်းစောင်ထူထူကြီးကို ခြုံလွှမ်းကာ နှစ်မြိုက်စွာအိပ်စက်ကြမည်သာဖြစ်သည်။

သို့သော် ယခုမူကား ခုတင်ထက်၌အိပ်စက်မည့်သူမရှိပါချေ။

ဤသို့ဆိုလျှင် ထိုအခန်းထဲ၌ လူသူတစ်စုံတစ်ယောက်မျှ မရှိ၍လော။ မဟုတ်ပါချေ။

သက်ရှိထင်ရှား လူနှစ်ယောက်တိတိ ရှိနေလေ၏။ မိန်းကလေးနှစ်ယောက်ဖြစ်သည်။

အတိအကျဆိုရလျှင် အလွန်ချောမောသော မိန်းကလေးနှစ်ယောက်ဖြစ်သည်။

မိန်းကလေးတစ်ယောက်၏ခန္ဓာကိုယ်ပေါ်တွင် ပိုးသားဝတ်စုံအဖြူရောင်ကို ဝတ်ဆင်ထား၏။ သူမ၏မျက်နှာပေါ်တွင် ပြင်ဆင်ခြယ်သမှုကင်းမဲ့လျက်ရှိ၏။

သို့သော် မျက်ခုံးမွေးအစုံက ကွေးကွေးကလေးရှိနေပြီး မျက်ဝန်းအစုံက ဝိုင်းစက်၍ ကော့ညွှတ်မည်းနက်ရှည်လျားသော



မျက်တောင်မွေးများဖြင့် ကာရံထား၏။

ပါးပြင်နှစ်ဖက်မှာ ပန်းနုရောင်သွေးပြေးလျက်ရှိပြီး နှုတ်ခမ်းအစုံက နှင်းဆီပန်းငုံတစ်ပွင့်ကဲ့သို့ ဖူးဖူးရွရွနှင့် နီထွေးနေလေသည်။

မည်သူမဆို ဤမိန်းကလေးအား တစ်ကြိမ်တွေ့မြင်သည်နှင့် တစ်သက်တာမမေ့မရအောင် စွဲလမ်းသွားမည်သာဖြစ်သည်။

ကျန်မိန်းကလေးတစ်ယောက်ကမူ ကျောက်စိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး မျက်ခုံးပေါ်တွင် ဆေးရောင်စုံခြယ်သထားလေသည်။

ကျောက်စိမ်းရောင်ပိုးပျော့ဝတ်စုံအောက်မှ သူမ၏ခန္ဓာကိုယ်သည် တင်းရင်းဖွံ့ဖြိုးလွန်းသဖြင့် ရှိုက်ကြီးဖိုငယ် အသွယ်သွယ်က ရှန်းကြွထွက်ပေါ်လျက်ရှိ၏။

ယင်းကြောင့် ပုရိသလုလင်ပျိုများသာ သူမအားတွေ့မြင်မိလျှင် ရင်ထဲ၌ ပြင်းပြင်းထန်ထန်လှုပ်ရှားလာကာ ရမ္မက်၏ဆန္ဒများ နိုးထလာကြမည်သာဖြစ်ပေသည်။

သူမတို့နှစ်ယောက်သည် စားပွဲတစ်လုံးအနီး၌ မျက်နှာချင်းဆိုင် ထိုင်နေကြလေသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုခြင်း မရှိဘဲ ကျောက်ရုပ်များပမာ မလှုပ်မယှက်ထိုင်နေကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး တိတ်ဆိတ်မှုက ကြီးစိုးလျက်ရှိသည်။

ရုတ်တရက် အဝေးဆီမှ အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာလေသည်။

'တုံ တုံ တုံ'

ညဥ့်သုံးချက်တီးပြီဖြစ်သည်။

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်လေသည်။

"ညီမလေး ချူးအော့လျှံ ... ညဥ့်နက်လှပြီ အိပ်ပါတော့လားကွယ်"

သူမ၏အသံမှာ ပျော့ပျောင်း၍ ချိုလွင်လှပေသည်။ သို့သော် သူမ၏မျက်ဝန်းအစုံမှာမူ အေးစက်စက်နိုင်လှ၏။

ချူးအော့လျှံက သူမအား ဖြည်းညင်းစွာ မော့ကြည့်ရင်း ခေါင်းကို အသာအယာခါယမ်းလိုက်သည်။

"ကျွန်မ မအိပ်ချင်သေးပါဘူး မမ စန့်ကွမ်းချူးမေရယ် ... ကျေးဇူးပြုပြီး ကျွန်မကို မအိပ်ခိုင်းပါနဲ့"

"ခက်တာပဲ ... မမက အိပ်ချင်နေပြီ"

စန့်ကွမ်းချူးမေက ခပ်ညည်းညည်းရေရွတ်လိုက်၏။

ချူးအော့လျှံက သူမအား အားတုံ့အားနာဖြင့် ကြည့်လိုက်ပြီး ...



"ဒါဆိုရင် ... မမပဲ သွားအိပ်ပါတော့"

စန့်ကွမ်းချူးမေက မချိပြုံး ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ခက်တာပဲ ... မမကို သူဘာပြောခဲ့တယ်ဆိုတာ ညည်းကြားမှာပါ"

ချူးအော့လျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကြားပါတယ်၊ သူက မမကို ကျွန်မအပေါ် ဂရုစိုက်ဖို့ မှာသွားပါတယ်"

စန့်ကွမ်းချူးမေ ရယ်မောလိုက်သည်။ မျက်ဝန်း၌မူ မျက်ရည်များဖြင့် ရစ်ဝဲနေ၏။

"ဟင်း ဟင်း ဟင်း ... ဒီစကားကို ညီမလေးကြားတယ်ဆိုရင် ညီမလေးမအိပ်ဘဲ မမ ဘယ်လိုမှ စိတ်ချလက်ချ အိပ်လို့မရဘူးဆိုတာ သဘောပေါက်သင့်ပါတယ်"

သူမက ပခုံးတစ်ချက်တွန့်လိုက်သည်။

"တကယ်လို့ မမ အိပ်ပျော်သွားတုန်း ညီမလေးသာ ထွက်ပြေးသွားမယ်ဆိုရင် မနက်ဖြန်မနက်မှာ မျက်နှာသစ်ဖို့ မမရဲ့ခေါင်းရှိမှာ မဟုတ်တော့ဘူး"

ချူးအော့လျှံက မချိပြုံး ပြုံးလိုက်သည်။

"စိတ်ချပါ ... ကျွန်မ ဘယ်ကိုမှ ထွက်မပြေးနိုင်ပါဘူး"

စန့်ကွမ်းချူးမေက သူမအား စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးပြောတဲ့အမိပ္ပာယ်က မင်းသားလေးကောင်းကန်းရဲ့လက်ထဲက ဘယ်မှ ထွက်မပြေးဘူးဆိုတဲ့ သဘောလား"

"ဟုတ်ပါတယ်"

စန္ဒကူမ်းချိုးမေသည် ချူးအောင်လှုံ၏မျက်နှာပေါ်တွင် ထူးခြားသောအမူအရာများကို တွေ့မြင်လိုက်ရ၏။ ထို့ကြောင့် လွန်စွာစိတ်ဝင်စားလာမိလေသည်။

"ညီမလေး"

ချူးအောင်လှုံက မော့ကြည့်လိုက်သည်။

"ပြောပါ မမ"

စန္ဒကူမ်းချိုးမေက သူမအား တိုးညင်းသော လေသံဖြင့် မေးလိုက်သည်။

"ညီမလေးက မင်းသားလေးကောင်းကန်းလက်ထဲက ထွက်မပြေးဘူးဆိုတာ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်"

ချူးအောင်လှုံ၏ ကိုယ်ခန္ဓာမှာ တစ်ချက်တုန်ခါသွား၏။

စန္ဒကူမ်းချိုးမေက ကျေနပ်အားရဟန်ဖြင့် ပြုံးလိုက်သည်။

"ဘယ်လိုလဲ ... မမပြောတာ ဟုတ်တယ် မဟုတ်လား"

ချူးအောင်လှုံ ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး"

မည်သို့ပင်ဖြစ်စေ စန္ဒကူမ်းချိုးမေသည် ချူးအောင်လှုံနှင့်



မင်းသားလေးကောင်းကန်းကြားတွင် တစ်စုံတစ်ခုသော လျှို့ဝှက်ချက်ရှိနေပြီဟု နားလည်မိလေသည်။

မည်သည့်လျှို့ဝှက်ချက်ဖြစ်မည်နည်း။ မိမိ၏ ကုလားထိုင်ကို ချူးအောင်လှုံအနီးသို့ ပို၍တိုးကပ်လိုက်ပြီး ...

"ညီမလေး မင်းနဲ့ မင်းသားလေးကောင်းရဲ့ကြားမှာ ဘယ်လို လျှို့ဝှက်ချက်ရှိနေသလဲ၊ မမကိုပြောပြရင် မမက အတတ်နိုင်ဆုံး ကူညီမှာပေါ့"

ချူးအောင်လှုံက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"မမ ... တကယ်ပြောတာလားဟင်"

စန္ဒကူမ်းချိုးမေက ခေါင်းညိတ်လိုက်သည်။

ချူးအောင်လှုံ၏မျက်နှာပေါ်တွင် ဝမ်းသာအားရဖြစ်သွားသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

သို့သော် ရုတ်ခြည်းပင် မျက်နှာတစ်ခုလုံးညှိုးကာ ခေါင်းငုံ့သွား၏။

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ မမကိုယ်တိုင်က သူ့ရဲ့ဩဇာကို မလွန်ဆန်နိုင်တာဘဲ၊ ကျွန်မကို ဘယ်လိုလုပ်ပြီး ကူညီနိုင်မှာလဲ"

စန္ဒကူမ်းချိုးမေက မချိုပြုံး ပြုံးလိုက်သည်။

"မမက သူ့ဩဇာကိုမလွန်ဆန်နိုင်တာ သူ့ကိုကြောက်လို့ မဟုတ်ပါဘူး၊ သူ စိတ်ထိခိုက်သွားမှာကို စိုးရိမ်လို့ပါ၊ ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးနဲ့ပတ်သက်လာရင် မမက သူ့ဩဇာကို လွန်ဆန်သင့်ရင် လွန်ဆန်ရမှာပေါ့"

ချူးအေ့ာလှံ့ အနည်းငယ် စဉ်းစားလိုက်သည်။ ခဏကြာမှ ဆတ်ခနဲ ခေါင်းညိတ်ကာ

"ကျွန်မနားလည်ပြီ။ မမက တခြားကိစ္စမှန်သမျှ သူ့ရဲ့ ဩဇာကို တစ်သဝေမတိမ်းနာခံမယ်၊ ဒါပေမဲ့ ကျွန်မကို သူ ကြိုးကိုင်ထားတဲ့လျှို့ဝှက်ချက်ကိုသိရင် အဖွမ်းကုန် ကူညီမယ်ပေါ့"

သူမက စကားဆက်လိုက်ပြန်သည်။

"ဒါဟာ ... အမှန်တော့ ကျွန်မအပေါ် မေတ္တာရှိလို့မဟုတ်ပါဘူး၊ ကျွန်မက မင်းသားလေးကောင်းနဲ့ ကျွန်မဝေးသွားကြမယ်ဆိုရင် မမအတွက် သူနဲ့နီးစပ်ဖို့ ပိုအခွင့်အရေးရလာမယ်၊ သူ့ကိုပိုင်ဆိုင်ခွင့်ရဖို့လည်း အခွင့်အရေးသာမယ်လို့ ယုံကြည်ထားတာကြောင့် မဟုတ်လား"

စန့်ကွမ်းချူးမေက ရယ်မောလိုက်သည်။

"ဟင်း ဟင်း ဟင်း ဟင်း"

ရယ်သံသည် ဝမ်းနည်းကြေကွဲမှုများဖြင့် ရောယှက်နေ၏။

"အေ့ာလှံ့ ... ငါ ညည်းကိုလျှော့တွက်ထားမိတယ်၊ ဒါပေမဲ့ ... ညည်းဟာ တကယ်ဉာဏ်ကောင်းတဲ့ မိန်းကလေးဆိုတာ ငါ နားလည်ပါပြီ"



သူမသည် ခေါင်းညိတ်ပြီး စကားဆက်လိုက်၏။

"ဟုတ်တယ် ... မင်းသားလေးကောင်းရဲ့အနားက ညည်းဖယ်ခွာသွားမယ်ဆိုရင် သူ့ကို ကျုပ်ပိုင်ဆိုင်ဖို့မျှော်လင့်ချက် ရှိနိုင်တယ်၊ ဒါကြောင့် ညည်းရဲ့အခက်အခဲကို ဖြေရှင်းပေးရင်း တစ်ဖက်က မင်းသားလေးကောင်းနဲ့ နီးစပ်ဖို့ ကြိုးစားရမယ်လို့ ဆုံးဖြတ်ထားတယ်"

ချူးအေ့ာလှံ့က သူမအား ပြုံး၍ ကြည့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ... ကျွန်မရဲ့ အခက်အခဲကိုသာ ဖြေရှင်းပေးနိုင်ရင် မမကို တကယ်ကျေးဇူးတင်မှာပါ"

စန့်ကွမ်းချူးမေ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ညည်းနဲ့သူ့ရဲ့ကြားမှာ လျှို့ဝှက်ချက်ကို ပြောပြပါ"

ချူးအေ့ာလှံ့က သက်ပြင်းချလိုက်သည်။

"အင်း ... အမှန်တော့ ကျွန်မနဲ့သူနဲ့ကြားမှာရှိတာက လျှို့ဝှက်ချက်ဆိုတာထက် ဝှက်ဖဲလို့ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်"

စန့်ကွမ်းချူးမေ မျက်မှောင်ကြုတ်သွားသည်။

"ဝှက်ဖဲတစ်ချက် ... ဟုတ်လား"

"ဟုတ်ပါတယ်"

စန့်ကွမ်းချူးမေ ပို၍စိတ်ဝင်စားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသားလေးကောင်းရဲ့အမိန့်ကို အဲဒီဗုက်ဖဲတစ်ချပ်ကြောင့် ညည်းက နာခံနေရတာပေါ့ ဟုတ်လား"

ချူးအောင်လျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"အဲဒီဗုက်ဖဲက"

ချူးအောင်လျှံ မချိုပြုံး ပြုံးလိုက်သည်။

"လူတစ်ယောက်ပါ"

"ဘယ်သူလဲ"

"ချူးဝေယွမ်ပါ"

စန့်ကွမ်းချုံးမေ အနည်းငယ်စဉ်းစားလိုက်သည်။

"နေပါဦး ... ချူးဝေယွမ်ဆိုတာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ လိပ်ပြာခြွေဓား ချူးဝေယွမ်ကို ပြောတာလား"

ချူးအောင်လျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ချူးဝေယွမ်က ကျွန်မရဲ့အဖေပါ"

ထိုစကားကြောင့် စန့်ကွမ်းချုံးမေမှာ ထခုန်မိတတ်ဖြစ်သွားလေသည်။

"ချူးဝေယွမ်က ညည်းရဲ့အဖေ ... ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"



စန့်ကွမ်းချုံးမေက ချူးအောင်လျှံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး မယုံကြည်နိုင်ဟန်ဖြင့်

"ဒါနဲ့ မင်းသားလေးကောင်း ညည်းကို ယင်ချွန်ရဲဆီကို ခေါ်လာတုန်းက မိဘမဲ့မိန်းကလေးဆို"

ချူးအောင်လျှံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... သူက ကျွန်မကို မိဘမဲ့မိန်းကလေးတစ်ယောက်အဖြစ် မမရဲ့စောင့်ရှောက်မှုကိုခံယူစေပြီး ဒီ ယင်ချွန်ရဲဂေဟာကို ပို့ထားတာပါ"

စန့်ကွမ်းချုံးမေမှာ နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

"သူက ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ချူးအောင်လျှံက မချိုပြုံး ပြုံးလိုက်သည်။

"သူက ကျွန်မကို အစ်ကို ကျန်းကျုံးရှန့်နဲ့ နီးစပ်စေချင်လို့ပါ"

စန့်ကွမ်းချုံးမေ မျက်လုံးပြူးသွားလေသည်။

"ဟင် ... ကျန်းကျုံးရှန့်က ညည်းနဲ့ ငယ်သူငယ်ချင်းတွေ မဟုတ်လား"

ချူးအောင်လျှံ သက်ပြင်းတစ်ချက်ချရင်း ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဒါဖြင့် ညည်းနဲ့ ကျန်းကျုံးရှန့်တို့က ဘယ်လိုရင်းနှီးခဲ့ကြတာလဲ"

ချူးအော့လျှံက အဝေးသို့ မျှော်ကြည့်လိုက်သည်။

သူမ၏မျက်ဝန်းအစုံတွင် ကျန်းကျုံးရှန့်နှင့် စတင်ရင်းနှီးခင်မင်ခဲ့သည့်နေ့တစ်နေ့ကို ပြန်လည်မြင်ယောင်လာမိလေသည်။

"သူနဲ့ ကျွန်မ ရင်းနှီးခဲ့ကြတာကတော့ ..."

*



အရှေ့မိုးကုပ်စက်ဝိုင်းဆီ၌ အရုဏ်ဦးရောင်ခြည် ယှက်သမ်းသည်နှင့် ပီကင်းမြို့တော်မှာ လွန်လူးနိုးထစပြုလာပြီဖြစ်သည်။

မနက်မိုးသောက်အရုဏ်တွင် လုပ်ငန်းခွင်သို့ဝင်ရန် ဟန်ပြင်နေကြသူများ၊ တစ်နေ့တာအရောင်းအဝယ်အတွက် ဖွင့်လှစ်ရောင်းချတော့မည့် ဈေးဆိုင်များ၊ ခရီးထွက်ရန်ဟန်ပြင်နေကြသော အာမခံဌာနမှ မြင်းလှည်းတန်းများစသည်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

အထူးသဖြင့် ပီကင်းမြို့တော်၏ဈေးတန်းသည် ကြက်ပျံမကျ စည်ကားနေလေ့ရှိ၏။

ဈေးဝယ်လာသော မိန်းကလေးတစ်ယောက်သည် ဈေးခြင်းတောင်းတစ်လုံးကို လက်တွင်ချိတ်လျက် ဈေးထဲမှ ထွက်လာ၏။

ဈေးသည်များ၊ ဈေးဝယ်များနှင့် လမ်းဘေးလက်ဖက်ရည်ဆိုင်များထဲမှ မျက်လုံးပေါင်းများစွာတို့သည် ထိုမိန်းကလေးထံသို့ စုပြုံရောက်ရှိသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လှုပ်ရှားမှုမှန်သမျှ တညီတညွတ်တည်း ရပ်တန့်သွားကြ၏။

သူတို့၏နှလုံးခုန်သံများပင် ရပ်တန့်သွားကြလေသလားဟု ထင်မှတ်ရ၏။

သူတို့၏ တစ်သက်တာတွင် ယခုကဲ့သို့ လှပချောမောသည့် မိန်းကလေးမျိုးကို တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ခဲ့ဖူးခြင်းမရှိသောကြောင့်ပင်။

သို့သော် အပြာရောင်ဝတ်စုနှင့်လူရွယ်ကမူ ထိုမိန်းကလေးအားမြင်တွေ့ဟန်မရှိချေ။ သူသည် ခြေလှမ်းကျဲကျဲဖြင့် လမ်းချိုးကလေးထဲမှ ကွေ့ထွက်လာ၏။

ယင်းအခိုက်အတန့်မှာပင် မိန်းကလေးကလည်း ဈေးခြင်းတောင်းအား မနိုင်မနင်းဖြင့်သယ်မကာ လမ်းချိုးကလေးထိပ်သို့ရောက်ရှိလာ၏။

'ဘုတ်'

'ဝုန်း'

အပြာရောင်ဝတ်ဆင်ထားသောလူရွယ်နှင့် ဝင်တိုက်မိပြီး မိန်းကလေးမှာ လဲပြိုကျသွားလေ၏။

သူမ၏လက်ထဲမှ ဈေးခြင်းတောင်းလည်း မြေပေါ်သို့ပြုတ်ကျ၍ ခြင်းထောင်းထဲမှ ပစ္စည်းများ လွင့်စဉ်ပြန့်ကြဲကုန်လေသည်။



အပြာရောင်ဝတ်စုံနှင့်လူရွယ်သည် အားတုံ့အားနာဖြစ်သွားပြီး ...

"ဟာ ... မတော်တဆတိုက်မိတာ ခွင့်လွှတ်ပါဗျာ"

ပျာပျာသလဲတောင်းပန်ရင်း မြေပြင်ပေါ် လွင့်စဉ်ကျကုန်သော ပစ္စည်းများကို ကောက်ယူ၍ ဈေးခြင်းတောင်းထဲသို့ထည့်ကာ မိန်းကလေး၏လက်ထဲသို့ လှမ်းပေးလိုက်သည်။

မိန်းကလေးက ဈေးခြင်းတောင်းကို လှမ်းယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

သူမ၏အသံသည် ချိုလွင်သာယာပြီး စိတ်ချမ်းမြေ့ဖွယ်ရာကောင်းလှ၏။

အပြာရောင်ဝတ်စုံနှင့်လူရွယ်မှာ သူမ၏အလှကြောင့် ရင်ထဲတစ်ချက်လှုပ်ရှားသွားကာ ငေးကြောင်ကြည့်နေမိသည်။

မိန်းကလေး၏မျက်ဝန်းအစုံသည် ဝိုင်းစက်၍ မျက်တောင်များကော့ညွတ်နေ၏။

မျက်ခုံးမွေးအစုံက ကွေးကွေးကလေးရှိနေပြီး ပါးနှစ်ဖက်မှာ ပန်းနုရောင်သွေးပြေးလျက်ရှိသည်။

ထို့ပြင် နှုတ်ခမ်းကလေးများကလည်း နီနီထွေးထွေးဖြင့် ဖူးငုံလျက်ရှိပြီး အလွန်ချောမောလှပသည့် မိန်းကလေးဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က သူမ၏အလှအား ကြက်သေသေကာ မျက်တောင်မခတ်ငေးကြည့်နေမိသလို မိန်းကလေးကလည်း သူ၏ယောကျ်ားပီသသော မျက်နှာအား ငေးငိုင်ကာကြည့်နေမိလေသည်။

ယင်းတဒင်္ဂအချိန်ကလေးအတွင်း၌ သူတို့သည် ကမ္ဘာလောကတစ်ခုလုံးကိုလည်းကောင်း၊ ဝန်းကျင်လောကတစ်ခုလုံးကိုလည်းကောင်း ခေတ္တခဏ မေ့လျော့သွားကြလေတော့၏။

✲



အပြာရောင်ဝတ်ဆင်ထားသော လူရွယ်နှင့် မိန်းကလေးတို့သည် တစ်ယောက်ကိုတစ်ယောက် ငေးငိုင်ကာ ကြည့်နေကြသည်။

မည်မျှအချိန်ကြာသွားမှန်း မသိ။

မိန်းကလေးသည် ရုတ်တရက် သတိပြန်ဝင်လာ၏။ မျက်နှာကလေးလည်း ရှက်သွေးဖြန်းကာ နီရဲသွားလေသည်။

သူမသည် ဈေးခြင်းတောင်းကို ကောက်ကိုင်ကာ ကမန်းကတန်းထရပ်လိုက်၏။

"အား"

မျက်နှာကလေးရှုံ့မဲ့သွားကာ ပြန်လည်ထိုင်ချလိုက်ရလေသည်။ လူရွယ်လည်း ယခုမှ သတိပြန်ဝင်လာပြီး ...

"ဟင် ... ဘာဖြစ်လို့လဲ ဘာဖြစ်သွားလို့လဲ"

ပျာပျာသလဲ မေးလိုက်၏။

မိန်းကလေးက ခေါင်းငုံ့ထားပြီး တိုးတိတ်ညင်သာသော လေသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... ကျွန်မရဲ့ခြေထောက် သိပ်နာတယ်"

လူရွယ်သည် သူမ၏ခြေထောက်ကို စိုးရိမ်တကြီး ငုံ့ကြည့်လိုက်သည်။

"မင်း မင်းခြေထောက် သိပ်နာနေလား၊ သိပ်နာနေရင် လမ်းလျှောက်လို့ကော ဖြစ်ပါ့မလား"

မိန်းကလေးသည် ခေါင်းငုံ့နေရာမှ ဖြည်းညင်းစွာ မော့လိုက်ပြီး ...

"ရပါတယ် ... ကျွန်မ ဖြည်းဖြည်းလျှောက်သွားပါ့မယ်"

ပြောပြီး ဈေးခြင်းတောင်းကလေးကို မနိုင့်တနိုင်မကာ ရပ်လိုက်၏။ ထို့နောက် ထော့နင်းထော့နင်းဖြင့်လျှောက်သွားလေသည်။

လူရွယ်သည် သူမ၏နောက်ကျောပြင်ကို ငေးမောရင်း ကျန်ရစ်ခဲ့၏။

မိန်းကလေးသည် မနီးမဝေးသို့ရောက်ရှိသောအခါ ထော့နင်း ထော့နင်း လျှောက်နေရာမှ ခြေလှမ်းကိုရပ်တန့်ကာ လှည့်ကြည့်လိုက်သည်။

"ဒီ ဒီမှာရှင့် ... ကျေးဇူးပြုပြီး ဒီဈေးခြင်းတောင်းကိုသယ်ပြီး ကျွန်မကို လိုက်ပို့ပေးပါလားရှင်"

သူမ၏အသံက တုန်ခါနေသည်။ နာကျင်သောဝေဒနာကို အောင့်အည်းသည်းခံနေပုံရ၏။ လူရွယ်သည် သူမအနီးသို့ ခြေလှမ်း



သွက်သွက်ဖြင့် လျှောက်သွားပြီး သူမ၏လက်ထဲမှ ခြင်းတောင်းကို လွှဲပြောင်းယူလိုက်သည်။

"ခွင့်လွှတ်ပါ ... ကျုပ်ကြောင့် အခုလို မင်းခြေထောက်နာသွားတာကို တောင်းပန်ပါတယ်၊ ကျုပ်နာမည်က ကျန်းကျုံးရှန့်ပါ၊ ဒီက မိန်းကလေးနာမည်က"

မိန်းကလေးက သူ့အားမော့ကြည့်လိုက်သည်။

"ချူးအော့လျှံပါ"

"ဘယ်မှာနေတာလဲ"

ချူးအော့လျှံက သူ့အားရှုန်းလုံ့တောက်ပသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ရင်း မဝံ့မရဲဖြင့် တိုးတိုးပြောလိုက်၏။

"ယင် ချွန် ရဲ မှာပါ"

သူမ၏စကားကြောင့် ကျန်းကျုံးရှန့်မျာ မျက်နှာကိုကျာပွတ်နှင့် အရိုက်ခံလိုက်ရသလို စပ်ဖျဉ်းဖျဉ်းခံစားလိုက်ရသည်။

စိတ်မချမ်းမြေ့ဟန်ဖြင့် မျက်နှာညိုးကျကာ ...

"မင်းရဲ့အလှဟာ အင်မတန်ဖြူစင်ပြီး အထက်တန်းကျလှပါတယ်၊ အဲဒီလိုမိန်းကလေးတစ်ယောက်က ယင်ချွန်ရဲနဲ့ပတ်သက်နေလိမ့်မယ်လို့ တကယ့်ကို မထင်မိခဲ့ဘူး"

ချူးအော့လျှံမျက်နှာတစ်ခုလုံး နီရဲသွားလေသည်။ ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မဟုတ်ဘူး ... ကျွန်မက ယင်ချွန်ရဲ့ ဆိုပေမယ့် ရှင်ထင်သလိုမဟုတ်ဘူး၊ အမှန်တော့ ကျွန်မက မိဘမဲ့မိန်းကလေး တစ်ယောက်မို့လို့ မမစန္ဒကွမ်းချုံးမေက ခေါ်ပြီးစောင့်ရှောက်ထား တာပါ"

ပျာပျာသလဲပင် ရှင်းပြလိုက်သည်။

ကျန်းကျုံးရှန့်က ချူးအော့လျှံကို စိုက်ကြည့်လိုက်၏။

သူမ၏မျက်နှာပေါ်တွင် ရိုးသား၍အပြစ်ကင်းစင်သော ဟန်မူရာက အထင်းသားပေါ်လွင်နေသည်။

"အင်း ... မင်းပြောသလိုဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့ မှာပဲ"

ချူးအော့လျှံ၏ မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ရစ်ဝဲ လာလေသည်။ ရှက်ရွံ့ခြင်း၊ နာကျင်ခြင်းစသည့် ဝေဒနာများကို တစ် ပြိုင်တည်း ခံစားလိုက်မိသည် မဟုတ်ပါလော။

"ရှင်ရဲ့စကားက ကျွန်မအပေါ် သံသယဖြစ်နေသလိုပဲ၊ ကဲ ပါရှင် ... ကျွန်မကို လိုက်မပို့ပါနဲ့တော့"

ပြောပြီး ဈေးခြင်းတောင်းကို လှမ်းယူကာ ခြေလှမ်းသွက် သွက်ဖြင့် လှမ်းထွက်သွားလေတော့သည်။

*



ကျန်းကျုံးရှန့်သည် ငေးငိုင်ရပ်နေမိသည်။

သူသည် ချူးအော့လျှံ ဝေးကွာပျောက်ကွယ်သွားသည် အထိ တုတ်တုတ်မျှမလှုပ်ဘဲ ရပ်နေမိလေသည်။

လူတစ်ယောက်က သူ၏မျက်လုံးရှေ့သို့ လက်ဝါးဖြင့် ကာရံ ထားလိုက်သည့်အခါမှ သတိပြန်ဝင်လာ၏။

ထိုလူအားကြည့်လိုက်ရာ လောက်ဖုဖြစ်နေသည်ကို တွေ့ မြင်လိုက်ရ၏။

လောက်ဖုက သူ့အားပြုံးစိစိဖြင့်ကြည့်ကာ ...

"ဌာနမှူးကျန်းက ဘယ်ဆိုးလို့တုံး ... တကယ်ကောင်းတဲ့ လူပဲ"

ကျန်းကျုံးရှန့်သည် မိန်းကလေးတစ်ယောက်အား ငေးမော နေမိသည့်အဖြစ်ကို ရှက်ရွံ့သွားမိလေသည်။

"နေပါဦး ... ကျုပ်က ဘာကိုကံကောင်းတာလဲ"

"ဝိကင်းမြို့ရဲ့ အလှဘုရင်မ ချူးအော့လျှံနဲ့ ဆုံတွေ့ခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com



လို့ပေါ့"

ကျန်းကျုံးရှန့်မချီပြီး ပြုံးလိုက်သည်။

"ဟုတ်တယ် ... သူ တကယ်လှတဲ့ မိန်းကလေးပါ၊ ဒါပေမဲ့ ယင်ချွန်ရဲကလို့ ပြောတယ်"

လောင်ဖုက ခေါင်းခါရင်း ...

"ယင်ချွန်ရဲကဆိုပေမယ့် သွားအထင်မသေးနဲ့နော်၊ သူဟာ မိဘဆွေမျိုးမရှိတော့လို့ စန့်ကွမ်းချုံးမေရဲ့ စောင့်ရှောက်မှုကို ခံယူနေတာကလွဲရင် ဘယ်ယောကျ်ားမှ အနားကိုသီခွင့်ရှိတာ မဟုတ်ဘူး"

ကျန်းကျုံးရှန့်၏မျက်နှာ တစ်ချက် ဝင်းလက်သွားလေသည်။ လောက်ဖု၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ...

"ဒါ တကယ်ပဲလားဟင်"

"မယုံရင် ယင်ချွန်ရဲဂေဟာကို သွားကြည့်ပေါ့"

ကျန်းကျုံးရှန့် ဝမ်းသာသွားသည်။

"ကျုပ် သွားမယ်"

"အဲ ... တစ်ခုတော့ရှိတယ်နော်"

ကျန်းကျုံးရှန့် မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ"

လောင်ဖုက သူ့အားစိုက်ကြည့်လိုက်ပြီး ...



"အင်း ... တော်ကြာ လူတွေက ဌာနမှူးကို ယင်ချွန်ရဲသွားတာ တွေ့ရင် အထင်သေးပြီး ပြစ်တင်ရှုတ်ချကြမှာ စိုးရိမ်ရတယ်"

ကျန်းကျုံးရှန့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ယင်ချွန်ရဲဂေဟာကို သွားဖြစ်အောင်သွားရတော့မှာပဲ"

ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

လောက်ဖုမှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့၏။

ယောကျ်ားပီသပြီး ဂုဏ်သိက္ခာကိုအလေးထားသည့် ကျန်းကျုံးရှန့်သည် ချူးအော့လျှံဆိုသည့်မိန်းမလှလေးကြောင့် ဂုဏ်သိက္ခာကိုကျော်ခိုင်းကာ ယင်ချွန်ရဲဂေဟာသို့သွားမည်ဆိုခြင်းသည် လွန်စွာ အံ့ဩဖွယ်ရာကောင်းနေသည် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## အပေးအယူ

ချူးအောင့်လျှံသည် စကားကိုအဆုံးသတ်ကာ စန့်ကွမ်းချူးမေအား ကြည့်လိုက်သည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်လျှံနေ၏။

စန့်ကွမ်းချူးမေက သူမအားစိုက်ကြည့်လျက်ရှိသည်။ ဤတစ်ကြိမ်တွင် သူမ၏မျက်ဝန်းအစုံ၌ အေးစက်စက်ဟန်မူရာများ ပျောက်ကွယ်ကာ နူးညံ့ခြင်း၊ ကြင်နာခြင်း၊ ကရုဏာသက်ခြင်းစသည့် ဟန်မူရာများ ပေါ်လွင်နေလေသည်။

"အင်း ... ကျန်းကျုံးရှန့်ဟာ ရုပ်ရည်ချောမောခန့်ညားပြီး သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ဓားနှစ်လက်ထဲက တစ်လက်ပါ၊ သူ့ရဲ့တည်ကြည်မှုနဲ့ ဂုဏ်သိက္ခာကြောင့် ပီကင်းမြို့တော်ရဲ့ သူဌေးသူကြွယ် မင်းစိုးရာဇာအသိုင်းအဝိုင်းက သမီးရှင်တွေ ကိုယ်တိုင်တောင် မျက်စိကျခဲ့ကြတယ်"



စန့်ကွမ်းချူးမေသည် သက်ပြင်းချရင်း စကားဆက်လိုက်၏။

"ဒါပေမဲ့ သူက သူ့ရဲ့ဂုဏ်သိက္ခာနဲ့ ကျော်ကြားမှုကို လျစ်လျူရှုပြီး ညီမလေးအောင့်လျှံဆီကိုရောက်အောင် လာခဲ့တယ်၊ ဒါကြောင့် ညီမလေးအပေါ်ထားတဲ့ သူ့ရဲ့မေတ္တာတရားနဲ့ သံယောဇဉ်ကို တန်ဖိုးထားသင့်ပါတယ်"

ချူးအောင့်လျှံ၏ မျက်ဝန်းအစုံမှ မျက်ရည်များစီးဆင်းကျလာလေသည်။

"ဟုတ်ပါတယ် မမ ... ကျွန်မနဲ့ သူ့ရဲ့တွေ့ဆုံမှုဟာ သိပ်ပြီး အချိန်မကြာခဲ့ပေမယ့် မေတ္တာတရားနဲ့ သံယောဇဉ်က တန်ဖိုးကြီးမားလှပါတယ်၊ ဒါကို မင်းသားလေးကောင်း သိအောင် ပြောပေးပါလားဟင်"

စန့်ကွမ်းချူးမေက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ... မမ ကြိုးစားပြီး ပြောပေးပါ့မယ်"

သူမသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ချူးအောင့်လျှံအား ကြည့်လိုက်သည်။

"ဒါနဲ့ အောင့်လျှံ ညီမလေးရဲ့အဖေ ချူးဝေယွမ်က အခု ဘယ်မှာလဲ"

ချူးအောင့်လျှံ၏မျက်နှာတစ်ခုလုံး ညှိုးနွမ်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို မင်းသားလေးကောင်းက ထင်းရှူးတောင်ကုန်းမှာ ခေါ်ထားပါတယ်"

စန္ဒကွမ်းချူးမေ မျက်မှောင်ကြုတ်သွားသည်။

"ညီမလေးအဖေက ချုပ်နှောင်ခံနေရတာလား"

"ဟင့်အင်း … ချုပ်နှောင်ခံနေရတာ မဟုတ်ပါဘူး"

"ဒါဖြင့် ညီမလေးကို ဘာလို့လာမတွေ့ရတာလဲ၊ တကယ်ဆိုရင် ညီမလေးကို ဒီလိုနေရာမျိုးမှာ စိတ်ချလက်ချ မထားသင့်ဘူး"

ချူးအော့လျှံ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသောဟန်မူရာများ ပေါ်လွင်နေသည်။

"ဖေဖေက ကျွန်မကို ဒီလိုနေရာမျိုးမှာ ဘယ်ထားချင့်ပါ့မလဲရှင်၊ မင်းသားလေးကောင်းကို ထိတ်လန့်နေလို့သာ အခုလို နေရတာပါ"

စန္ဒကွမ်းချူးမေက ခေါင်းခါယမ်းလိုက်သည်။

"ဘယ်မိဘမဆို ကိုယ့်သားသမီးကို ယင်ချွန်ရဲလိုနေရာမျိုးကို ပို့ထားမယ်ဆိုရင် လက်ခံကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ညီမလေးရဲ့ ဖေဖေက လက်ခံခဲ့ပြီး အခုလို လာမတွေ့တာဟာ မင်းသားလေးကောင်းကို ထိတ်လန့်နေလို့ဆိုတာ မမ ယုံကြည်ပါတယ်၊ ဒါပေမဲ့ အဲ့ဒီလောက် ထိတ်လန့်အောင် မင်းသားလေးကောင်းက ညီမ



လေးအဖေကို ဘယ်လိုထိန်းချုပ်ထားသလဲ"

ချူးအော့လျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

ယင်းနောက် အေးစက်သောစကားသံထွက်ပေါ်လာလေသည်။

"ဖေဖေက ကောင်းအမျိုးအနွယ်ရဲ့ မူပိုင်တီထွင်ထားတဲ့ အရိုးဆွေးအဆိပ်ကို သောက်သုံးထားမိပါတယ်"

စန္ဒကွမ်းချူးမေ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"အရိုးဆွေးအဆိပ် … ဟုတ်လား"

ချူးအော့လျှံခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် … မင်းသားလေးကောင်းက ဖြေဆေးကို တစ်လတစ်ကြိမ်သောက်စေပြီး ဖေဖေ့ကိုချုပ်ကိုင်ထားခဲ့တာပါ"

စန္ဒကွမ်းချူးမေ အံ့ဩတုန်လှုပ်သွားသည်။

"အရိုးဆွေးအဆိပ်ဆိုတာ ဖြေဆေးသောက်ဖို့ အချိန်တစ်မိနစ်လောက်နောက်ကျသွားရင်တောင် အသက်အန္တရာယ်ကို ထိခိုက်စေတဲ့အဆိပ်ပါ"

စန္ဒကွမ်းချူးမေသည် ယခုမှ မင်းသားလေးကောင်းက ချူးအော့လျှံ ကျွက်ပြေးသွားမည်ကိုသော်လည်းကောင်း၊ မိမိကိုယ်ကို အဆုံးစီရင်သွားမည်ကိုလည်းကောင်း၊ စိုးရိမ်ကြောင့်ကြမဖြစ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



နားလည်သဘောပေါက်သွားလေသည်။

သူမသည် ချူးအေ့လျှံအား မင်းသားလေးကောင်း၏ လောင်းရိပ်အောက်မှ လွတ်မြောက်နိုင်ရန် ကူညီဖို့ ဆုံးဖြတ်လိုက်၏။

ယင်းကြောင့် ချူးအေ့လျှံ၏ ပခုံးကိုပုတ်လိုက်ပြီး ...

"အေ့လျှံ ... ညီမ ဟန်မပျက်နေပါ၊ ညီမအဖေ့အတွက် အဆိပ်ဖြေဆေးရနိုင်အောင် မမ အစွမ်းကုန်ကြိုးစားပေးမယ်"

ချူးအေ့လျှံ၏မျက်နှာကလေး ဝင်းလက်သွားကာ ...

"တကယ်လား မမ"

စန့်ကွမ်းချုံးမေပြုံးလိုက်သည်။

"စိတ်ချပါ ... မမက ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတတ်တဲ့ မိန်းကလေးပါ၊ ညီမကို ကျန်းကျုံးရှန့်နဲ့ကွဲကွာတာမျိုး မဖြစ်စေရသလို မမလည်း မင်းသားလေးကောင်းနဲ့ မခွဲခွာချင်ဘူး၊ ဒါကြောင့် ဒီကိစ္စကို အစွမ်းကုန်ကြိုးစားပါ့မယ်"

ချူးအေ့လျှံက ကမန်းကတန်းဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် မမရယ်"

စန့်ကွမ်းချုံးမေက ရုတ်တရက် မျက်နှာတစ်ခုလုံး တည်ကြည်သွားပြီး

"သြော် ... တစ်ခုတော့ရှိတယ် ညီမ၊ ဒီရက်အတွင်း မင်းသားလေးကောင်းလာခဲ့ရင် ဟန်မပျက်ပါစေနဲ့"



"စိတ်ချပါ မမရယ်"

သူမတို့နှစ်ဦး စကားအချီအချပြောနေစဉ်မှာပင် အဝေးဆီမှ အုန်းမောင်းသံလေးချက် ထွက်ပေါ်လာလေသည်။

'တုံ တုံ တုံ တုံ'

"အို ... အချိန်တောင် အတော်နှောင်းနေပြီပဲ၊ ကျွန်မကြောင့် မမ အိပ်ရေးပျက်ရပြီ အားနာလိုက်တာရှင်"

ချူးအေ့လျှံက အားတုံ့အားနာပြောလိုက်ရာ စန့်ကွမ်းချုံးမေကပြုံး၍

"ကိစ္စမရှိပါဘူး ... ဒီနေ့ဟာ မမအတွက် တကယ်ပျော်ရွှင်ရတဲ့ နေ့ပါ"

"ဟင် ... ဘာဖြစ်လို့လဲ"

စန့်ကွမ်းချုံးမေက ကျေနပ်ပျော်ရွှင်သောအပြုံးဖြင့်

"ဘာဖြစ်လို့လဲဆိုတော့ မမနဲ့ ညီမလေးတို့က ဆန္ဒချင်းဖလှယ်နိုင်ခဲ့ကြတယ်လေ၊ မမရဲ့ကြိုးစားမှုအောင်မြင်ခဲ့ရင် ညီမလေးတို့ ဒီနေရာက အမြန်ဆုံးဖယ်ခွာသွားကြမယ်ဆိုတာ နားလည်ထားလို့ပါ"

ချူးအေ့လျှံက သူမအား ကြင်နာကရုဏာသက်စွာ ကြည့်လိုက်ပြီး

"စိတ်ချပါ ... ကျွန်မက မမဆီက ဖေဖေ့အတွက် အဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြေဆေးရတာနဲ့တစ်ပြိုင်နက် ဒီနေ့ရာက အမြန်ဆုံးထွက်ပြေးမှာပါ”

“ကောင်းပြီ ... ဒီတစ်ညတော့ ညီမလေးက အိပ်ပျော်အောင် ကြိုးစားပါ၊ မမလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာပါ”

ချူးအော့လျှံက လှပစွာပြုံးလိုက်ပြီး ...

“ဒါဆို မမရဲ့အခန်းကို ပြန်အိပ်တော့နော်”

စန့်ကွမ်းချူးမေက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

“ကောင်းပါပြီ ... တစ်ခုတော့ရှိတယ်နော်”

“ပြောပါ မမ”

“မင်းသားလေးကောင်းရောက်လာခဲ့ရင် ညီမလေးက အခန်းမှာ နှစ်ယောက်အတူအိပ်တယ်လို့ ပြောပါ”

ချူးအော့လျှံကခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ ... ကျွန်မ နားလည်ပါတယ်”

ယင်းနောက် စန့်ကွမ်းချူးမေသည် ချူးအော့လျှံအားနှုတ်ဆက်ကာ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *



# အခန်း (၁၂)

## မေတ္တာမီးအိမ်

စန့်ကွမ်းချူးမေသည် ရှည်လျားသော စင်္ကြံလမ်းကလေးအတိုင်း မိမိ၏အခန်းဆီသို့ ဦးတည်လျှောက်လာခဲ့သည်။

စင်္ကြံလမ်းကလေးဆုံးသွားသောအခါ သူမသည် အခန်းတစ်ခုရှေ့၌ ခြေလှမ်းရပ်တန့်လိုက်၏။

သူမ၏ကျင့်သားရနေပြီဖြစ်သော လက်ကလေးက တံခါးလက်ကိုင်ကိုကောင်းစွာ စမ်းမိလိုက်လေသည်။

ထို့နောက် တံခါးကိုတွန်းဖွင့်လိုက်၏။ အခန်းတွင်း၌ အမှောင်ထုက ကြီးစိုးလျက်ရှိလေသည်။

စန့်ကွမ်းချူးမေသည် တံခါးကိုပိတ်၍ အမှောင်ထုထဲ၌ဖြည်းညင်းစွာ လျှောက်သွားရင်း ခုတင်အနီးသို့ ရောက်ရှိလာလေသည်။

ခုတင်အနီး၌ ခြေလှမ်းကိုရပ်တန့်လိုက်ပြီး ခုတင်ဘေးရှိ စားပွဲကို စမ်းသပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မီးခြစ် ခြစ်၍ စားပွဲပေါ်ရှိ မီးအိမ်ကို ထွန်းညှိလိုက်သည်။

ပြာလဲ့လဲ့မီးရောင်က အခန်းတစ်ခုလုံးသို့ ဖြာကျလာလေသည်။

မီးရောင်ကြောင့် ခုတင်ပေါ်တွင်လူတစ်ယောက်လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖဲသားအဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ဖြစ်သည်။

ထိုလူရွယ်သည်ဖြူဖွေးညီညာသော သွားတန်းကလေးများပေါ်အောင်ပြုံးလျက် စန္ဒကွမ်းချူးမေအား ကြည့်နေ၏။

သူ၏အပြုံးကို မည်သည့်မိန်းကလေးမဆို တွေ့မြင်လိုက်ရလျှင် ဝမ်းဆီထိသလို ရင်ထဲ၌ ချမ်းမြေ့ကြည်နူးသွားကြမည်သာဖြစ်သည်။

သို့သော် စန္ဒကွမ်းချူးမေကမူ ထိုလူရွယ်၏အပြုံးကို တွေ့မြင်လိုက်သည်နှင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

တစ်ကိုယ်လုံးလည်း တုန်ယင်လာမိလေ၏။ သူမသည် ပိုင်းစက်ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ရင်း ...

"မင်းသားလေးကောင်းကန်း"



ဟု လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

သို့သော် သူမ၏ရေရွတ်သံက လည်ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွားခဲ့ရလေသည်။

မင်းသားလေးကောင်းကန်းက သူမအား ပြုံး၍ကြည့်နေ ရာမှ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"ကွမ်းချူးမေ ... မင်းကိုစောင့်ရတာ တကယ်မလွယ်ပါဘူး"

စန္ဒကွမ်းချူးမေ၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူမ၏လှုပ်ရှားနေသောစိတ်ကို ကြိုးစား၍ ထိန်းချုပ်ကာ ပြုံးပြလိုက်သည်။

"ဟုတ် ဟုတ်လား ... ကျွန်မက အော့လျှံကို ဂရုစိုက်ပြီး စကားပြောနေရလို့ ရှင့်အတွက် တာဝန်ပေ့ါလျော့သွားတယ် ... ခွင့်လွှတ်ပါရှင်"

မင်းသားလေးကောင်းကန်းကပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး ... ဒါနဲ့ ချူးအော့လျှံကော အိပ်ပြီလား"

"ဟုတ်ကဲ့ ... သူအိပ်နေပါပြီ"

"ဟုတ်လား ... ဒါနဲ့ သူ ဘာပြောသေးလဲ"

စန္ဒကွမ်းချူးမေ ရင်ထိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာ ဘာမှမပြောပါဘူး"

မင်းသားလေးကောင်းကန်းက ပြုံးရင်း စန့်ကွမ်းချုံးမေအား စိုက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ ... ကျုပ်က ဒီအတိုင်း ထိုင်နေရမှာလား"

စန့်ကွမ်းချုံးမေ၏မျက်လုံးအစုံက ဝင်းလက်တောက်ပသွား၏။

မင်းသားလေးကောင်းကန်းက မိမိထံမှ ပြုစုယုယမှုကို ခံယူချင်၍ရောက်ရှိလာခြင်းဖြစ်ကြောင်း တွေးမိကာ စိတ်သက်သာရာရရှိသွားလေသည်။

သူမက ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"ကျွန် ကျွန်မက ရှင့်ကိုပြုစုခွင့်ရမယ့်နေ့ကို အမြဲတမ်းမျှော်လင့်ခဲ့ရတာပါ"

မင်းသားလေးကောင်းကန်း၏ နှုတ်ခမ်းများက ပြုံးယောင်သန်းလာ၏။ သူ၏သော် မျက်လုံးအစုံ၌မူ ရက်စက်ကြမ်းကြုတ်သောဟန်မူရာများ ပေါ်လွင်နေလေသည်။

"ကျုပ် သိနေတယ်"

"ရှင် သိတယ် ... ဟုတ်လား"

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်၏။

စန့်ကွမ်းချုံးမေ၏မျက်ဝန်းအစုံက ဝင်းလက်တောက်ပသွားလေသည်။



"ရှင်ဟာ ကျွန်မဘဝရဲ့ အမျှော်လင့်ရဆုံး ယောကျ်ားတစ်ယောက်ပါ"

ပြောရင်း မင်းသားလေးကောင်းကန်းဆီသို့ တစ်လှမ်းချင်းတိုးလာ၏။

တစ်ဆက်တည်းမှာပင် သူမ၏လက်ချောင်းကလေးများက သူမ၏ခန္ဓာကိုယ်ပေါ်မှ အကျီကြယ်သီးများကို စတင်ဖြုတ်နေလေသည်။

ယောကျ်ားများ၏မျက်လုံးများသည် ကမ္ဘာပေါ်ရှိ အရာများအားလုံးထဲ၌ မိန်းမတစ်ယောက်၏ခန္ဓာကိုယ်လောက် မက်မောတွယ်တာဖွယ်ရာမရှိပါချေ။

ယခု စန့်ကွမ်းချုံးမေ၏ ဝင်းမွတ်တင်းရင်းသော အသားစိုင်များအား ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်သည်။

ထူးခြားသည်မှာ မင်းသားလေးကောင်းကန်းက သူမ အားလုံးဝမကြည့်ခြင်းပင်ဖြစ်သည်။

သူ၏မျက်လုံးအစုံက စားပွဲပေါ်ရှိ အရက်အိုးကိုသာ စိုက်ကြည့်နေလေသည်။

စန့်ကွမ်းချုံးမေက သူ၏မျက်လုံးရောက်ရှိနေသောနေရာသို့လှည့်ကြည့်လိုက်ပြီး လှပစွာပြုံး၍ ခေါင်းတစ်ချက်ခါယမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အို ... ကျွန်မ တကယ်အတာပဲ၊ ရှင်က ဒီလိုအချိန်မျိုးမှာ အရက်ကို အရင်လိုအပ်တယ်ဆိုတာ ကျွန်မ မေ့နေမိတယ်"

ပြောရင်း စားပွဲဆီသို့ လှုပ်လီလှုပ်လဲ့ဖြင့် လျှောက်သွားသည်။

ထို့နောက် ခုတင်ဘေးရှိ စားပွဲပေါ်မှ အရက်အိုးကိုယူ၍ မင်းသားလေးကောင်းကန်းအား မြှောက်ပြလိုက်သည်။

မင်းသားလေးကောင်းကန်းက ပြုံး၍ ခေါင်းညိတ်လိုက်၏။

စန္ဒကွမ်းချုံးမေက ချစ်စဖွယ်ပြုံးပြီး စားပွဲပေါ်မှ ဖန်ခွက်ထဲသို့ အရက်ကိုငှဲ့ထည့်လိုက်သည်။

ယင်းနောက် သူမသည် အရက်ဖန်ခွက်ကိုကိုင်မြှောက်ကာ မင်းသားလေးထံ လျှောက်လာလေသည်။

မင်းသားလေးကောင်းကန်းက အရက်ခွက်ကို လှမ်းယူပြီး နှုတ်ခမ်းတွင်တေ့၍ သောက်ရန်ဟန်ပြင်လိုက်သည်။ သို့သော် မသောက်သေးဘဲ ဖန်ခွက်ကို နှုတ်ခမ်းပြန်ခွာကာ စန္ဒကွမ်းချုံးမေအားပြုံးပြလိုက်လေသည်။

"ကျုပ်တစ်ယောက်တည်း အရက်သောက်ရတာ ဘယ်မှာ အရသာရှိနိုင်မှာတဲ့လဲ"

စန္ဒကွမ်းချုံးမေက မျက်စောင်းလှလှလေးတစ်ချက် ထိုး



လိုက်သည်။ ယင်းနောက် စားပွဲပေါ်ရှိ ဖန်ခွက်အလွတ်ကိုလှမ်းယူကာ အရက်များ ငှဲ့ထည့်လိုက်လေသည်။

မင်းသားလေးကောင်းကန်းက ပြုံး၍အရက်ခွက်ကိုမြှောက်ပြလိုက်၏။ စန္ဒကွမ်းချုံးမေက ပြုံးလိုက်ပြီး ...

"ဒီနေ့ ကျွန်မဆီကို ရှင်ရောက်လာတဲ့အတွက် ကျွန်မအဖို့ အပျော်ဆုံးနေ့ပါပဲ"

ပြောပြီး သူမ၏လက်ထဲမှ အရက်ခွက်ကို မင်းသားလေးကောင်းကန်း၏ လက်ထဲမှ အရက်ခွက်နှင့်ထိလိုက်သည်။

ထို့နောက် အရက်ခွက်ကိုနှုတ်ခမ်းတွင်တေ့ကာ မော့ချလိုက်လေ၏။

မင်းသားလေးကောင်းကန်းကမူ အရက်ကိုမော့သောက်ခြင်းမပြုဘဲ နှုတ်ခမ်းတွင်တေ့ကာ စန္ဒကွမ်းချုံးမေ အရက်သောက်သည်ကို ကြည့်နေ၏။

စန္ဒကွမ်းချုံးမေက လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်တင်ကာ မင်းသားလေးကောင်းကန်းထံသို့ လျှောက်လာသည်။

မင်းသားလေးကောင်းကန်း၏လက်ထဲမှ အရက်ခွက်ကို တွေ့မြင်လိုက်သည့်အခါ သူမ အံ့ဩသွားသည်။

"ဟင် ... ရှင် ဘာဖြစ်လို့ မသောက်သေးတာလဲ"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။ အလွန်

www.burmeseclassic.com

လျှို့ဝှက်သောအပြုံးမျိုးဖြစ်သည်။

"ကျုပ် စဉ်းစားနေတာပါ"

"ဟင်း ဟင်း ဟင်း ... ရှင်က ဘာတွေစဉ်းစားနေတာလဲ"

မင်းသားလေးကောင်းကန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။ ထို့နောက် အရက်ဖန်ခွက်ကိုမြှောက်၍ လှည့်ပတ်ကြည့်ရင်း

"အင်း ... ဒီအရက်ထဲမှာ အဆိပ်ပါနေမလားဆိုတာ စဉ်းစားနေတာပါ"

စန္ဒကူမ်းချိုးမေက ခန္ဓာကိုယ်လှုပ်ခါသွားအောင် ရယ်မောလိုက်သည်။

"ခစ် ခစ် ခစ် ... ကျွန်မအခန်းထဲက အရက်မှန်သမျှ အဆိပ်မရှိပါဘူး ... ရှင်ယုံပါ"

မင်းသားလေးကောင်းကန်းက မျက်ခုံးပင့်ကာ ...

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်ရှင် ... ဘာလဲ ရှင်က ကျွန်မကို မယုံလို့လား"

မင်းသားလေးကောင်းကန်းသည် အလွန်လျှို့ဝှက်ပြီး ကြောက်စရာကောင်းသောအပြုံးဖြင့် ပြုံးကာ ...

"ဘာပဲဖြစ်ဖြစ် ကျုပ်က စမ်းသပ်ကြည့်ချင်တယ်"

"ဆိုပါဦး ... ရှင်က ဘယ်လို စမ်းသပ်ချင်လို့လဲ"

မင်းသားလေးကောင်းကန်းက ဘာမျှပြန်မပြောပါ။ အရက်ခွက်ထဲမှ အရက်များကို ကြမ်းပြင်ပေါ်သို့ လောင်းချလိုက်လေသည်။



'ရှဲ'

အရက်လောင်းချလိုက်သော ကြမ်းပြင်သည် ရုတ်တရက် မီးတောက်တစ်ခုထွက်လာပြီး တစ်ခဏအကြာတွင် ပြန်လည်ငြိမ်းသွား၏။

အရက်လောင်းချလိုက်သော ကြမ်းပြင်သည် အပေါက်တစ်ပေါက်ဖြစ်လာကာ အမြှုပ်ဖုလေးများဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

စန္ဒကူမ်းချိုးမေ မျက်နှာပျက်သွား၏။

မင်းသားလေးကောင်းကန်းအား ထိတ်လန့်တုန်လှုပ်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

ယင်းအချိန်မှာပင် သူမ၏ ရင်ဘတ်၊ ဝမ်းဗိုက်နေရာတို့တွင် မီးစနှင့်အထိုးခံလိုက်ရသည့်အလား မခံမရပ်နိုင်အောင် ပြင်းပြင်းထန်ထန် ခံစားလာရတော့၏။ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားကာ ...

"ရှင် ... ရှင် ရက်စက်လှချည်လား ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ကောက်ကျစ်စဉ်းလဲပြီး ကြောက်စရာကောင်းသော အပြုံးများ မင်းသားလေးကောင်းကန်း၏မျက်နှာ၌ ထင်ဟပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ချုးအော့လျှံကို ဘဝတစ်သက်တာရဲ့ လက်တွဲဖော်အဖြစ် မျှော်လင့်ခဲ့တယ်၊ ဒါကို မင်းကသိလျက်နဲ့ မျှော်လင့်ချက်ကင်းမဲ့တဲ့ဘဝမျိုးရောက်အောင် ဖန်တီးချင်နေတယ် မဟုတ်လား"

စန္ဒကွမ်းချုံးမေ ထိတ်လန့်သွားသည်။

သူမသည် မင်းသားလေးကောင်းကန်းက မိမိနှင့် ချုံးအော့လျှံတို့ ပြောဆိုနေကြသောစကားများကို ကြားသွားပြီဟု နားလည်လိုက်လေသည်။

"ဒါ ဒါဆိုရင် ရှင်က ထင်းရှူးတောင်ကုန်းကို မပြန်ဘူးပေါ့ ဟုတ်လား"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။

"ကျုပ် ပြန်သွားခဲ့ပါတယ်၊ ဒါပေမဲ့ လမ်းခရီးတစ်ဝက်လောက်ရောက်တော့ အော့လျှံအတွက် စိတ်ပူမိတယ်၊ သူသိပ်ငိုနေရင် နေမကောင်းဖြစ်မှာကိုစိုးမိတယ်၊ နောက်ပြီး သူ့အဖေအတွက် ထည့်မစဉ်းစားတော့ဘဲ ကျန်းကျုံးရှန့်ဆီကို ထွက်ပြေးသွားမှာကို ကြောက်လာမိတယ်"

သူက ပခုံးတစ်ချက်တွန့်ကာ စကားဆက်လိုက်သည်။

"ဒါကြောင့် ကျုပ် သူ့ကိုပြန်လာချောင်းတာပါ၊ ဒီမှာတင် မင်းက ကျုပ်ကိုသစ္စာဖောက်တော့မယ်ဆိုတာသိလို့ မင်းရဲ့အခန်းထဲပြန်လာပြီး အရက်အိုးထဲမှာ အဆိပ်ထည့်ထားလိုက်တာပဲ"



စန္ဒကွမ်းချုံးမေက မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်လာသည်။

"ကျွန် ... ကျွန်မ မှားပါတယ်၊ အမှန်တော့ ရှင့်အပေါ်မှာ သစ္စာဖောက်ချင်လို့ မဟုတ်ပါဘူး ရှင့်အပေါ် ချစ်ခဲ့မိတဲ့ မေတ္တာတရားကြောင့် အခုလို ကြံစည်မိတာပါ"

မင်းသားလေးကောင်းကန်းက ပြုံးလိုက်သည်။

"ဒါကို ကျုပ် နားလည်ပါတယ်"

ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားနေရသော စန္ဒကွမ်းချုံးမေ၏မျက်နှာတွင် မျှော်လင့်ချက်ရောင်ခြည်များ ယှက်ဖြာလာ၏။

မင်းသားလေးကောင်းကန်းရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ...

"ရှင် ... ရှင် ဒါကို နားလည်တယ်ဆိုရင် ကျွန်မကို အဆိပ်ဖြေဆေးပေးပါရှင်"

မင်းသားလေးကောင်းကန်းက သူမအား စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... မင်းကြည့်ရတာ စိတ်မသက်သာစရာပဲ၊ ဒါပေမဲ့ မင်း ကြာကြာ မခံစားရပါဘူး"

သူကပြောပြီး အရက်ခွက်ကို စားပွဲပေါ်သို့ လှမ်းတင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကာ မတ်တတ်ရပ်လိုက်သည်။

စန္ဒကွမ်းချိုးမေ၏ခန္ဓာကိုယ်တစ်ခုလုံး ကဆတ်ဆတ်တုန်ယင်လာ၏။

မင်းသားလေးကောင်းကန်း၏ခြေထောက်နှစ်ဖက်ကို ဖက်တွယ်ထားလိုက်ပြီး ထိတ်လန့်တုန်လှုပ်သောမျက်နှာဖြင့် ...

"မင်း မင်းသားလေးကောင်း ... ကျွန်မကို ကျေးဇူးပြုပြီး အဆိပ်ဖြေဆေးပေးပါရှင်"

မင်းသားလေးကောင်းကန်းက သူမအား ငုံ့ကြည့်လိုက်၏။

"ဝမ်းနည်းပါတယ် ... ဒီလောကပေါ်မှာ မင်းကိုချန်ထားရင် ကျုပ်ရဲ့အကြံအစည်တွေ အနှေးနဲ့အမြန်ပျက်စီးသွားမှာ သေချာတယ်၊ ဒါကြောင့် မင်းရဲ့တောင်းဆိုမှုကို မလိုက်လျောနိုင်တာ ခွင့်လွှတ်ပါ"

စန္ဒကွမ်းချိုးမေ၏နဖူးပေါ် ချွေးသီးချွေးပေါက်များသည် ဆီးသီးလုံးခန့် ကြီးမားလာလေသည်။

ပြင်းပြင်းထန်ထန် ခံစားနေရသည့်ဝေဒနာကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ပဆတ်ဆတ်တုန်ခါကာ မျက်လုံးများပြူးကျယ်လာ၏။

ထိုအချိန်တွင်မင်းသားလေးကောင်းကန်းသည်ခြေထောက်ကို စန္ဒကွမ်းချိုးမေ၏လက်ထဲမှ ရုန်းထွက်ကာ တံခါးဝသို့ဖြည်းညင်းစွာ လျှောက်သွားလေသည်။

BURMESE CLASSIC .com



စန္ဒကွမ်းချိုးမေက အံကိုတင်းတင်းကြိတ်လိုက်၏။

မင်းသားလေးကောင်းကန်းအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး

"မင်းသားလေးကောင်းရှင် ...ရှင့်အပေါ် ကျွန်မက မေတ္တာတရားကြီးမားတာကလွဲရင် သစ္စာဖောက်ဖို့ မရည်ရွယ်ဘူး၊ ဒါကို မိုးမြေသိတယ်၊ ဒါ ဒါပေမဲ့ ရှင်က ကျွန်မရဲ့မေတ္တာကို ဥပေက္ခာပြုတယ်"

မင်းသားလေးကောင်းကန်းက သူမအား မကြည့်ပါ။ တစ်လှမ်းချင်း လှမ်း၍ အခန်းဝဆီသို့ လျှောက်သွားလေသည်။

"အဲ ... ဒီအတွက်တစ်နေ့မှာ နှလုံးသားရဲ့ ပြစ်ဒဏ်ခတ်မှုကို ရှင် ခံ ခံစားရလိမ့်မယ်"

မင်းသားလေးကောင်းကန်း၏ခြေလှမ်းအစုံ ရပ်တန့်သွားကာ ချာခနဲ လှည့်ကြည့်လိုက်သည်။

ယင်းအချိန်မှာပင် စန္ဒကွမ်းချိုးမေ၏ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားလေသည်။ ခန္ဓာကိုယ်တစ်ချက်မျှ တွန့်လိမ်ပြီးနောက် ငြိမ်သက်သွားလေသည်။

မင်းသားလေးကောင်းကန်းက သူမအား စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံတွင် ကရုဏာသက်သည့်ဟန်မူရာများ ယှက်တင်လာသော်လည်း ရုတ်ခြည်းပင် ကွယ်ပျောက်သွားကာ ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

ယင်းနောက် အခန်းတံခါးကိုဆွဲဖွင့်ကာ ထွက်ခွာသွားလေတော့သတည်း။

* * *

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com